mgyoe.com


# သိန်းဖေမြင့်

## အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ



၁၉၆၉ ပထမအကြိမ်ထုတ်မှုအား ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



# သိန်းဖေမြင့်

## အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ

ISBN 9789997112163
TPM9
9 789997 112163
4,000.00KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၉ အောင်သူရိယစာပေတိုက်ထုတ် ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀ ကျပ်

အဏ္ဏဝါခရီးသည်နှင့်ပုလဲဒေဝီ
သိန်းဖေမြင့်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၃၄၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) အဏ္ဏဝါခရီးသည်နှင့်ပုလဲဒေဝီ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ

သိန်းဖေမြင့်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| အခန်းစဉ် | အခန်းအမည် | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| ၁။ | သဘော်ဒါယိကာတွေ့ခြင်း | ၁ |
| ၂။ | သုတေသီအဖော်စုခြင်း | ၆ |
| ၃။ | အောင်သဘော်ထွက်ပြီ | ၁၃ |
| ၄။ | ကမ်းဦးရေတိမ်ပိုင်း | ၁၉ |
| ၅။ | အသက်၏အစ | ၂၄ |
| ၆။ | ရာသီဥတုကလည်း ကောင်း စက်ကလည်းမှန် | ၂၉ |
| ၇။ | ကျွန်းများနာမည်ပေးခြင်း | ၃၉ |
| ၈။ | ပင်လယ်နှင့်မိုးလေဝသ | ၄၇ |
| ၉။ | သူရိယ | ၅၆ |
| ၁၀။ | စန္ဒာကျွန်း | ၇၀ |
| ၁၁။ | ကျွန်းစန္ဒာနှင့်သဲသောင်ယံ | ၇၈ |
| ၁၂။ | ကံကောင်းလို့မသေ သံချောင်းတို့အဖေ | ၈၆ |
| ၁၃။ | ခရုစေတီ | ၉၈ |
| ၁၄။ | မျက်စိလည်လမ်းမှားသူများ | ၁၀၇ |
| ၁၅။ | ရုက္ခလောကနှင့် ဖိုမသဘာဝ | ၁၁၇ |
| ၁၆။ | လူ့လောကနှင့် ဖိုမသဘာဝ | ၁၂၂ |


mgyoe.com

mgyoe.com


၁၇။ သင်္ကြာကျွန်း ၁၂၉

၁၈။ မောင်သန့်စင်၏အစွဲအလမ်း ၁၃၈

၁၉။ ရေပြာအိုင်မှရေသူမ ၁၄၅

၂၀။ တစ်ခုသောရူပါရုံ၏ ဖမ်းစားခြင်း ၁၅၂

၂၁။ ကျောက်ဖျာပေါ်မှ သားသည်အမေ ၁၅၉

၂၂။ ဝက်သားပေါ်လိုက်ကြခြင်း ၁၆၆

၂၃။ ဘရဏီကျွန်း ၁၇၂

၂၄။ ကောင်းကင်ရာသီစက်ဝိုင်း ၁၈၁

၂၅။ သံမင်းကျွန်း ၁၉၀

၂၆။ သူရဲကောင်းများနှင့်တွေ့ဆုံခြင်း ၁၉၆

၂၇။ ရေထဲမှပိုးစုန်းကြူးများ ၂၀၅

၂၈။ ပုလဲဒေဝီတွေ့ရမည် ၂၁၁

၂၉။ သခင်မျိုးဟော့တို့ဗမာ ၂၂၅

၃၀။ သူတို့ကတော့ဝမ်းသာကြ ၂၃၁

၃၁။ ပလာတူး၊ မြကလေးနှင့် သစ်ကတိုး ၂၄၀

၃၂။ မောင်သန့်စင်၏ ထူးထွေဆန်းပြားသော
တုံ့ပြန်ချက်များ ၂၅၀

၃၃။ မိုနာလီဇာနှင့် ဗီးနပ်စ် ၂၆၃

၃၄။ ရှုသာကျွန်း ၂၆၉

၃၅။ ဆလုံမကြီးနှင့်အုပ်စု ၂၇၇

၃၆။ အုန်းခြံမှာဆုံကြလည် ၂၈၉

၃၇။ ပုလဲအော်မှဆရာကတော် ၂၉၈

၃၈။ နေရစ်တော့ပုလဲဒေဝီ ၃၀၈

၃၉။ မောင်သန့်စင်၏ရှေ့ရေး ၃၂၃

၄၀။ အဏ္ဏဝါသုတေသနခရီးစဉ် များစွာအောင်မြင်ခြင်း ၃၃၁

၄၁။ ပုလဲဒေဝီနှင့်အမြဲရှိနေမည် ၃၃၈


❑

mgyoe.com

mgyoe.com

# နိဒါန်း

## ခရီးသည်ဝတ္ထု

ကျွန်တော် ယခုရေးမည့် ဝတ္ထုကိုခရီးသည်ဝတ္ထုဟု ခေါ်မည်ဆိုက ခေါ်နိုင်ပါလိမ့်မည်။

အကြောင်းမူကား –

ကျွန်တော်သည် မကြာခဏ ခရီးသွားသည်။ သွားသည်နှင့်အမျှ ခရီးသွားမှတ်တမ်းများ ရေးလေ့ရှိသည်။ ခရီးသွားမှတ်တမ်းများကို ရေးရာ၌ ရုံးအစီရင်ခံစာသဖွယ် ရေးခြင်းမဟုတ်၊ ရသစာမြောက်အောင် ဉာဏ်စွမ်းရှိသမျှထုတ်၍ ရေးခြင်းဖြစ်ပေသည်။

၁၉၅၄ ခုနှစ်၊ ဧပြီလတွင်းက မြိတ်နှင့် မြိတ်ကျွန်းစုသို့ ပထမဆုံးအကြိမ် ရောက်ခဲ့သည်။ ထို့နောက် သွေးသောက်မဂ္ဂဇင်းတွင် "မြိတ်ကမာခွံကြားမှ ပုလဲ" ဟူသော အခန်းဆက်ဆောင်းပါးကြီးတစ်စောင်ကို ရေးခဲ့သည်။ (ပုဂံမှ ၁၉၆၄ ခုနှစ်တွင် ထုတ်သော "ပြည်သူ့ကြားမှာ အမှန်ရှာ"တွင်လည်း ပါသည်။

ထိုစဉ်က အင်္ဂလိပ်လို ဆယ်လိုအိုင်လင်ဟုခေါ်သော စခန်းသစ်ကျွန်းသို့ရောက်ခဲ့ရာ ကျွန်းပေါင်း ၈၀၀ ကျော်ရှိသော မြိတ်ကျွန်းစုနှင့်

mgyoe.com

mgyoe.com



ပတ်သက်ပြီး ဝတ္ထုတစ်ပုဒ်ရေးရန် အောက်ပါအတိုင်း အကြံပေါ်ခဲ့လေသည်။

"ကျွန်တော်တို့သွားကြသောလမ်းမှာ မြိတ်တောင်ဖက်ရှိ ကျွန်းများ၏ အတွင်းလမ်းဖြစ်သဖြင့် အပြင်မှာလောက် လှိုင်းမကြီးပေ။ ရေမှာလည်း အပြင်မှာလို မည်းနက်မနေဘဲ ခပ်စိမ်းစိမ်းဖြစ်၏။ ရေမျက်နှာပြင်မှာ ထိုးထွက်နေသော တောင်များပင် ဖြစ်သည့်ကျွန်းများမှာ မှိုင်းမှိုင်းညို့ညို့နှင့် ကြည့်လို့ ကောင်းလှ၏။ သည်နားတစ်ဝိုက်တွင် အကြီးဆုံးမှာ အင်္ဂလိပ်လို ကင်းဂ်အိုင် လင်းခေါ်သော ကတန်ကျွန်းကြီးဖြစ်၏။ ကျွန်တော်တို့သည် ကတန်ကျွန်း တောင်ဖက်လွန်၍ သွားကြရသည်။ ရေပြည့်အော်ကျွန်း၊ တောင်ပြားကြီး၊ တောင်ပြားငယ်ကျွန်း၊ ဘိနပ်ကျွန်း၊ လင်မလိုကျွန်း၊ ပန်းဇင်ကျွန်းစသည်များမှာ ကျွန်တော်တို့လမ်းကြောင်းနှင့်နီးသည်။ စာရေးဆရာကုသ ဂျပန်ခေတ်တစ်လျှောက်လုံး နေသွားသည်ဆိုသော ကျွန်းကို လှမ်းကြည့်လိုက် ရသည်။ ဒိုမေကျွန်း၊ ဒုံးကျွန်း၊ ကက်ဆယ်လ်ရင်းကျွန်း၊ ပါဝယ်လ်ကျွန်း စသည်များကိုလည်း မိုးကုပ်စက်ဝိုင်းတွင် မှိုင်းမှိုင်းညို့ညို့ တွေ့ရသည်။ ဒုံးကျွန်းဆိုသည်မှာ အတော်ကြီးဟန်ရှိ၏။ မြန်မာများမနေကရင်များသာ နေကြသည်ဟုသိရသည်။ ဟိုအဝေးကြီးတွင် ရေးရေးကလေးသာ မြင်ရသော ကျွန်းများလည်းရှိသေး၏။ ဘေးကလူများအားလည်း ကောင်း၊ ပဲ့နင်းကြီး အားလည်းကောင်း မေးရာ နာမည်မေးမရ၊ ဘယ်သူတွေ နေသည်ဟုလည်း မသိကြ။ လိမ့်၍လိမ့်၍ သွားနေသော လှိုင်းလုံးကြီးများသာ သူတို့ကမ်းခြေကို ပုတ်ခတ်နေပေမည်။ လူသားတို့ကား သူတို့ကမ်းခြေတွင် ခြေမှ ချဖူးကြပါမည်လော။ ကုသအား 'မနုဿသားကောင်' ရေးအောင် လှုံ့ဆော်သော ပတ်ဝန်းကျင်ပေတည်း။ ကျွန်တော့်အားလည်း "ရွှေ"ဇာတ်ညွှန်းရေးစေခဲ့သော ပတ်ဝန်းကျင်ဖြစ်၏။ ကျွန်တော်က မရောက်ဖူးဘဲ ကြားဖူးရုံဖြင့် မှန်းရေးထားခဲ့သည်။ ယခုရောက်ဖူးတော့ "ရွှေ"ကို ဝတ္ထုအဖြစ် ရေးလိုလာပေ၏။ သို့သော် ကြာရှည်စွာနေထိုင်လေ့လာပြီးမှ ရေးဖို့ကောင်းပေသည်။ 'ရွှေ'တွင် ရွှေရှာဖွေရင်း မြိတ်ကျွန်းစု၏ ဘူမိဗေဒကို လေ့လာသော ပရော်ဖက်ဆာသည် ပျောက်ဆုံးနေသော ရှေးယဉ် ကျေးမှုနှင့် လူမျိုးစုတစ်စုအား တွေ့ဆုံပြီး ဖြစ်ပျက်ကြပုံကို စိတ်ကူးရေးသားထားပေသည်။

mgyoe.com

mgyoe.com


"မနုဿသားကောင်တွင် ကုသသည် ဂုဏ်သရေရှိ မုဆိုးကြီးတစ်ယောက်၊ ကျွန်းတစ်ကျွန်းတွင်နေပြီး သားရဲတိရစ္ဆာန်ကို အမဲလိုက်ရတာ ငြီးငွေ့လာပြီး လူသားကိုမှ သားကောင်လုပ်ပြီး အမဲလိုက်ပုံ ရေးသားထားလေသည်။ ဤကျွန်းများတွင်နေခဲ့ဖူးသဖြင့်သာ ဤမျှရေးနိုင်ခြင်း ဖြစ်ပေသည်။

(ပြည်သူအကြားမှာ အမှန်ရှာ ၂၀၂–၂၀၃)

၁၉၅၄–ခုနှစ်ကတည်းက မြိတ်ကျွန်းစုနှင့် ပတ်သက်ပြီး ဝတ္ထုတစ်ပုဒ်ရေးလိုသော ဆန္ဒဖြစ်ခဲ့သော်လည်း ၁၉၆၈–ခုနှစ်ကုန်သည်အထိ မရေးဖြစ်ခဲ့ချေ။

၁၉၆၇–ခုနှစ် နိုဝင်ဘာလတွင်းက မြိတ်သို့ရောက်စဉ် တွေ့ကြုံရသော အဖြစ်အပျက်ကလေးတစ်ခုကလည်း ထိုဆန္ဒကို နှိုးဆွခဲ့ပြန်သေးသည်။

ထိုတစ်ခေါက် မြိတ်သို့ရောက်ရခြင်းမှာ စာဆိုတော်နေ့ အခမ်းအနားကို တက်ရန်ဖြစ်လေသည်။ တစ်နေ့သော် စာဆိုတော်နေ့ ကျင်းပရေးကော်မတီလူကြီးများဖြစ်သော ဦးတင်အောင်၊ ဦးမြင့်ဆွေ၊ ဦးစိုးမြင့် စသူတို့နှင့်အတူ ကမ်းနားလမ်းတွင် လမ်းလျှောက်ကြသည်။ ငါးလှေတွေဆိုက်နေသဖြင့် ငါးဈေးကိုသွားကြည့်ကြသည်။ ဈေးသူဈေးသားများ အပါအဝင် မြိတ်သားတို့သည် ငါးလှေများဆိုက်ရာ ကမ်းစပ်မှဆီးပြီး ငါးသား၊ ပုစွန်စသည်များကို ဝယ်ကြသည်။ ပင်လယ်ငါး အမျိုးမျိုး၊ ပုစွန်၊ ကဏန်း၊ ငါးကင်းမွန်၊ ကမာကောင်၊ မုတ်ကောင်၊ ဘဝဲကောင်၊ ခရု၊ ခရင်း၊ မျှော့စသည်ဖြင့် ပင်လယ်သတ္တဝါမျိုးစုံကို တွေ့ရလေသည်။

ငါးလှေများထဲတွင် ဆလုံလှေ အများအပြား ပါ‌ေ~သည်။ ကမ်းတွင် ဆိုက်ထားသော ဆလုံလှေများအနက် ကျွန်တော်သည် လှေတစ်စီးကို အထူးသတိထားပြီး ကြည့်နေမိလေသည်။ ဦးတင်အောင်တို့ကား ငါးဈေးတွင်ငေးမောနေကြလေသည်။

ထိုဆလုံလှေမှာ အလျားပေ ၂၀–တစ်ဝိုက်တွင်ရှိပြီး ဗြက်မှာအကျယ်ဆုံးနေရာတွင် ၄–ပေမျှရှိပေလိမ့်မည်။ ရေစူး ၂–ပေထက်နည်းဟန်မရှိ၊ ရွက်တိုင်ပါသော်လည်း ရွက်မထူသေးချေ။ ထိုလှေသည် အစောကြီးကပင်

mgyoe.com

mgyoe.com


ပါလာသမျှ ငါးသား၊ ပုစွန်တို့ကို ရောင်းချပြီးဖြစ်ဟန်ရှိသည်။ ဘာမျှအစအန မတွေ့ရတော့ချေ။ ပြန်ထွက်ရန်ပင် ပြင်ဆင်ထားဟန်ရှိ၏။ မြိတ်ဈေးမှ သူတို့ လိုချင်သော ကုန်ပစ္စည်းများကိုဝယ်ပြီး တင်ထားသည်။ ဆလုံလူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက်သည် အထုပ်အပိုးများကို နေရာချထားပြီး တစ်ယောက်ယောက်ကို ထိုင်စောင့်နေကြသည်။ ခဏကြာတော့ ဆလုံ လုံမငယ်တစ်ယောက် သူတို့လှေပေါ်သို့ တက်လာသည်။ သူ့လက်ထဲမှာ ဆွဲခြင်းတစ်ခုပါ၏။ အပေါ်က ဂုန်နီအိတ်ကိုခေါက်ပြီး ဖုံးထားသည်။ သူသည် ဆွဲခြင်းကို လှေဝမ်းဗိုက်ထဲချထားပြီးမှ တခြားနေရာသို့ ရွှေ့လိုက်သောအခါ ဂုန်နီအိတ်က ဘေးကျသွားလေသည်။ ထိုတခဏ၌ ကျွန်တော်သည် ဆွဲခြင်း တောင်းထဲ၌ မြဝတီမဂ္ဂဇင်းတစ်အုပ်ကို တွေ့မြင်လိုက်ရလေသည်။ မြဝတီ မဂ္ဂဇင်းအောက်၌ပါသော စာအုပ်များနှင့်အခြားပစ္စည်းများမှာ ဘာဖြစ်သည်ကို ကျွန်တော်မမြင်လိုက်ရချေ။ ထိုဆလုံ လုံမငယ်သည် ချက်ချင်းပင် ဂုန်နီအိတ် ကိုခေါက်၍ ခြင်းတောင်းကိုဖုံးလိုက်ပြန်လေသည်။ ကျွန်တော့်မှာ အံ့သြငေး မောနေမိ၏။ ကျွန်တော်နှင့် ပါလာသော မိတ်ဆွေများကိုပင် ကျွန်တော် ဘာမြင်သည်ကို ပြောမပြမိခဲ့၊ သူတို့ကား ငါးသား၊ ပုစွန် အရောင်းအဝယ် တွင်သာ စိတ်ဝင်စားနေကြဆဲဖြစ်သဖြင့် ကျွန်တော်မြင်လိုက်သည်ကို မမြင်လိုက်ကြရချေ။ ယနေ့အထိလည်း ကျွန်တော် သူတို့ကိုပြောမပြမိခဲ့။ လူ ၃–ယောက်စုံသည်ဆိုလျှင် ဆလုံလှေသည် ထွက်သွားလေတော့သည်။ ဆလုံ လုံမငယ်နှင့် မြဝတီမဂ္ဂဇင်း အံ့သြဖွယ်ရာရှုခင်းပါ။

ထိုရှုခင်းကြောင့် ကျွန်တော်သည် ဟိုအတွေးသည်တွေးဖြစ်နေလေ သည်။

ဤဆလုံ လုံမငယ်သည် မြန်မာစာတတ်၍ မြဝတီမဂ္ဂဇင်းကိုဖတ် နေလေသလော။

သွင်ပြင်လက္ခဏာမှာ ဘာစာမျှတတ်သည့် လက္ခဏာမရှိ၊ ခေတ်မမီ အောက်ကျ နောက်ကျဖြစ်သော လက္ခဏာသွင်ပြင်တို့သာ အပြည့်ရှိ၏။ သူတို့နေသောကျွန်းမှ မြိတ်သားတစ်ယောက်လောက်က မှာလိုက်သော ကြောင့် မြဝတီမဂ္ဂဇင်းကို ဝယ်သွားခြင်းဖြစ်လေသလော၊ သို့သော် သူတို့နေသော ကျွန်းများတွင် မြိတ်သားသော်လည်းကောင်း၊ ထားဝယ်သား

mgyoe.com

mgyoe.com


သော်လည်းကောင်း နေသည်ဟု မကြားဖူးချေ။ ကရင်၊ ပသျှူးနှင့် ဆလုံများ သာနေသည်ဟု သိရသည်။

ဖြစ်နိုင်သည်ကတော့ မြန်မာစာဖတ်သော ကရင်မိတ်ဆွေတစ်ဦးဦးက ဝယ်ခဲ့ရန်မှာခြင်းပင်။ သို့သော် ဆလုံတစ်ဦးဦးသည် ဦးအုန်းညွန့်၏ စာအုပ်ဆိုင်၌လည်းကောင်း၊ အခြားစာအုပ်ဆိုင်တစ်ဆိုင်၌လည်းကောင်း စာအုပ်ဝယ်သည်ဟု စုံစမ်းမရခဲ့ချေ။

ထိုကိစ္စမှနေပြီး ဆလုံများနှင့်ပတ်သက်၍ ကျွန်တော်၏ စိတ်ကူးဉာဏ်သည် အတောမသတ် ကွန့်မြူးနေပြန်၏။

၁၉၅၄–ခုနှစ်ကရေးခဲ့သော "မြိတ်၊ ကမာခွံကြားမှပုလဲ" ဆောင်းပါးတွင် ဆလုံများနှင့် ပတ်သက်၍ ကျွန်တော်သည် အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

"ဆလုံလူမျိုးစုကို အနောက်နိုင်ငံ ပညာရှိအချို့က ပင်လယ်ဂျစ်ပ်ဆီဟု ခေါ်ခဲ့ကြသည်။ အိမ်ခြေရပ်ရွာ မတည်ထောင်ဘဲ ပင်လယ်ပြင်မှာ "ရေကြည်ရာမြက်နုရာ" ရွှေ့ပြောင်းနေသော လူမျိုးစုတစ်စုအဖြစ်နှင့် ဖော်ပြခဲ့ကြသည်။

မြိတ်ရောက်၍ အချို့လူများနှင့် ဆလုံအကြောင်းကို ပြောကြရာ မြိတ်သားတို့ သီချင်းဆိုသောအခါ မြန်မာသီချင်းသံကို ပီသစွာဆိုသလို၊ ဆလုံတို့သည် သီချင်းဆိုသောအခါ မွန်သီချင်းကို ပီသစွာဆိုကြသည်ဟု သိရလေသည်။

ဆလုံတို့သည် ယဉ်ကျေးမှုလမ်းစဉ်မှာ တိုးတက်နေခဲ့ရာမှ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ရိုင်းခြင်းသို့ ဆုတ်ယုတ်သွားခဲ့ရသော သူများပေလော။

လူအပါအဝင်ဖြစ်သော သက်ရှိသတ္တဝါတို့၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်(ဝါ) ဖြစ်စဉ်သမိုင်းတွင် အချို့သတ္တဝါတို့သည် အစဉ်တစိုက် တိုးတက်နေရာမှ ရာသီဥတုပထဝီနှင့် အခြားသော ပတ်ဝန်းကျင် အခြေအနေတို့၏ ဒဏ်ကို မခံနိုင်၍သော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ညီညွတ်အောင် ကိုယ့်ကိုယ်ကိုယ် မပြုပြင်နိုင်သောကြောင့်လည်းကောင်း၊ ဘဝတည်မြဲရေးအတွက် အချင်းချင်း အကြိတ်အနယ် အလုအယက်တိုက်ခိုက်ရာတွင် ရှုံးနိမ့်သဖြင့်လည်းကောင်း၊ တိုးတက်မှုအစဉ် ရပ်တန့်ရုံမက နောက်ဆုတ်သွားရ

mgyoe.com

mgyoe.com



သည်လည်းရှိ၏။ အမျိုးသုဉ်းသည့်တိုင် ဆုံးပါးပျက်စီးသွားရသည်လည်းရှိ၏။ လူသည်လည်း အင်သရိပ်ပိုက်မျောက်မျိုးမှ တိုးတက်ဖြစ်ပေါ်ပေါက်ဖွားလာခဲ့ရာတွင် "လူ" ဟူသောဘဝသို့ အပြည့်မရောက်မီ တစ်ကြိမ်နှစ်ကြိမ်မက နောက်ဆုတ်ခဲ့ရကောင်း ဆုတ်ခဲ့ရပေမည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းကြလေသည်။

ထို့ကြောင့် ယဉ်ကျေးမှုလမ်းကြောင်း၌ အတော်အတန် ခရီးရောက်နေပြီဖြစ်သော လူမျိုးစုတစ်စုသည် ပတ်ဝန်းကျင်အခြေအနေ၏ဒဏ်ကို မတွန်းလှန်နိုင်သဖြင့်လည်းကောင်း၊ လူအချင်းချင်း အကြိတ်အနယ် အလုအယက်တိုက်ခိုက်ရာတွင် ရှုံးနိမ့်သဖြင့်လည်းကောင်း တိုးတက်နေရာမှ နောက်ဆုတ်နိုင်သည်။ ယဉ်ကျေးရာမှ ရိုင်းသွားသည်မှာ သဘာဝကျသည်။

ဆလုံများသည် တစ်ခါက ယဉ်ကျေးမှုအဆင့်အတန်းမြင့်သော မွန်လူမျိုး၊ သို့မဟုတ် အခြားလူမျိုးတစ်မျိုး ဖြစ်ကောင်းဖြစ်ခဲ့ပေလိမ့်မည်။ အခြားလူမျိုးတစ်မျိုး၏ ဖိနှိပ်တွန်းကန်မှုကြောင့် ရေကြည်ရာမြက်နုရာဖြစ်သော မြို့ပြပြည်ရွာများတွင် မနေနိုင်သောကြောင့် ပင်လယ်ကမ်းပါးလှိုင်းလေကြား၌ ခက်ခဲစွာ နေထိုင်ခဲ့ရပေမည်။ နောက်ဆုံးတွင် နေရာထိုင်ခင်းအတည်တကျမနေနိုင်ဘဲ တစ်နေရာမှ အခြားတစ်နေရာသို့လည်းကောင်း၊ ကျွန်းတစ်ကျွန်းမှ အခြားကျွန်းတစ်ကျွန်းသို့လည်းကောင်း ရွှေ့ပြောင်းနေထိုင်ခဲ့ရပေမည်။ ပင်လယ်ငါးသား၊ ပုစွန်ကို ဖမ်းစားရရင်း၊ ပျားဖွပ်၍စားရရင်း၊ ရေငုပ်၍ အလုပ်လုပ်ရင်း မျက်နှာသွင်ပြင် ခန္ဓာကိုယ်ပြောင်းလဲရုံမက နှလုံးရည် အတွင်းစိတ်ဓာတ်တို့သည်လည်း ပြောင်းလဲသွားခဲ့ပေလိမ့်မည်။ ယင်းသို့ပြောင်းလဲချက်တို့သည် သားစဉ်မြေးဆက် အမွေဆက်ခံသော ပြောင်းလဲချက်များဖြစ်ခဲ့ပေမည်။ ထို့ကြောင့် ဆလုံများကို ယခုအခါ ပင်လယ်ဂျစ်ပ်ဆီဟုလည်းကောင်း၊ လူရိုင်းများဟုလည်းကောင်း သတ်မှတ်ထားရသည်အထိ ဆုတ်ယုတ်ခဲ့ပေ၏။

ဤကမ္ဘာတွင် ဤနည်းဖြင့် နောက်ဆုတ်ရိုင်းစိုင်းသွားခြင်း ပျောက်ကွယ်သွားခြင်းနှင့် ရင်ဆိုင်ရသော အခြားလူမျိုးစုများလည်းရှိပေ၏။ ဥပမာ ....အမေရိကန်ရှိ ကုလားနီရက်အင်ဒီးယန်းများသည်လည်းကောင်း၊ ဩစတြေးလျနှင့် နယူးဇီလန်ရှိ မေအိုရီတို့သည်လည်းကောင်း တစ်ခါကအ

mgyoe.com

mgyoe.com


တော်ယဉ်ကျေးတိုးတက်ခဲ့ကြ၏။ နောက် ထိုဒေသများတွင် ဝင်ရောက်နေထိုင်ကြသော ဥရောပတိုက်သား လူဖြူများ၏ တွန်းကန်ဖိနှိပ်မှုဖြင့် တောကြီးမျက်မည်းထဲတွင် ပုန်းအောင်းနေထိုင်ရင်း ရိုင်းစိုင်းသွားခဲ့ကြသည်။ လုံးဝပျောက်ကွယ်မှုနှင့် ရင်ဆိုင်ကြရသည်။

(ပြည်သူ့ကြားမှာ အမှန်ရှာ)–(၁၅၇–၁၆၁)

အကယ်စင်စစ် ယဉ်ကျေးသောလူမျိုးစု၊ ရိုင်းစိုင်းသောလူမျိုးစု၊ သမိုင်းဝင်သော လူမျိုးအဖွဲ့အစည်း၊ သမိုင်းမဝင်သေးသော သမိုင်းဦးမျိုးအဖွဲ့အစည်း၊ တိုးတက်သော ခေတ်လူမျိုး၊ ခေတ်မမီ အောက်ကျနောက်ကျဖြစ်နေသောလူမျိုးစသည်တို့မှာ လူသား၏ ပင်ကိုဓာတ်ခံအစွမ်းသတ္တိ၊ ပင်ကိုဉာဏ်အရည်အချင်းများနှင့် မဆိုင်ပေ။ ပတ်ဝန်းကျင်သဘာဝနှင့် လူ့ဘဝအခြေအနေများကြောင့်သာ ဖြစ်ပေါ်ရသည်။ လူသား၏ ပင်ကိုဓာတ်ခံအစွမ်းသတ္တိနှင့် ပင်ကိုဉာဏ်အရည်အချင်းများကား တန်းတူကိုယ်စီရှိကြသည်တည်း။

သို့ကလိုပင် ကောက်ချက်ချမိသည်။

ပင်လယ်အဏ္ဏဝါ ရေပြင်ရေအောက်တွင် သွားလာကျက်စားရင်း၊ အသက်မွေးဝမ်းကျောင်းရင်း အမြင့်မားဆုံးသော ပင်ကိုဓာတ်ခံ အစွမ်းသတ္တိနှင့် ပင်ကိုဉာဏ်အရည်အချင်းများကို ပြနေကြသော ဆလုံများကိုများစွာစိတ်ဝင်စားနေပေသည်။ မြဝတီမဂ္ဂဇင်းနှင့် အခြားသောစာအုပ်များကို ဂုန်နီအိတ်နှင့်ဖုံးကာ ဆောင်ယူသွားသော ဆလုံ လုံမယေ်နှင့် ဆလုံလှေ နောက်သို့လိုက်ကာ သူတို့ဘဝကို လေ့လာလိုလှသည်။ သို့သော် သူတို့သည် ရွက်လွှင့်ပြီး ဝေးလံလှသော ကျွန်းများဆီသို့ ဦးတည်ထွက်ခွာသွားလေပြီ။

ပင်လယ်ပြင်ကျယ်နှင့် ထိုကျွန်းများမှာ သူတို့ ဘယ်လိုအလုပ်လုပ်ကြသလဲ။

သူတို့ ဘယ်လိုနေထိုင်စားသောက်ကြသလဲ။

လူသူ မရောက်မပေါက်သော ဝေးလံလှသည့်ကျွန်းကြီးတစ်ကျွန်းကျွန်းတွင် ပျောက်ဆုံးနေသည့် ဆလုံယဉ်ကျေးမှုကို ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုသဖွယ် မတွေ့နိုင်ပေဘူးလား။

mgyoe.com

mgyoe.com



၁၉၆၇–ခုနှစ်က ခရီးသွားရင်း ကျွန်တော့်ခေါင်းထဲမှာ ဇာတ်လမ်းတစ်ပုဒ် စနေလေပြီ၊ သို့သော် လက်ကမလိုက်နိုင်ခဲ့ပါ။ ခရီးသည် ဝတ္ထုတစ်ပုဒ်မဖြစ်မြောက်ခဲ့ပါ။

## သိပ္ပံဝတ္ထု

ယခု ကျွန်တော်ရေးမည့်ဝတ္ထုကို သိပ္ပံဝတ္ထုဟုခေါ်မည်ဆိုကလည်း ခေါ်နိုင်ပါလိမ့်မည်။

အကြောင်းမူကား....

စာပေဗိမာန်ကကြီးမှူးပြီး သိပ္ပံစာပေနှီးနှောဖလှယ်ပွဲတစ်ခု ကျင်းပခဲ့လေသည်။

ကျယ်ပြန့်သော၊ သာမန်ဖြစ်သော စာဖတ်ပရိသတ်အတွက် သိပ္ပံပညာ အသိဉာဏ်ပေးသော စာပေလည်းဖြစ်၊ ဖတ်ပျော်ရှုပျော်သော ဝတ္ထုလည်း ဖြစ်မည့် သိပ္ပံဝတ္ထုများ ပေါ်ထွက်ရန် လိုအပ်ကြောင်း အများဆုံး ပြောဆိုခဲ့ကြ ၏။ ထိုနှီးနှောဖလှယ်ပွဲတွင် စစ်ကြီးမဖြစ်မီက ကျွန်တော်ရေးခဲ့သော တက်ခေတ်နတ်ဆိုးဝတ္ထုသည် သိပ္ပံဝတ္ထုအဖြစ်ဖြင့် စာရင်းတင်ခြင်းခံခဲ့ရပေသည်။

အကယ်၍သာ တနင်္သာရီတောင်တန်းများနှင့် ကပ္ပလီပင်လယ်ခေါ် အဏ္ဏဝါရေပြင်ကြားရှိ မြိတ်ကျွန်းစုနှင့်ပတ်သက်ပြီး ဝတ္ထုတစ်ပုဒ်ရေးရလျှင် တက်ခေတ်နတ်ဆိုးထက်ပင် ပို၍သိပ္ပံဝတ္ထုစာရင်းဝင် ပီသပေလိမ့်မည်ဟု ကျွန်တော်အောက်မေ့မိလေသည်။ အကြောင်းမူကား မြိတ်ကျွန်းစုနှင့် ပင်လယ်ပြင်သည် သိပ္ပံပညာရှုထောင့်မှ အထူးဖော်ပြစရာ အချက်အလက်နှင့် စိတ်ပါဝင်စားဖွယ်ရာ စာရေးကွက်များပေါ်များ လှသောကြောင့်ပေတည်း။

## ပင်လယ်ကိုမင်းမြင်ဖူးသလား

"ပင်လယ်ကို မင်းမြင်ဖူးသလား" ဟူသော ဝါကျကလေးသည် ကျွန်တော်တို့ငယ်ငယ်တုန်းက မူလတန်းဖတ်စာ စာအုပ်တွင်ပါလေသည်။

mgyoe.com

mgyoe.com



ထိုဝါကျကလေးသည် မကြာခဏ ကျွန်တော်တို့အား နှိုးဆွပေးနေသကဲ့သို့ ရှိလေသည်။ အကြောင်းမူကား ကျွန်တော်တို့သည် မြန်မာပြည်သူလူထု အများစုနှင့်အတူ ပင်လယ်ကို တစ်ခါမျှမမြင်ဖူးခဲ့ကြခြင်းကြောင့်တည်း။

ထိုစဉ်က ကျွန်တော်တို့မှာ ပင်လယ်ကိုမြင်ချင်စိတ်အပူတပြင်းဖြစ် ပေါ်ခဲ့ရ၏။ တစ်နေ့သော် ပင်လယ်ကို မြင်ရလိမ့်နိုးနိုးမျှော်လင့်ခြင်းဖြင့် ကြီးပြင်းခဲ့ကြရ၏။ ကျွန်တော့်အဖို့ဆိုသော် အသက် ၂၀ ကျော်မှ ပင်လယ် ကိုမြင်ဖူးတော့သည်။ သို့သော်ကျောင်းနေဖက်အများအပြားသည် ယနေ့တိုင် ပင်လယ်ကိုမြင်ဖူးကြဦးမည် မဟုတ်ချေ။ ထို့အတူ မြန်မာပြည်သူလူထုများ ရာစုကြီးသည် ယနေ့ထိ ပင်လယ်ကိုမမြင်ဖူးကြချေ။

သို့ကလို မမြင်ဖူးကြရှိငြားလည်း မြန်မာနိုင်ငံတွင်မြောက်ဖက်နတ် မြစ်ဝမှ တောင်ဘက်စွန်း ကော့သောင်းမြို့အထိ မိုင်၁၇၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း ရှိလေသည်။

ကျွန်တော်သည် အသက် ၂၀ ကျော်တွင် ဘင်္ဂလားပင်လယ်အော် ကို ဖြတ်ကျော်၍ ပင်လယ်ခရီးသွားဖူးသည်။ အသက် ၃၀ ကျော်တွင် ပင် လယ်ကမ်းရိုးတန်းတစ်လျှောက် လမ်းလျှောက်ဖူးသည်။ ထို့နောက် အကြိမ် ကြိမ် ပင်လယ်သမုဒ္ဒရာများဖြတ်သန်းကာ လေယာဉ်ပျံစီးဖူးသည်။ အာ တိတ်သမုဒ္ဒရာတွင်းမှာပင် သင်္ဘောစီးဖူးသည်။ ပင်လယ်အမျိုးမျိုးတွင် ရေကူးဖူးသည်။ သို့သော် ပင်လယ်သမုဒ္ဒရာများအကြောင်း ကျွန်တော်ဘယ် မျှသိပါသနည်း။

ယခုခေတ်တွင် ခေတ်လူအများအပြားသည် ကျွန်တော့်လိုပင် ပင်လယ်ကို မြင်ဖူးနေကြပေပြီ။ ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ဖူးနေ ကြပေပြီ။ ပင်လယ်အမျိုးမျိုးတွင် ရေကူးဖူးနေကြပေပြီ။ သို့သော် သူတို့ ကော ပင်လယ်သမုဒ္ဒရာများအကြောင်းကို ဘယ်မျှသိကြသနည်း။

ကျွန်တော်တို့သည် ပင်လယ်သမုဒ္ဒရာအကြောင်းကို တစ်ဆင့် စကားတစ်ဆင့်ကြားဖြင့် နည်းနည်းသာသိကြပေသည်။ ပင်လယ်ခရီးသွား စာအုပ်များဖတ်၍ ဝိုးတဝါးသိကြသည်။

ပထဝီဖတ်စာ စာအုပ်များဖတ်ရင်း အကြမ်းဖျင်းသိကြရသည်။ ပင် လယ်ဓားပြ ရုပ်ရှင်ကားများ၊ ပင်လယ်ပြင်စစ်ပွဲ ရုပ်ရှင်ကားများနှင့် သမုဒ္ဒရာ

mgyoe.com

mgyoe.com


ကြမ်းပြင် ရုပ်ရှင်ကားများကိုကြည့်ရင်း အဏ္ဏဝါဗဟုသုတ အနည်းအကျဉ်းရကြလေသည်။ ဝေလငါးအကြောင်းကို ကြားရတော့ အကြီးအကျယ်အံ့သြရသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသောသတ္တဝါမှာ ပင်လယ်သမုဒ္ဒရာထဲတွင် နေသည်ဆိုပါကလား။

ရေး၊ မြိတ်၊ ထားဝယ်နှင့် ရခိုင်ကမ်းရိုးတန်းများတွင် နေထိုင်ကြကုန်သောမြန်မာပြည်သူတို့သည် ပင်လယ်ရေပြင်မှ ဖမ်းဆီးကောက်ယူရမိသော အကောင်အမျိုးမျိုး၊ အပင်မျိုးမျိုးကို စားသောက်မှီဝဲကြသည်။ သို့သော် ထိုအာဟာရစလေ့သည် အတွင်းပိုင်း ရေချိုဒေသများသို့ မကူးစက်မပျံ့နှံ့ချေ။ ငါးခြောက်၊ ပုစွန်ခြောက်နှင့် အခြားအခြောက်များမှလွဲပြီး ပင်လယ်သားငါးကို မြန်မာများ မစားကြချေ။ "ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်" ဟု ပင်လယ်ငါးစားရန် နှိုးဆွခဲ့သော်လည်း လူအများက မစားကြသေးချေ။ ရေချိုငါး ရှားနိုင်သမျှရှားမှ ပင်လယ်ငါးကိုစားကြပေလိမ့်မည်။

လူများစုအဖို့ ဉာဏ်မျှထက်မပိုချေ။

ဒုတိယ ကမ္ဘာစစ်ကြီး မတိုင်မီက ပင်လယ်ကူးသင်္ဘောများတွင် သင်္ဘောသားအဖြစ် လိုက်ပါသော မြန်မာအမျိုးသားတစ်ယောက်တလေ ပေါ်ခဲ့သည်။ လွတ်လပ်ရေးရသောအခါ မြန်မာနိုင်ငံပိုင် ပင်လယ်ကူးသင်္ဘောများနှင့် တပ်မတော်(ရေ)ကို တည်ထောင်ကြသည်။ မြန်မာလူငယ်အချို့ ပင်လယ်အဏ္ဏဝါခရီးသွားလာရေးအတွေ့အကြုံ ရရှိကြလေသည်။

တက္ကသိုလ်ရောက်၍ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒစသည့် သိပ္ပံဘာသာရပ်များကို ယူသူတို့သည်လည်း ပင်လယ်သမုဒ္ဒရာအကြောင်းကို အတော် နှံ့နှံ့စပ်စပ်သိကြလေသည်။ အခြားနိုင်ငံများတွင် အဏ္ဏဝါဗေဒဟူသောအမည်ဖြင့် သိပ္ပံဘာသာရပ်အသစ်တစ်ခု ထွန်းကားနေကြောင်း ကြားဖူးကြလေသည်။ ကျန်ခေတ်ပညာတတ်များကား အဏ္ဏဝါဗဟုသုတ မပြည့်စုံကြ။ အဏ္ဏဝါဗေဒ အကြောင်းမကြားဖူးကြချေ။

၁၉၆၈ ခုနှစ်က ကျင်းပသော သုတသနဆွေးနွေးပွဲတွင် အဏ္ဏဝါဗေဒဟူသော ကဏ္ဍသစ်တစ်ရပ်ဖွင့်ခဲ့လေသည်။ အသစ်အသစ်ကို သိချင်၊ လေ့လာချင်သော ကျွန်တော့်အား အဏ္ဏဝါဗေဒကဏ္ဍသည် များစွာဆွဲဆောင်ခဲ့လေသည်။ တော်လှန်ရေးအစိုးရ သတ္တုတွင်းဌာနအတွင်းဝန်နှင့် တပ်မတော်

mgyoe.com

mgyoe.com

(ရေ) တိုင်းတာရေးတပ် တပ်မှူး ဒုဗိုလ်မှူးကြီး ခင်မောင်မြင့်က ဥက္ကဋ္ဌမိန့်ခွန်းမြွက်ကြားလေသည်။ ထိုမိန့်ခွန်းသည် မြန်မာပြည်တွင် အဏ္ဏဝါဗေဒကို အုတ်မြစ်ချလိုက်သော မိန့်ခွန်းဖြစ်လေသည်။ ကျွန်တော်တို့လို အပြင်လူများ နားလည်နိုင်အောင် အဏ္ဏဝါဗေဒကို ခွဲခြားစိတ်ဖြာတင်ပြလိုက်သော စာတမ်းတစ်စောင်လည်းဖြစ်လေသည်။

ကမ္ဘာလုံးကြီး၏ ၇၀ ဒသမ ၆ ရာခိုင်နှုန်းသည် အဏ္ဏဝါရေပြင်ဖြင့် ဖုံးလွှမ်းနေ၏။ ကျန် ၂၉ ဒသမ ၄ ရာခိုင်နှုန်းသာလျှင် ကုန်းမြေပြင်ဖြစ်သည်။ အဏ္ဏဝါရေပြင် မှီဝဲအသက်ရှင်နေထိုင်ကြသော အကောင်များ (သတ္တလောက)နှင့် အပင်များ (ရုက္ခလောက)သည် ကမ္ဘာကုန်းပြင်တွင် မှီဝဲအသက်ရှင်နေထိုင်ကြသော အကောင်များ၊ အပင်များထက် အဆပေါင်းများစွာ များပြားသည်။

ဤသည်ကိုကြည့်လျှင်ပင် ဤကမ္ဘာကို မနုဿဘုံဟုခေါ်နေကြပြီး ကိုယ့်ဘုံကိုယ်သိရမည့်လူသားအဖို့ ပင်လယ်အဏ္ဏဝါ၏ ရုက္ခ(အပင်)နှင့် သတ္တ(အကောင်)လောကတို့အကြောင်းကို စေ့စေ့စပ်စပ်သိအောင် လေ့လာရန် မည်မျှအရေးကြီးကြောင်း ထင်ရှားပေသည်။

အဏ္ဏဝါရေပြင်အောက်တွင် ကြမ်းပြင်သည် ကျောက်မျိုးစုံဖြင့် အတိပြီး၏။ ကုန်းပြင်ရှိ ကျောက်မျိုးစုံသည် သတ္တုမျိုးစုံထွက်သလို အဏ္ဏဝါရေပြင်အောက် ကျောက်မျိုးစုံသည်လည်း သတ္တုမျိုးစုံထွက်၏။

ထို့ကြောင့် အချို့နိုင်ငံများတွင် အဏ္ဏဝါရေပြင်အောက်မှ ရေနံကို ရှာဖွေထုတ်ယူနေကြခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် ရိုးရိုးဆား(ဆိုဒီယမ်ကလိုရိုက်)ကို တစ်နေ့လျှင် တန်ချိန် ၃၅ သန်းခန့် အသုံးပြုလျက်ရှိ၏။ ပင်လယ်ရေတစ်ဂါလန်တွင် ရိုးရိုးဆားသည် ၄ အောင်စခန့် ပါဝင်လျက်ရှိပြီး ပင်လယ်ရေ ၁ ကုဗမိုင်သည် ကမ္ဘာတစ်ခုလုံးအတွက် ၉ နှစ်ခန့်လိုအပ်သော ရိုးရိုးဆားကို ထုတ်လုပ်ပေးနိုင်စွမ်းရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားလေသည်။

သို့သော် ပင်လယ်ရေသည် "သောက်လေ၊ သောက်လေ ငတ်မပြေသည့်" ဆားငန်ရေ သက်သက်မျှသာမဟုတ်။ ထိုရေထဲတွင် သတ္တုမျိုးစုံ၊ ဓာတုပစ္စည်းမျိုးစုံပျော်ဝင်နေပေသည်။ ပင်လယ်ရေ ကုဗတစ်မိုင်မှ ကျိုချက်

mgyoe.com

mgyoe.com



ထုတ်ယူမည်ဆိုလျှင် အောက်ပါအဖိုးတန်ပစ္စည်းများကို ရရှိမည်ဖြစ်လေသည်။

(ရေကုဗတစ်မိုင်မှာ အလျား ၂၆ မိုင်၊ အနံ ၁၀ မိုင်၊ အနက် ၃ ဒသမ ၃ လံရှိသော ရေထုရှိသည်။) မဂ္ဂနီဆီယမ်ကလိုရိုက်တန်ပေါင်း ၁၇ သန်း ၉ သိန်း၊ မဂ္ဂနီဆီယမ်ဆာလဖိတ်တန်ပေါင်း ၇ သန်း ၈ သိန်း၊ ကယ်လ်စီယမ်ဆာလဖိတ်တန်ပေါင်း ၅ သန်း ၉ သိန်း၊ အာဆင်းနိပ်တန် ၅၀ မှ ၃၅၀၊ ငွေ ၄၅ တန်အထိ၊ ကြေး၊ နီ၊ ခဲ၊ သွပ် ၁၀ မှ ၃၀ တန်၊ ရွှေ ၂၅ တန်အထိ၊ ယူရေနီယမ် ၇ တန် စသည်တို့ ပျော်ဝင်နေလေသည်။

ပင်လယ်ပြင်တွင် ဖြစ်ပွားနေသော ဒီရေ၊ ရေစီးချောင်း အပူအအေး၊ လေထု အထူအပါး၊ ရာသီဥတုများသည် ကမ္ဘာမြေမျက်နှာပြင်၏ ရာသီဥတုကို ကြီးစွာသြဇာပေး ပြုပြင်နေ၏။ ထို့ကြောင့် အဏ္ဏဝါပင်လယ်၏ ရာသီဥတုကို ကုန်းနေလူသားက ကောင်းစွာ သိထားရပေမည်။

လူသားသည် ကမ္ဘာအရပ်ရပ်အနှံ့အပြား၌ နေထိုင်ကြ၏။ သို့သော် သီးခြား ကိုယ့်ဘာသာကိုယ်နေကြသည်မဟုတ်ချေ။ လူတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးဆက်ဆံကြရ၏။ ရင်ပေါင်တန်း တိုးတက်ကြရ၏။ ထို့အတွက် ပင်လယ်သမုဒ္ဒရာများကို ဖြတ်ကျော်ကြရ၏။ အဏ္ဏဝါ ခရီးလမ်းကြောင်းများကို ရှာဖွေအသုံးပြုကြရ၏။ အဏ္ဏဝါခရီး အကြောင်း ကောင်းကောင်းသိနေအောင် အားထုတ်နေကြရ၏။

ဤသို့အားဖြင့် ပင်လယ်အဏ္ဏဝါအကြောင်း သိကောင်းစရာဟူသမျှ၊ သိအပ်သမျှသိထားရန် လေ့လာမှုအဝဝသည် အဏ္ဏဝါဗေဒပင် ဖြစ်ပေတော့သည်။

ဒု – ဗိုလ်မှူးကြီးခင်မောင်မြင့်၏ ဥက္ကဋ္ဌမိန့်ခွန်းကို ကြားနာပြီးသောအခါ ကျွန်တော်သည်အဏ္ဏဝါဗေဒကို များစွာစိတ်ဝင်စားသွားလေသည်။ "ပင်လယ်ကို မင်းမြင်ဖူးသလား" ဟူသော ဝါကျကလေးက ပင်လယ်ကိုမြင်ဖူးချင်သော စိတ်ဆန္ဒနိုးဆွပေးခဲ့သလို၊ ထိုမိန့်ခွန်းသည် အဏ္ဏဝါဗေဒကို လေ့လာချင်အောင် နိုးဆွပေးနေလေသည်။

အဏ္ဏဝါဗေဒကို ကွင်းဆင်းလေ့လာနိုင်ရန်၊ လက်တွေ့သုတေသနပြုနိုင်ရန် သို့မဟုတ် သက်ဆိုင်ရာ သိပ္ပံပညာရှင်တွေက ကွင်းဆင်းလေ့လာနေသည်ကို လည်းကောင်း၊ လက်တွေ့သုတေသနပြုနေသည်ကို

mgyoe.com

mgyoe.com



လည်းကောင်း၊ ကိုယ်က လိုက်ပါ အကဲခတ်နိုင်ရန် အခွင့်အရေးကို စောင့်မျှော်နေခဲ့လေသည်။

အခွင့်အရေးကား ပေါ်ခဲ့လေပြီ။

ထိုအခွင့်အရေးကို ဖမ်းဆုပ်ပြီး အသုံးချနေစဉ် ဤဝတ္ထုဇာတ်လမ်း တစ်စတစ်စဖြစ်ပေါ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပေရာ ကျွန်တော်သည် ဤတစ်ကြိမ်တော့ အလွတ်မခံဘဲကောက်ကာငင်ကာ မှတ်တမ်းတင် ရေးသားလိုက်ရပေသတည်း။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ

## အခန်း (၁)

## သင်္ဘောဒါယကာနှင့်တွေ့ခြင်း

၁၉၆၇ ခုနှစ် စာဆိုတော်နေ့အတွက် မြိတ်မြို့ကိုရောက်စဉ် ကျွန်တော်သည် အခြားကိစ္စတစ်ခုကိုလည်း ပြုလုပ်ခဲ့လေသည်။ ကျွန်တော် တည်းခိုနေသော ဟိုတယ်သို့ တို့ဗမာအစည်းအရုံးဝင် သခင်၊ သခင်မ ဟောင်းကြီးများကိုဖိတ်ကြားပြီး မြိတ် တို့ဗမာအစည်းအရုံး၏ သမိုင်းနှင့် ပတ်သက်သောအချက်အလက်များကို မေးမြန်းစုံစမ်းခြင်းဖြစ်၏။ သခင်၊ သခင်မ ဟောင်းကြီးများ တော်တော်စုံလင်စွာ တက်ရောက် လာကြ၏။ ၁၉၃၄ ခုနှစ်တုန်းက တွေ့ခဲ့ဖူးသော သခင်မ မမြသွေးကိုကား မတွေ့ရတော့ပြီ၊ ဒေါ်မြသွေးကား ကွယ်လွန်ခဲ့ပြီဖြစ်၏။ ကျွန်တော်နှင့် ခပ် မှန်မှန် ဆက်စပ်မှုရှိနေသော သခင်အုန်းညွန့် (အလင်းရောင် စာပေဖြန့်ချိ ရေး)ကား ကျန်းမာသန်စွမ်းတုန်းဖြစ်ပြီး ရောက်ရှိလာကြသော သခင်၊ သခင်မ ဟောင်းကြီးများအနက် အတက်ကြွဆုံးဖြစ်နေပေ၏။ အမှန်မှာ ထိုတွေ့ဆုံပွဲ ကို သူကစီစဉ်ပေးခဲ့ခြင်းဖြစ်လေသည်။

သူတို့ထဲတွင် ယခင်က ကျွန်တော် သိကျွမ်းဖူးခြင်းမရှိသေးသော

mgyoe.com

mgyoe.com


သခင်အဘိုးအိုတစ်ယောက် ပါလာလေသည်။ သခင်အဘိုးအိုဆိုသော်လည်း တို့ဗမာအစည်းအရုံး ဌာနချုပ် ဥက္ကဋ္ဌဟောင်း သခင်သိန်းမောင်ကြီးတို့လို မအိုပါ။ အသက် ၆၀ ကျော်နေပြီဖြစ်သော်လည်း သန်သန်မာမာ တောင့်တောင့်တင်းတင်းပင်ဖြစ်လေသည်။ ခါးလည်းမကိုင်း၊ နားလည်းမထိုင်းသေးပါ။

သူ့အမည်မှာ သခင်ငွေအောင်ဖြစ်၏။

သခင်၊ သခင်မဟောင်းများနှင့် အစည်းအဝေးပြီးသောအခါ သခင်ငွေအောင်က ကျွန်တော်အားမည့် အချိန်တစ်ချိန်တွင် သူ့အိမ်လာပြီး လက်ဖက်ရည်ကြမ်းသောက်ပါဦးဟု တကူးတက ဖိတ်ကြားခဲ့လေသော ကြောင့် မြိတ်စာဆိုတော်နေ့ကော်မတီလူကြီးတစ်ဦးမျှမပါဘဲ သူ့အိမ်သို့ ကျွန်တော်ချည်းသက်သက် ရောက်ခဲ့ရသေးသည်။ သူ့အိမ်ကား အုတ်တံတိုင်းကာ အဝင်ဝ သံတံခါးကြီးနှင့် တိုက်ဟောင်းကြီးတစ်လုံးဖြစ်လေသည်။ တစ်ခါတုန်းက လူချမ်းသာတစ်ဦးဖြစ်ခဲ့မည်မှာ နေအိမ်တွင် ပေါ်လွင်နေပေသည်။

မြိတ်မြို့မင်းစိုး သူဌေးသူကြွယ်တို့၏ ထည်ဝါသော ရပ်ကွက်တွင် PEARL HOUSE ခေါ် ပုလဲဂေဟာသည်ရှိ၏။ ပုလဲဂေဟာကို ဘိုင်အဟာမက်ခေါ် ဦးရွှေမြက တည်ဆောက်ခဲ့သည်။ ဦးရွှေမြမှာ ပုလဲလုပ်ငန်းလုပ်ရန် လိုင်စင်ရပြီး ပုလဲဖမ်း၍ ကြီးပွားချမ်းသာလာခဲ့သော ပုလဲသူဌေးဖြစ်လေသည်။ ဦးရွှေမြ၏ ဆွေမျိုးသားချင်းများသည် ယနေ့တိုင် မြိတ်မှာ ကျန်ရှိနေသေးသည်။ သို့သော် မထင်ရှားကြချေ။

သခင်ငွေအောင်မှာ ဘိုင်အဟာမက်ခေါ် ဦးရွှေမြ၏ လက်အောက်တွင် အလုပ်လုပ်ခဲ့ဖူး၏။ သွေးသားလည်း မကင်းဟုဆို၏။ သို့သော် ဦးရွှေမြတို့လို အစ္စလာမ်ဘာသာဝင် မဟုတ်ချေ။ သူသည် ပြောင်းပြန်ကျင့်သုံးခဲ့၏။ အစ္စလာမ်ဘာသာကို စွန့်လွှတ်ပြီး ဗုဒ္ဓဘာသာဝင် ဇနီးနှင့်လက်ထပ်ကာ ကိုယ်တိုင် ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့လေသည်။ သူသည် စစ်ကြီးမဖြစ်မီကစပြီး ဦးရွှေမြလက်အောက်မှ ခွဲထွက်ကာ ပုလဲနှင့်ငါးဖမ်းလုပ်ငန်းကို လုပ်ခဲ့လေသည်။ တို့ဗမာအစည်းအရုံးပေါ်လာသောအခါ သခင်များကို ထောက်ခံအားပေးခဲ့လေသည်။ သခင်ကိုယ်တော်မှိုင်း မြိတ်သို့ ခရီးလှည့်

mgyoe.com

mgyee.com


လာစဉ်က ဧည့်ခံကော်မတီတစ်ရပ် ဖွဲ့ခဲ့ရာ သူသည် ငွေထိန်းဖြစ်ခဲ့၏။ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံတွင် သူရော သူ့လုပ်သားများပါ ပြည်သူ့ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ဖူး၏။ စစ်ကြီးဖြစ်လာ၍ ဗိုလ်ရန်နိုင်၊ သခင်ထွန်းစိန်စသူများ ဦးဆောင်သည့် ဘီအိုင်အေနှင့် စစ်အတွင်း ဗမာ့လွတ်လပ်ရေးလှုပ်ရှားမှုများ ဖြစ်ပေါ်လာသောအခါ လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်တော်လှန်ရေးနှင့် ဖဆပလအဖွဲ့ချုပ်တို့ကို လူအား၊ ငွေအားဖြင့် ထောက်ခံအားပေးခဲ့၏။ ဖဆပလ ကွန်မြူနစ်ကွဲပြီး ဖဆပလ အစိုးရတက်နေသော အချိန်၌ကား သခင်ငွေအောင်သည် နိုင်ငံရေးတွင် မပါဝင်မရောယှက်တော့ဘဲ စီးပွားရေးသက်သက်ကိုသာ လုပ်နေခဲ့လေသည်။ သို့သော် အားလုံးသော နိုင်ငံရေးသမားများနှင့်ကား လူမှုရေးအရ သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံသည်။ သူ့ပုလဲနှင့်ငါးဖမ်းလုပ်ငန်းကား များစွာတိုးတက်ခဲ့၏။ ဖက်စပ်များခေတ်ကောင်းစဉ်က သူသည် စင်ကာပူမှ တရုတ်သူဌေးများနှင့်လည်းကောင်း၊ ဂျပန်ကုမ္ပဏီများနှင့်လည်းကောင်း ဖက်စပ်လုပ်ကာ သူ့လုပ်ငန်းကို တိုးချဲ့ခဲ့လေသည်။ သို့သော် သူသည် ဖက်စပ်လုပ်ငန်းများကို ကြာရှည်လက်ခံမထားခဲ့ချေ။ တော်လှန်ရေးအစိုးရ မတက်မီကာလကလေးတွင်ပင် နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ငန်းများကို ရပ်ဆိုင်းခဲ့၏။ သူ့လက်ထဲတွင် ငါးဖမ်းသင်္ဘောကြီးတစ်စီးနှင့် စက်လှေကြီးနှစ်စီးအပါအဝင် ထုတ်လုပ်မှုကိရိယာအများအပြားကျန်ရစ်ခဲ့ပေသည်။ အလွန်အဖိုးတန်သော ပုလဲအများအပြားရရှိခဲ့ရာ နိုင်ငံခြားသားပါတနာများက ထိုပုလဲများကို သူတို့ဝေစုအဖြစ်ဖြင့် ခွဲယူကာဖက်စပ်လုပ်ငန်းဖျက်သိမ်းခြင်းကို ကျေကျေနပ်နပ်ကြီး လက်ခံသွားကြသည်ဟု သိရလေသည်။

တော်လှန်ရေးအစိုးရတက်ပြီးနောက် ၁၉၆၄ ခုနှစ်သို့ ရောက်သောအခါ သူသည် လောဘသိမ်းလိုက်ပြီး ငါးဖမ်းသင်္ဘောကြီးနှင့် စက်လှေကြီးတစ်စင်းမှအပ ပုလဲနှင့် ငါးဖမ်းလုပ်ငန်းတစ်ခုလုံးကို ပစ္စည်းကိရိယာများ၊ ငွေသားလက်ကျန်များနှင့်တကွ သူ့စီးပွားဖက်များနှင့် အလုပ်သမားများကို ခွဲဝေပေးလိုက်လေသည်။

ထိုအကြောင်းများကို ကျွန်တော့်အား ပြန်ပြောပြီးနောက် သခင်

mgyee.com

mgyoe.com


ငွေအောင်က....

"အသက်ကလည်း ကြီးပြီလေ။ လောဘဆိုတာ သတ်နိုင်မှကောင်းတယ်၊ လောဘမသတ်လည်း မဖြစ်နိုင်ဘူး။ ဒီအစိုးရက တကယ်လုပ်မယ့်အစိုးရဗျ၊ ပုဂ္ဂလိကလုပ်ငန်းတွေအတွက် တက်လမ်းမရှိနိုင်တော့ဘူး။ ကျုပ်ဒီတော့ ရှိတာလေးနှင့်ထိုင်စားနေတော့မယ်" ဟု ရှင်းပြလေသည်။

ကျွန်တော်က ...

"ခင်ဗျားက အနိုင်နှင့်ပိုင်းလိုက်တာပဲ ဆိုပါတော့"

သခင်ငွေအောင်ပြုံးလျက် ...

"ဟဲ.... ဟဲ ဆိုမယ်ဆိုလည်း ဆိုနိုင်ပါတယ်။ ကျုပ် ဒီအစိုးရရဲ့ နိုင်ငံခြားသား စီးပွားရေးသမားတွေကို ကိုင်တွယ်ပုံတယ်သဘောကျသဗျာ"

သခင်ငွေအောင်သည် ကျွန်တော့်အားလက်ဖက်ရည်ကြမ်းတိုက်သည်ဟုဆိုသော်လည်း မြိတ်သားတို့ထုံးစံအတိုင်း အမျိုးစုံကျွေးပါလေသည်။ မြိတ်မြို့ပြည်တော်သာ ဟိုတယ်၌ ကျပ်တစ်ရာ၊ တစ်ရာ့ငါးဆယ်ပေးချေရသော လက်ဖက်ရည်ကြမ်းဝိုင်းနှင့် ခပ်ဆင်ဆင်ဖြစ်နေပါသည်။

သခင်ငွေအောင်က သူသည် အဘယ့်ကြောင့် ကျွန်တော့်ကိုချည်းသက်သက်ဖိတ်၍ ဤသို့ လက်ဖက်ရည်ကြမ်းပွဲနှင့် ဧည့်ခံရပုံ၊ ဘာ့ကြောင့်ကျွန်တော့်ကို ကြည်ညိုလေးစားပုံ ရှင်းပြလိုက်ပါသေးသည်။ သူသည်ငယ်ငယ်က အလုပ်လုပ်ကောင်းသလောက် အပျော်အပါး မိန်းမလိုက်စားခဲ့သည်။ ရောဂါရသော်လည်း မကြောက်ခဲ့၊ မဆင်ခြင်ခဲ့၊ ကျွန်တော်ရေးလိုက်သော တက်ခေတ်နတ်ဆိုးကိုဖတ်ရမှ အသိတရားရကာ မိန်းမပျက်များနှင့် လုံးဝကင်းဝေးတော့သည်။ ဆင်ဆင်ခြင်ခြင် ကောင်းကောင်းမွန်မွန်နေတော့သည်။ ထို့ကြောင့်သူသည် ကျွန်တော့်ကို အမြဲကျေးဇူးတင်နေသည်ဆို၏။

မြိတ်ကျွန်းစုမှ ဝေးလံသောကျွန်းများနှင့် ပင်လယ်ပြင်သို့ သွားလည်ရန် စိတ်ကူးရှိကြောင်း ကျွန်တော်ကပြောပြသောအခါ သခင်ငွေအောင်က သူ့စက်လှေကြီးနှင့်သော်လည်းကောင်း၊ ငါးဖမ်းသင်္ဘောကြီးနှင့်သော်လည်းကောင်း ကျွန်တော်ကြိုက်သလို လိုက်ပို့မည်ဟု အာမခံလေသည်။ ကျွန်တော်က ယခုတစ်ခေါက်တော့ မသွားနိုင်သေးကြောင်းပြောသောအခါ

mgyoe.com

ကျွန်တော်အလိုရှိ၍ အကြောင်းကြားပါက သူ့စက်လှေကြီးကိုဖြစ်စေ၊ သင်္ဘောကိုဖြစ်စေ ကျွန်တော့်ထံသို့ အချိန်မရွေး ပို့ပေးမည်ဖြစ်ကြောင်း ကတိပြုပြန်လေသည်။

သို့ကလို မြိတ်ကျွန်းစုနှင့် ကပ္ပလီပင်လယ်ပြင်တွင် ခရီးလှည့်နိုင်ရန် သင်္ဘောဒါယိကာတစ်ယောက် တွေ့ရလေသောအခါ တစ်နေ့သော အဏ္ဏဝါခရီးစဉ်တစ်ခု အထမြောက်တော့မည်ဟု ဝမ်းမြောက်နေမိလေသည်။ သို့သော် မြိတ်မှရန်ကုန်ပြန်ရောက်ပြီး အခြား စိတ်ဝင်စားဖွယ်ကိစ္စ များကို တွေ့နေလေရာ ကျွန်တော်သည် အဏ္ဏဝါခရီးစဉ်တစ်ခု အထမြောက် အောင် တစ်စုံတစ်ရာမည်မည်ရရ ဆောင်ရွက်ခဲ့ခြင်းမရှိချေ။

သို့ဖြင့် ၁၉၆၈ ခု၊ မတ်လအတွင်းသို့ ရောက်လာပြီး သုတေသန ဆွေးနွေးပွဲကြီးကျင်းပသည်။ အထက်တစ်နေရာတွင် ဖော်ပြပါရှိသကဲ့သို့ ကျွန်တော်သည် ဒု–ဗိုလ်မှူးကြီး ခင်မောင်မြင့် (ရေ)၏ အဏ္ဏဝါဗေဒမိန့် ခွန်းကို ကြားနာရပြီး အဏ္ဏဝါဗေဒသုတေသနလုပ်ငန်းမှာ များစွာ စိတ်ဝင် စားသွားခဲ့လေသည်။

ထို့ကြောင့် ကျွန်တော်ကြံစည်နေသော အဏ္ဏဝါခရီးစဉ်သည် အဏ္ဏဝါဗေဒသုတေသနခရီးစဉ်သာ ဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်လေသည်။ ပြီးနောက် ဒါယိကာ သခင်ငွေအောင်က ကတိပြုထားသော သင်္ဘောအကူ အညီကို မကြာမီယူတော့မည်ဖြစ်ကြောင်း စာရေးခြင်း၊ အဏ္ဏဝါဗေဒ သုတေ သနခရီးစဉ်တွင် လိုက်ပါမည့် သုတေသီပညာရှင်များကို ရှာဖွေစည်းရုံးခြင်း စသည်ဖြင့် မည်မည်ရရပြင်ဆင်မှုအလုပ်စလေတော့သည်။

ထိုအချိန်မှာ ကျောင်းပိတ်ချိန်ဖြစ်သဖြင့် တက္ကသိုလ် ဆရာများနှင့် ကျောင်းသားကြီးများလိုက်ပါရန် အဆင်ပြေမည်ဖြစ်သည်။ သို့သော် ရာသီ ဥတုက အဆင်ပြေမည်မဟုတ်။ ဧပြီလလယ်လွန်ပြီး မြန်မာနှစ်သစ်ဆန်း သည် ဆိုလျှင်ပင် လေပြင်းတိုက်ခတ်လာပြီး ပင်လယ်က ကြမ်းသွားနိုင် သည်။ ထို့ကြောင့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အဏ္ဏဝါခရီးထွက်ရန် ခန့်မှန်းထားလေသည်။

❑

mgyoe.com

# အခန်း ၂

# သုတေသီအဖော်စုခြင်း

ကျွန်တော့်မှာ အပျော်တမ်းဆန်သော ပုဂ္ဂလိကသုတေသီတစ်ဦး သာဖြစ်သဖြင့် သုတေသီအဖော် စုဆောင်းရသည်မှာ မလွယ်ကူပါ။ နိုင်ငံတော်အစိုးရ၏ သုတေသန အဖွဲ့အစည်းတစ်ခုခုက လုပ်သည်ကဲ့သို့မဟုတ်ချေ။

ပထမဦးဆုံး ဆိုင်ရာဘာသာရပ် သုတေသနလုပ်ငန်းအတွက် အရည်အချင်း ပေမီသောပညာရှင်ကို ကြည့်ရှုရ၏။ နောက်ထိုသူက လိုက်လို၊ မလိုက်လို တီးခေါက်ကြည့်ရ၏။ ဤအဆင့်အထိ မခက်ခဲလှသေး၊ အခက်အခဲမှာအစိုးရလခစား အမှုထမ်းအရာထမ်းဖြစ်နေလျှင် သက်ဆိုင်ရာက ခွင့်ပြုချက်ရရန်ဖြစ်၏။ အစိုးရ အမှုထမ်းအရာထမ်းမဟုတ်သော ပညာရှင်မှာလည်း ဤသုတေသနအလုပ်မျိုးကိုလုပ်ရန် ဆိုင်ရာ အစိုးရ အဖွဲ့အစည်းက ကန့်ကွက်ရန်မရှိဟူသော နားလည်မှုမျိုး ရရှိရန် လိုအပ်သေး၏။ ဤသို့ သင်္ဘောကြီးနှင့် လှုပ်ရှား သွားလာမှုမျိုးကို ပင်လယ်ရေကြောင်း အာဏာပိုင်တို့ အထင်မလွဲဖို့ကလည်း အရေးကြီးလှပေသည်။

ကျွန်တော်သည် အစိုးရဌာနအသီးသီးကို ချဉ်းကပ်ရသည်။ အမှန်

mgyoe.com

အားဖြင့် အပျော်တမ်းဆန်သော ဤပုဂ္ဂလိကအဏ္ဏဝါဗေဒ သုတေသနခရီး စဉ်တစ်ခုလုံးကို ကန့်ကွက်ရန်မရှိပါဟူသော ယေဘုယျနားလည်မှုမျိုးရရှိ ရန် အထက်အထက်သို့တက်၍ ကျွန်တော်ပြောခဲ့ရလေသည်။

ကျွန်တော်တို့ ပုဂ္ဂလိကသုတေသီတစ်စု အားထုတ်မှုကြောင့် ထွက် ပေါ်လာသော ရလဒ်များကိုလည်း တစ်လုံးတစ်ပါဒမျှ ဆရာစား ခြွင်းချန် မထားဘဲ နိုင်ငံတော်အစိုးရအဏ္ဏဝါဗေဒ သုတေသနအဖွဲ့လက်သို့ အပ် နှင်းမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်သည်ကိုလည်း ပြောပြခဲ့လေသည်။ သို့ဖြင့် ခြောက်လမျှ ပြင်ဆင်လိုက်သောအခါ စက်တင်ဘာလ ကုန်ခါနီး၌ ပြင်ဆင်မှုအဝဝ ပြည့်စုံပြီးမြောက်သွားလေတော့သည်။

လိုက်ပါကြမည့် သုတေသီလုပ်သားများတွင် ဒေါက်တာတိုးလုံ မှာ သတ္တဗေဒပါရဂူဖြစ်သည်။ သူသည် သတ္တဗေဒ ပါရဂူဘွဲ့ရထားပြီး တက္ကသိုလ်မှာ ပါမောက္ခပင် ဖြစ်ခဲ့ဖူးသော်လည်း အကြောင်းကြောင်း ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ပါမောက္ခရာထူးမှ ပင်စင်ယူရပြီးနောက် စက် မှုလုပ်ငန်းရှင် စီးပွားရေးသမား လုပ်နေလေသည်။ သူသည် မိမိ၏ ပင်ရင်း ဘာသာဖြစ်သော သတ္တဗေဒကို စိတ်မကုန်သေးချေ။ အချိန်ရတိုင်း လေ့လာ ဆဲ၊ သုတေသနလုပ်ဆဲဖြစ်လေသည်။

သူ့အရပ်အမောင်းမှာ မရှည်လွန်း မနိမ့်လွန်း၊ သူ့ကိုယ်ခန္ဓာမှာ မဝ လွန်း မပိန်လွန်း အတော်ပင်ဖြစ်၏။ ဖျတ်လတ်သွက်လက်သော အမူအရာ ရှိသည်။ မျက်လုံးအနည်းငယ် မှေးသည်၊ အသားဖြူသည်။

ဒေါက်တာကျော်ထင်မှာ ရက္ခဗေဒပါရဂူဘွဲ့ရထားသူ ဖြစ်သည်။ သူသည်လည်း အကြောင်းကြောင်းကြောင့် ပါမောက္ခရာထူးမှ ငယ်ငယ် ရွယ်ရွယ်နှင့် နုတ်ထွက်ခဲ့ရပြီးနောက် ဘီအယ်လ်အောင်မြင်၊ဂျာ ဝတ်လုံတော် ရ ရှေ့နေလုပ်နေလေသည်။

မလွဲသာ၍ ဝတ်လုံတော်ရရှေ့နေ လုပ်နေရသော်လည်း သူသည် ရက္ခဗေဒမှာ စိတ်လည်းမကုန်ကြောင်း၊ တော်လည်းတော်ကြောင်း သက်သေ ထူရန် အမျိုးမျိုး ကြိုးစားနေသည်။ ထက်ထက်မြက်မြက် လုပ်ရဲကိုင်ရဲလည်း ရှိသည်။ ကျွန်တော်က အဏ္ဏဝါဗေဒ သုတေသနခရီးစဉ်အကြောင်း သူ့ကို ပြောပြသောအခါ "မဆွတ်ခင်က ညွတ်ချင်" ဆိုသလို လိုက်ပါရန် ချက်ချင်း

mgyoe.com

mgyoe.com


စာရင်းပေးလိုက်လေသည်။ ကုန်ကျစရိတ်တွင် ပါဝင်ငွေကိုလည်း ချက်ချင်းပင် ထုတ်ပေးလိုက်လေသည်။

(သင်္ဘောထင်းမီးခ၊ လျှပ်စစ်မီးခနှင့် စားသောက်စရိတ်စကတို့ မျှခံကြရခြင်းသာဖြစ်သည်။ သင်္ဘောငှားခ၊ သင်္ဘောသားအခကြေးငွေစသည်များကို သခင်ငွေအောင်က လုံးဝမယူပါ။)

ဒေါက်တာကျော်ထင်မှာ အရပ်ရှည်သည်။ မပိန်သော်လည်း သိပ်အသားအရေ မပြည့်ဖြိုးသဖြင့် ရှည်သောအရပ်ကိုကြည့်လို့ အဆင်ပြေအောင်မလုပ်နိုင်ချေ။ နှာခေါင်းကြီးကလည်း ရှည်သည်။

ဒေါက်တာတင်အုန်းမှာ ဘူမိဗေဒပါရဂူဘွဲ့ရထားသူဖြစ်သည်။ သူသည် ပါရဂူဘွဲ့ရထားသော်လည်း ကထိကသော်လည်းကောင်း၊ ပါမောက္ခသော်လည်းကောင်း၊ အခြားအစိုးရအလုပ်တစ်ခုခုသော်လည်းကောင်း မလုပ်ခဲ့ချေ။ မိဘများမှာ သတ္တုတွင်းလုပ်ငန်းပိုင်ရှင်များဖြစ်သဖြင့် ထိုလုပ်ငန်းတွင်ပင် အလုပ်လုပ်ခဲ့လေသည်။ ယခုအခါ သူတို့လုပ်ငန်းသည် ပြည်သူပိုင်ဖြစ်သွားပြီး သူ့မှာ တာဝန်မရှိတော့သဖြင့် ကျွန်တော့်သုတေသနခရီးစဉ်သည် သူ့အဖို့ အခွင့်ထူးတစ်ရပ်ပင်ဖြစ်နေလေတော့သည်။

သူသည် ထောင်ထောင်မောင်းမောင်းနှင့် အရပ်ကောင်းပြီး ကိုယ်ခန္ဓာကြံ့ခိုင်သည်။ မျက်နှာမှာ ရှင်းလင်းပြတ်သားသည်။ မျက်မှန်ထူထူတပ်ရသည်။

ဦးသီလမှာ ရူပဗေဒမဟာသိပ္ပံဘွဲ့ရထားပြီး မိုးလေဝသဌာနမှ ဒေသဆိုင်ရာ ဒုညွှန်ကြားရေးမှူး တစ်ဦးဖြစ်သည်။

အနောက်တောင် အစွန်အဖျားဖြစ်သော မြိတ်ကျွန်းစုများမှ မိုးလေဝသအခြေအနေကို အမြန်ဆုံးသိလိုနေသဖြင့်တစ်ကြောင်း၊ မိုးလေဝသသတင်းများကို တိကျစွာ ပို့ပေးလျှင် ဘယ်သူကပို့ပေးပေး လိုလားအပ်သဖြင့်လည်းကောင်း၊ လုပ်သက်ခံစားပိုင်ခွင့်နှင့် ခွင့်ရက်များ ခံစားနေသော ဦးသီလကို အထက်လူကြီးများက ကျွန်တော်တို့နှင့် လိုက်ပါစေရန် သဘောတူခဲ့လေသည်။

ဦးသီလမှာ အရပ်က အလေးတော်ပင်ဖြစ်သည်။ ကိုယ်ခန္ဓာတောင့်တင်းပြည့်ဖြိုးသည်။ မျက်နှာမှာ သပ်ရပ်ပြေပြစ်ပြီး ကြည်လင်ရွှင်ပျသည်။

mgyoe.com

ဦးမျိုးမြင့်မှာ သတ္တဗေဒမဟာသိပ္ပံဘွဲ့ရထားပြီး နိုင်ငံခြားမှာ ပင် လယ်ငါးနှင့် အခြားပင်လယ်ထွက် အစားအစာများကို အထူးလေ့လာခဲ့သူ ဖြစ်၏။ မြန်မာ့ပင်လယ်ပြင် ပုလဲနှင့်ငါးဖမ်းလုပ်ငန်းများတွင် လက်တွေ့ အတွေ့ အကြုံရှိသူလည်းဖြစ်၏။ ယခုအခါ တက္ကသိုလ်မှာ ဆရာလုပ်နေသည်။ အဏ္ဏဝါဗေဒသုတေသနခရီးစဉ်၌ လိုက်ပါရန် စိတ်အားထက်သန်လှသောကြောင့် ပေးချင်သော ခွင့်မျိုးပေးပါ။ လစာမဲ့ခွင့်မျိုးဖြစ်ချင်ဖြစ်ပါစေဟု ခွင့်စာတင်ကာ လိုက်ပါခဲ့သူဖြစ်လေသည်။

အခြား သုတေသီပညာရှင်များလည်း ရှိပါသေးသည်။ ပညာရှင် စာရင်းမပေါက်သော ဓာတ်ခွဲခန်းလက်ထောက်လို သုတေသီများလည်း ပါပါသေးသည်။ သူတို့သည် အထက်တွင် ဖော်ပြထားသကဲ့သို့ ကိုယ့်အချိန် ကိုယ်ပိုင်၍ လိုက်ခဲ့သူများ၊ အမှုထမ်းအရာထမ်းဖြစ်နေသဖြင့် သက်ဆိုင်ရာမှ ခွင့်တောင်းပြီး လိုက်ခဲ့သူများ၊ ခွင့်စာတင်၍လိုက်ခဲ့သူများ စသည်ဖြင့် ဖြစ်ကြသည်။ တယ်လီဖုန်းဖြင့် ခွင့်တိုင်ပြီး လိုက်လာခဲ့သူတော့မရှိပါ။ ဆိုင်ရာစာမေးပွဲအတွက် စာတမ်းတင်ရန် ကွင်းဆင်းလေ့လာသည့်အနေဖြင့် လိုက်ပါခဲ့ကြသော တက္ကသိုလ်ကျောင်းသားကြီးများလည်း ပါပါသေးသည်။ အားလုံးကို သုတေသီလုပ်သားများဟု ခေတ်နှင့်အညီ ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။ သူတို့ကား (ဝါ) ကျန်သုတေသီလုပ်သားများကိုကား ဝတ္ထုဇာတ်လမ်းတွင် လိုအပ်သလို ပွဲထုတ်တင်ပြသွားပါမည်။

သို့သော် သဘော်ာဒါယကာ သခင်ငွေအောင်က ခေါ်လာသော ဇာတ်လိုက်နှစ်ဦးကိုကား ယခုက ကြို၍ဖော်ပြမှ သင့်လိမ့်မည်ထင်ပါသည်။ ခရီးစဉ်အတွက် ပြင်ဆင်နေစဉ် ကျွန်တော်နှင့် သခင်ငွေအောင်တို့ စာပေးစာယူ မကြာခဏပြုကြရသည်။ စက်တင်ဘာလထဲတွင် ရသော စာ တစ်စောင်၌ သူကိုယ်တိုင် လိုက်ပါမည့်အကြောင်း ရေးခဲ့သည်။ ကျွန်တော် များစွာ ဝမ်းသာသွား၏။ မြိတ်ကျွန်းစုနှင့် ကပ္ပလီပင်လယ်ပြင်မှာ သူရရှိ ထားသော အတွေ့အကြုံတို့သည် များစွာအသုံးဝင်မည်ဖြစ်သည်။

သဘော်ာမာလိန်မှူးက သဘော်ာသားများကို အုပ်စီးရာမှာလည်း သူ့အကူအညီကို ရရှိမည်ဖြစ်၍ မပြေမပြစ်အထစ်အငေါ့ တစ်စုံတစ်ရာမျှ တွေ့ရှိရတော့မည်မဟုတ်။

mgyoe.com

mgyoe.com


အောက်တိုဘာလတွင် ရရှိသော စာမှာကား သူ့ညီတော်မောင်တစ်ယောက်နှင့် တူတော်မောင် တစ်ယောက်တို့လည်း လိုက်ပါကြမည်ဟု ဆိုလေသည်။

သူ့ညီတော်မောင်ဆိုသူမှာ ရန်ကုန်မြို့မှ ကြွေထည်လုပ်ငန်းစက်ရုံ မန်နေဂျာတစ်ဦးဖြစ်သည်။ သူသည် ဖန်ချက်စက်တည်ထောင်ရန်သို့မဟုတ် အစိုးရကသော်လည်းကောင်း၊ ပုဂ္ဂလိကအရင်းရှင်တစ်ဦးဦးကသော်လည်းကောင်း တည်ထောင်ရာ၌ ပါဝင်ကူညီရန် စိတ်ကူးနေသူဖြစ်သည်။ သခင်ငွေအောင်အား ဖန်ချက်စက်လုပ်ငန်း၌ စိတ်ဝင်စားဖို့ကောင်းကြောင်း မကြာခဏတိုက်တွန်းဖူးသည်ဆို၏။

သူသည် သခင်ငွေအောင်၏မိတ်ဆက်စာနှင့် ကျွန်တော့်ကို လာတွေ့၏။

သူသည် အရုပ်အမောင်း မကောင်းလှဘဲ ဗလကောင်းလှသောကြောင့် ပုပြတ်ပြတ်ဟုထင်ရသည်။ ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီလက်တိုကို ဝတ်ထားရာ လက်မောင်းကြွက်သားကြီးများနှင့် ခြေသလုံးကြွက်သားကြီးများကို ထင်ရှားစွာမြင်နေရသည်။ ဖောင်းကြွသော ရင်အုပ်နှင့် ခုံးထနေသော ကုပ်ကြောကြီးများရှိကြောင်းမှာလည်း သိသာသည်။ သူသည် မှန်မှန်အားကစားလေ့ကျင့်ထားဟန်ရှိသည်။ မျက်နှာမှာ ရှင်းလင်းပြတ်သားပြီး မျက်ခုံးမွေးထူထူ၊ မေးရိုးကြီးကြီးနှင့် ဖြစ်သည်။

အာလာပသလ္လာပစကားများ ပြောကြပြီးနောက် ကျွန်တော်က သူ့ပညာအရည်အချင်းကို မေးလိုက်လေသည်။ သုတေသနခရီးစဉ်နှင့် ပတ်သက်သည်ဖြစ်ရာ ဤမေးခွန်းကို မုချမေးရမည်သာဖြစ်သည်။ ထို့ပြင် အကြောင်းတစ်ခုရှိသေးသည်။ သူ့အလုပ်အကိုင်နှင့် သူ့ပုံပန်းသွင်ပြင်ကို ကြည့်၍ သူသည် စာသမားမဟုတ် လက်တွေ့သမားသာဖြစ်သည်ဟု ထင်ရသည်။ ပညာတတ်၍မဟုတ်ဘဲ၊ လုပ်သက်ဖြင့် တက်လာသည်ဟုလည်း ထင်စရာရှိသည်။ သူသည် ထိုအထင်မျိုးကိုမခံရလေအောင် ဟန်ပန်အသံတမင်အားထုတ်၍ အင်္ဂလိပ်လိုဖြေကြားလိုက်သည်။ စတိတ်စ် (အမေရိကန်ပြည်ထောင်စုကို ဆိုလိုသည်)မှာ နှစ်ပေါင်းများစွာ ပညာသင်ယူခဲ့ကြောင်း၊ စက်မှုလုပ်ငန်း သက်ဆိုင်ရာ ပညာရပ်တစ်ခုတွင် မဟာသိပ္ပံဘွဲ့ရကြောင်း၊

mgyoe.com

ယခုခရီးစဉ်တွင် ပင်လယ်ကမ်းခြေ သဲသောင်ယံများနှင့် ဖန်ချက်နိုင်သော သဲများကို အထူးရှာဖွေလေ့လာမည်ဖြစ်ကြောင်း စသည်ဖြင့်ဖြစ်လေသည်။ သူ့အမည်မှာ ဦးဖေထွန်းအောင်ဖြစ်သည်။ (မားကပ်စ်အောင်)ဟု လည်း ခေါ်ကြောင်းပြောပြသည်။

ထိုနေ့က သူသည် ကျွန်တော့်အား ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ အခြေအနေကို အတော်ကြာအောင် ပြောပြနေသေးသည်။ အစိုးရ၏ ပေါ်လစီမှားကြောင်း၊ အလုပ်သမားတွေက အခွင့်အရေးသာ နင်းတောင်းပြီး အလုပ်မလုပ်ကြကြောင်း၊ ကုန်ကြမ်းအခက်အခဲ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်း စသည်ဖြင့် စုံနေ၏။

တစ်ယောက်နှင့်တစ်ယောက် ယခုမှစတွေ့ပြီး ဤမျှပွင့်လင်းစွာ ပြောခြင်းအတွက် ကျွန်တော်အံ့သြနေမိလေသည်။

နောက်တစ်ယောက်မှာ မြိတ်တွင် သခင်ငွေအောင်နှင့် အတူနေသော ကိုသန့်စင်လေးဖြစ်၏။ သူသည် သခင်ငွေအောင်၏ ညီဝမ်းကွဲမှ မွေးသောသားဖြစ်ပြီး သခင်ငွေအောင်က ကျွေးမွေးပြုစု ပညာသင်ပေးခဲ့ရသည်ဆို၏။ တက္ကသိုလ်ဘွဲ့ရထားသော်လည်း ထိုက်ရာတန်ရာ အလုပ်ဝင်မလုပ်ဘဲ ဘဝင်မြင့်နေသည်ဟု သူ့ဦးကြီးက ဆိုလေသည်။ သူသည် စာအုပ်တွေ အများကြီးဖတ်ပြီးနောက် စိတ်ကူးယဉ်တွေးတော ငေးမောခြင်းဖြင့် အချိန်ကုန်တတ်သည်။ ယခုတလော ဘာစိတ်ကူးပေါက်သည်မသိ မုတ်ဆိတ်ရှည်ထားသည်။ တစ်ခါတစ်ခါ သခင်ငွေအောင်က သူ့ကိုကြည့်ပြီး အကဲမရသဖြင့် စိတ်မှန့်ပါလေစဟု စိုးရိမ်မိသည်။ အဏ္ဏဝါဗေဒသုတေသန ခရီးစဉ်အကြောင်း သူကြားသောအခါ သူလည်းလိုက်မည်ဟု သူ့ဦးကြီးအား ပြောလေသည်။

"ဘာကြောင့် လိုက်ချင်သလဲလို့ မေးတော့ တော်တော်နှင့်မဖြေဘူးဗျ။ အကြောင်းရှိပါတယ် ဦးကြီးရယ်၊ အလုပ်ရှိပါတယ် ဦးကြီးရယ်၊ သည်လိုပဲ ပြောတယ်။ မေးလွန်းမက မေးတော့မှ ပုလဲဒေဝီကိုရှာဖို့လိုက်တယ်လို့ ပြောတယ်။ သည်တော့မှ ကျုပ်လည်းရိပ်မိတော့တယ်။ သည်ကိစ္စကို စာနှင့် ရေးမနေပါရစေနှင့်။ တကယ်တော့ ကျုပ်လည်း လိပ်ပတ်လည်အောင် မသိဘူး။ ဆရာ သူနှင့်လူချင်းတွေ့တော့မှ တဖြည်းဖြည်း အယုံသွင်းပြီး

mgyoe.com


မေးကြည့်ပါ" ဟု သခင်ငွေအောင်၏စာတွင် ပါရှိလေသည်။

ပုလဲဒေဝီရှာရန်လိုက်မည့် ကိုသန့်စင်လေး။ သူနှင့်တွေ့ရန် ကျွန်တော်စောင့်မျှော်နေမိသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၃)

# 'အောင်'သင်္ဘောထွက်ပြီ

နိုဝင်ဘာလကုန်ခါနီးတွင် သခင်ငွေအောင်၏သင်္ဘောသည် ရန်ကုန်သို့ ရောက်လာလေသည်။ သခင်ငွေအောင်လည်း တစ်ပါတည်း လိုက်ခဲ့၏။ ပုလဲဒေဝီကိုရှာရန် လိုက်ခဲ့သည်ဆိုသော သူ့တူတော်မောင် ကိုသန့်စင်လေးကိုလည်း တွေ့ရလေပြီ။

ကိုသန့်စင်လေးဟု ကျွန်တော်က ရေးသားဖော်ပြခြင်းမှာ သူ့ ဦးကြီးက သူ့စာတွင် သန့်စင်လေး၊ သန့်စင်လေးနှင့် ဖော်ပြခြင်းကြောင့်ဖြစ်၏။ အမှန်မှာ သူ့နာမည်သည် သန့်စင်သာဖြစ်၏။ အသားအနည်းငယ်ညိုသော်လည်း ကြည်လင်သန့်ရှင်းသည်။

အရပ် ၅ ပေ ၆ လက်မထက်မနည်းရှိမည်ဟု ခန့်မှန်းရပြီး ကိုယ်လုံးကိုယ်ပေါက် ကျစ်လျစ်ပြေပြစ်သည်။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့်ဖြစ်သည်။ မျက်လုံးများရီဝေဝေဖြစ်နေခြင်းနှင့် မုတ်ဆိတ်မွေး ထူလပျစ်ဖြစ်နေခြင်းမှလွဲ၍ ဘာမျှအပြစ်ပြောစရာမရှိချေ။ ကျွန်တော်သည် သူ့ဦးကြီးပြောပြထားချက်အရ သူနှင့် သူ့ကိစ္စကို များစွာစိတ်ဝင်စားနေသော်လည်း သူနှင့် ချက်ချင်းအရောဝင်ရန် မကြိုးစား

mgyoe.com

mgyoe.com


ချေ။ အကြောင်းမူကား တစ်ခါတစ်ခါအရောဝင်ရန် ချဉ်းကပ်ပုံမမှန်လျှင် ကလေးငယ်များသည် လူကြီးကို ရှောင်ရှားသွားတတ်သလို မောင်သန့်စင်က ကျွန်တော့်အား ရှောင်ရှားသွားမည်ကို စိုးသောကြောင့်တည်း။

သူ့ကိုပစ်ပယ်ထားသလိုလည်း မဆက်ဆံမိအောင် ဂရုစိုက်ရသေးသည်။

သခင်ငွေအောင်က သူ့သင်္ဘောကို 'အောင်'ဟု အမည်ပေးထားသည်။ ငါးဖမ်းသင်္ဘောကြီးဖြစ်သည့်အတိုင်း ကုန်အများကြီးတင်နိုင်သည်။ အိပ်ခန်းကနည်းသည်။ သို့သော် ကုန်းပတ်ကျယ်သည်။

အများသုံး အခန်းတစ်ခန်းပါရာ ကျွန်တော်တို့တစ်တွေ စားသောက်ရန်၊ သို့မဟုတ် စုထိုင်စကားပြောရန်၊ သို့မဟုတ် စာဖတ်ရန်၊ သို့မဟုတ် အပန်းဖြေရန် အခန်းအဖြစ်ဖြင့် ခင်းကျင်းစီစဉ်ထားလေသည်။ ကျွန်တော်က 'သက်သာခန်း' ဟု အမည်ပေးထားလိုက်၏။

အအေးခန်းကောင်းကောင်းပါသည်ဖြစ်ရာ ရက်ပေါင်းများစွာအတွက် စားဖွယ်သောက်ဖွယ် သား၊ ငါး၊ ဟင်းသီးဟင်းရွက်အများအပြား ဝယ်ယူတင်ဆောင်လာနိုင်သည်။

ယခုရာသီတွင် ပင်လယ်ခရီးသည် ကြမ်းမည်မဟုတ်သော်လည်း ကမ်းဆိုက်၍ ကျွန်းတက်ရသောခရီးသည် ကြမ်းမည်သာဖြစ်သည်။ ကျောက်ဆောင်၊ တောတောင်ထူထပ်မည်။ ဆားငန်ရေ စိုရွှဲမည်။ သင်္ဘောပေါ်တွင် အေးမည်ချမ်းမည်မဟုတ်သေးလည်း လေတိုက်ခံရမည်။ ထိုအခြေအနေများကို ရင်ဆိုင်နိုင်သော အဝတ်အထည်၊ ဖိနပ်၊ ဦးထုပ်စသည်များ ယူဆောင်ခဲ့ကြရန် မှာထားပြီးဖြစ်သည်။

ကျွန်တော်ဆိုလျှင် ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ဘွတ်ဖိနပ်စသည်များကို ရှာရသည်။ ကာကီဘောင်းဘီရှည် အသစ်တစ်ထည်ချုပ်ထားပြီးရှိသဖြင့် အဆင်ပြေလှသည်။ လေထဲလှိုင်းထဲ ခေါင်းမှာကပ်နေမည့် ဂျန်ဂဲလ်ကက်ပ် ခေါ် ကာကီဦးထုပ်တစ်လုံး အသစ်စက်စက်ရှိထားသည်။ ခရီးထွက်မည် ဆိုတော့ မိတ်ဆွေတစ်ဦးက ရော်ဘာခွာကောင်းကောင်း ကင်းပတ်ထူထူနှင့် ဘွတ်ဖိနပ်တစ်ရံ လာပေးလေသည်။

အချို့ သုတေသီပုဂ္ဂိုလ်များသည် စစ်သားများလွယ်သော ကျော

mgyoe.com

mgyee.com

ပိုးလွယ်အိတ်များကိုပင် ရှာဖွေဆောင်ယူခဲ့ကြသေး၏။

သုတေသီပုဂ္ဂိုလ်များ (ဝါ) သုတေသနလုပ်သားများအား ဆွေမျိုးမိတ်သင်္ဂဟအပေါင်းက လိုက်ပို့ကြသည်။ ပထမတုန်းက ကျွန်တော်တို့သည် ငါးဖမ်းသင်္ဘောတစ်စင်းဖြင့် ခရီးထွက်မည်ဆိုသောအခါ လူတော်တော်များများသည် နှာခေါင်းရှုံ့ကြ၏။ သူတို့စိတ်ထဲမှာ ငါးဖမ်းသင်္ဘောဟူသည် ညစ်ပတ်ပေရေနေလိမ့်မည်၊ ညှီစော်နံနေလိမ့်မည်၊ အနေအထိုင် ခက်ခဲလိမ့်မည် စသည်ဖြင့် ထင်မှတ်ခဲ့ကြ၏။ ယခု 'အောင်' သင်္ဘောကို မြင်သောအခါ အံ့အားသင့်နေကြ၏။ 'အောင်' သည် များစွာသန့်ရှင်းသည်။ ဤခရီးမထွက်မီ ကျကျနန မွမ်းမံပြင်ဆင်ထားသဖြင့် သစ်လွင်တောက်ပနေသည်။ ငါးဖမ်းလုပ်ငန်းတွင် အသုံးပြုနေခြင်းမဟုတ်သဖြင့် ညှီစော်လည်းနံစရာအကြောင်းမရှိ။ နေစရာ၊ ထိုင်စရာလည်း မရှားချေ။

ရုက္ခဗေဒ ဒေါက်တာကျော်ထင်ကို လိုက်ပို့သော အမျိုးသမီးတစ်ဦးက 'အစ်ကိုတို့တော့ဇိမ်ပဲ၊ ပစ်ကနစ်ထွက်သလိုပါပဲ" ဟု လှမ်းပြောသံကို ကျွန်တော် ကြားလိုက်ရသည်။

သူတို့ပါ လိုက်ချင်တယ် မအားလို့ ... ပြောသူကလည်း မရှားချေ။ ဘူမိဗေဒ ဒေါက်တာတင်အုန်းကို ဇနီးနှင့်သားသမီးများက လိုက်ပို့ကြသည်။ သား၊ သမီးပေါများသော ဇနီးမောင်နှံပေတည်း။ အငယ်ဆုံး သားသည် အဖေ့သားဖြစ်ပြီး နောက်ဆုံးအချိန်အထိ အဖေကိုကပ်နေသည်။ ပြီးတော့ အဖေနှင့်အတူ သူမလိုက်ရဘူးဟု သိရသောအခါ ငိုမဲ့နေသဖြင့် အတော်ပင် ချော့ယူကြရသည်။

ကျွန်တော်သည် မကြာခဏ ခရီးထွက်တတ်သဖြင့် ကျွန်တော့်အိမ်သူအိမ်သားများအဖို့ ရိုးနေလေပြီ။ သားများက လိုက်မပို့ကြ။ ဇနီးနှင့် သမီးတို့သာ လိုက်ပို့ကြပြီး သမီးက စာကျက်စရာရှိသေးသည်ဆိုကာ စောစောစီးစီး ပြန်သွားကြလေသည်။

ခရီးစဉ်တွင် လိုက်ပါရန် သင်္ဘောပေါ်သို့တက်ကြသော သုတေသီလုပ်သားအားလုံးကို သခင်ငွေအောင်နှင့် သူ့တူမောင်သန့်စင်တို့က ဆီးကြိုပြီး နေရာချထားသည်။ မောင်သန့်စင်သည် လှုပ်ရှားတက်ကြွနေ၏။ သာမန်ဝတ်ကျောတိုင်းကုန်ကြိုဆိုရုံမက သယ်စရာရှိလျှင် သယ်၊ ပိုးစရာရှိလျှင်ပိုး

mgyee.com

mgyoe.com


၍ပင် ပေးလိုက်သေးသည်။

မွန်းလွဲ ၂ ချက်တီးကျော်ကျော်တွင် သင်္ဘောထွက်လာလေသည်။ သင်္ဘောထွက်စတွင် ကျွန်တော်တို့သည် ကုန်းပတ်ပေါ်ရပ်ပြီး ကျန်ရစ်ခဲ့သော ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ၊ ရေဝန်ရုံးကြီးအုပ်စီးနေသော ကမ်းနားလမ်းကြီး၊ သင်္ဘောကြီးငယ်များ၊ လှေကြီးလှေငယ်များ ပြည့်နေသော ရန်ကုန်မြစ်နှင့် ရွှေတိဂုံစေတီတော်ကြီး လွှမ်းမိုးနေသော ရန်ကုန်မြို့ကြီးကို ကြည့်နေကြလေသည်။

ပြီးနောက် သင်္ဘောတွင်းဝင်ပြီး ကိုယ့်နေရာ ထိုင်ခင်းများကို ရှာကြသည်။ ကိုယ့်ဝန်စည်စလယ်များကို စစ်ဆေးကြသည်။

ထို့နောက် ကိုယ့်နေရာကိုယ် ခင်းကျင်းပြုလုပ်နေရာချထားကြ သည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် ကိုယ့်အားကိုယ်ကိုးစနစ်ကိုသာ များသောအားဖြင့် သုံးကြရတော့မည်ဖြစ်၏။

ကျွန်တော်အပါအဝင် လူကြီးအချို့မှာ ကေဘင်ဆိုသော အခန်းငယ်တစ်ခန်းလျှင် နှစ်ယောက်နေရသည်။ လူငယ်များကား ဘုံခန်းကြီးတစ်ခန်းတွင် နှစ်ထပ်ကုတင်များနှင့် နေကြရသည်။ သင်္ဘောကျောက်ဆူးချထားချိန်တွင် ကုန်းပတ်တစ်ပိုင်းပေါ်၌ ရွက်ထည်မိုး ရွက်ထည်ကာ ပေးထားမည်ဖြစ်ရာ ကျပ်ကျပ်တည်းတည်းနှင့် အနေကျုံ့စရာမလို၊ အခန်းထဲ ပူအိုက်နေလျှင်လည်း အပေါ်တက်အိပ်နိုင်ကြသည်။

ညနေ ၄ နာရီကစပြီး "သက်သာခန်း" တွင် လက်ဖက်ရည်သောက်နိုင်ကြသည်။

လက်ဖက်ရည်မှာ ကောင်းလှ၏။ ဤမျှ ကောင်းသောလက်ဖက်ခြောက် ဘယ်ကရသနည်း။ သင်္ဘောပေါ်တွင် နို့ဆီအလုံအလောက်ပါသလော။

ကျွန်တော်တို့၏အဏ္ဏဝါဗေဒ သုတေသနခရီးစဉ်ကို များစွာ လိုလားသော ကုန်သွယ်ရေးကော်ပိုရေးရှင်း လိုင်းမင်ဘာလူကြီးတစ်ဦးက ပြည့်စုံလုံလောက်စွာရအောင် ကြိုးစားပေးသည်ဟု သခင်ငွေအောင်က ပြောပြလေသည်။ ကြိုက်တတ်သူများအဖို့ နေ့စဉ် ရာရှင်ထုတ်ရောင်းရန် မန္တလေးရမ်၊ မန္တလေးဘီယာ၊ မန္တလေးဘရန်ဒီနှင့် အောင်သပြေပုလင်းများလည်း ရခဲ့ပါ
mgyoe.com

mgyoe.com


သည်ဟု သခင်ငွေအောင်က ကြေညာလိုက်ရာ သုတေသီပုဂ္ဂိုလ်ကြီး အချို့ လည်း "ဟူးရေး" ဟု အော်ကာ ကောင်းချီးသြဘာပေးကြသည်။ ဘားဖွင့်ချိန်ကို ၁၇း၀၀ နာရီမှ ၂၂း၀၀ အထိဟု သတ်မှတ်ကြလေသည်။

နေ့စဉ်ထုတ်ပေးမည့် ပုလင်းဦးရေကို ကန့်သတ်ထားမည်ဖြစ်သည်။ သုတေသီပုဂ္ဂိုလ်ကြီးတစ်ဦးက ....

"ထိန်းမနိုင် သိမ်းမရအောင် မူးသူကို ကျန်လူတွေက ဆွဲပြီးပင်လယ်ထဲ ပစ်ချရမယ်" ဟု ခြိမ်းခြောက်သော အဆိုပြုလိုက်ရာ အားလုံးက ရယ်ကြလေသည်။

ကျွန်တော် ...

"ထိန်းမနိုင် သိမ်းမရအောင် မူးသူကို ကျန်လူများက ပင်လယ်ထဲ ပစ်ချဖို့ မလိုပါဘူးဗျ၊ သူ့ဘာသာသူ ခုန်ချပါလိမ့်မယ်။ ခုန်မချလည်း သင်္ဘောပေါ်က လိမ့်ကျပါလိမ့်မယ်။ သင်္ဘောဝမ်းထဲက ကုန်းပတ်ပေါ်တက်တဲ့ လှေကားကိုကြည့်ပါလား၊ ဘယ်လောက် လိမ့်ကျစရာကောင်းသလဲ။ သင်္ဘောပေါ်မှာ ညှိုသကျည်းနှင့် တိုက်စရာ၊ ခြေမနှင့်တိုက်စရာ၊ နဖူးနှင့် တိုက်စရာ ခလုတ်တံသင်းတွေကလည်း အများကြီးပါပဲ" ဟု ပြောလေရာ တပြုံးပြုံးတဟဲဟဲနှင့် နားထောင်နေကြသည်။ အချို့က တဟဲဟဲရယ်ရင်းက စိမ့်ကြောက်လာကြဟန်တူသည်။ ပါးစပ်စေ့သွားကြသည်။

တစ်ယောက်သော သုတေသီလုပ်သားက

"ကျွန်တော်တော့ အရက်သောက်ဖို့ လိုမယ်မထင်ဘူး၊ ခုကတည်းက နည်းနည်းမူးလာပြီ" ဟု ပြောသဖြင့် သူ့ကိုကြည့်လိုက်ရာ ခပ်ခွေခွေခပ်ညှိုးညှိုးဖြစ်နေသည်ကို တွေ့ရလေသည်။

သခင်ငွေအောင်က ....

"ဘားကို ဘယ်နေ့စဖွင့်ရမှာလဲ.." ဟု မေးလေရာ ပညာရှင်ကြီး တစ်ဦးက ...

"ဒီနေ့ပေါ့ဗျ"

အားလုံး ဝါးကနဲရယ်ကြသည်။

သခင်ငွေအောင် ...

"ခုပဲ ၅ နာရီထိုးသွားပြီ။ ဒီနေ့ ဘားဖွင့်ချိန် နည်းနည်းနောက်ကျမယ်၊

mgyoe.com

mgyoe.com

၆ နာရီမှ ဖွင့်နိုင်မယ်၊ သည်းခံစောင့်ကြပါ"

ထိုအချိန်တွင် အခန်းထောင့်တစ်ထောင့်၌ မောင်သန့်စင်သည် ကျောင်းနေဖက်တစ်ဦးနှင့် တွေ့နေသည်ကို သတိပြုမိသည်။ သူတို့သည် ဖက်လဲတကင်း ဝမ်းပန်းတသာ ဖြစ်နေကြ၏။ သူငယ်ချင်းလုပ်သူက မောင်သန့်စင်အား မှတ်ဆိတ်အကြောင်း မေးနေဟန်လည်းတူသည်။ ပြီးတော့ သူသည် မောင်သန့်စင်အား သူတို့ထက် အတော်အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်တစ်ဦးထံ ခေါ်သွားသည်ကို မြင်လိုက်ရသည်။ သူတို့နှစ်ယောက်စလုံး၏ ဆရာဟောင်းဖြစ်ဟန်ရှိ၏။

❑

mgyoe.com

mgyoe.com

# အခန်း (၄)

# ကမ်းဦးရေတိမ်ပိုင်း

ကျွန်တော်တို့လှူကြီးတစ်စုကား ကုန်းပတ်ပေါ်သို့ တက်ကြလေ၏။ ကုန်းပတ်လက်ကိုင်တန်းမှာ တန်းစီရပ်ကြပြီး မြစ်ဝပြင်ကျယ်ကြီးကို ကြည့်ကြ၏။ ပင်လယ်ကူးသင်္ဘောကြီးများသွားလာနိုင်အောင် ရေနက်သော မြစ်ဝဖြစ်သော်လည်း ရေကားဝါကြင့်ကြင့် အရောင်ပေါက်အောင် နောက်လှ ပေသည်။

တစ်ခါတုန်းက ငပလီသွား စံပြအလုပ်သမားတစ်ဦး၏ အတွေ့ အကြုံဟောပြောပွဲကို ကျွန်တော်သွားရောက် နားထောင်ခဲ့လေသည်။ သူက ပင်လယ်ရေနှင့် ပတ်သက်ပြီး ...

"ပင်လယ်ရေအရောင်ကို ကျွန်တော်ကြည့်ပြီး ရေတွက်ထားတာ အရောင် ၅ မျိုးတွေ့ရတယ်ဗျ။ အဝါ၊ အနီ၊ အစိမ်း၊ အပြာ၊ အနက် သိပ် အံ့သြဖို့ကောင်းတာပဲ၊ ပြီးတော့ ပင်လယ်ရေဟာ တကယ့်ကို ငန်တာဗျ၊ ခါးနေတာပဲ" ဟု ပြောခဲ့လေသည်။

စံပြအလုပ်သမားကြီးက ယင်းသို့ ဟောပြောခဲ့ပုံကို ကျွန်တော့်အနီး

mgyoe.com

mgyoe.com

မှာရှိသော သတ္တဗေဒဒေါက်တာတိုးလုံ၊ ရက္ခဗေဒဒေါက်တာကျော်ထင်နှင့် ဘူမိဗေဒဒေါက်တာတင်အုန်းတို့အား ဖောက်သည်ချလိုက်သောအခါ များစွာ သဘောကျပြီး ဝါးခနဲရယ်ကြသည်။

ပြီးနောက် ကျွန်တော်တို့သည် မြစ်ဝရေ နောက်လှပုံကို ဆွေးနွေးကြသည်။ ကုန်းပေါ်မှ တိုက်စားလာသော နုန်းမြေများဖြင့် ရေတွေနောက်ကျိနေခြင်းဖြစ်သည်။ စိုက်ပျိုးနိုင်သော အပေါ်ယံမြေလွှာနှင့် မြေဆီဩဇာများ ဆုံးရှုံးနေခြင်းဖြစ်ရာ အားလုံးယူကျုံးမရ နှမြောကြလေသည်။

ရေချိုလာလေပြီ။

မြစ်ဝကျွန်းပေါ် ကမ်းခြေသည်လည်း လျင်မြန်စွာ ကျန်ရစ်ခဲ့၏။

စင်ရော်ငှက် အများအပြားသည် "အောင်" သင်္ဘောကို ဝိုင်းလာ ပြီးနောက်မှ တကောက်ကောက် ဝဲပျံလိုက်ခဲ့ကြသည်။ သင်္ဘောပေါ်မှ လူများသည် ပေါင်မုန့်၊ ဘီစကွတ်မုန့်စသည်များ ဖွဲ့ဖွဲ့ပြီးစင်ရော်တို့အား ပစ်ပေးကြသည်။ အချို့စင်ရော်တို့က လမ်းတစ်ဝက်မှ လှမ်းဖမ်းကြပြီး အချို့က ရေပေါ်ကျသည်ကို လိုက်ကောက်ယူကြ၏။ သူတို့ကို ကြည့်ရသည်မှာ ပျော်စရာအလွန်ကောင်းသည်။

ဤစင်ရော်ငှက်များသည် နွေအခါတွင် တိဗက်ကုန်းပြင်မြင့်တွင် နေကြပြီး ဆောင်းတွင်းမှာ ဘင်္ဂလားပင်လယ်အော်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်ဟု အဆိုရှိပေသည်။

ရေအရောင်သည် အနည်းငယ် ပြောင်းလာပေပြီ။ ရွှံ့နွံအနယ်များကြောင့် ဝါညစ်နေသော အရောင်အစား မီးခိုးရောင်ဝင်လာသည်။

ဒေါက်တာကျော်ထင်က ရေကိုကြည့်နေရာမှ ကျွန်တော့်ဖက်သို့ လှည့်ပြုံးပြီး ...

"ဆရာပြောပြတဲ့ ပေလီသွား စံပြအလုပ်သမားကြီးရဲ့ ပင်လယ်ရေအရောင် ၅ မျိုးဟာ မဆိုးဘူးခင်ဗျ"

ကျွန်တော် ...

"ဘယ်ဆိုးမှာလဲ၊ ပင်လယ်ရေက အရောင်အမျိုးမျိုးဖြစ်နေတာကိုး။ တော်တော်ကြာ စိမ်းလာမယ်၊ နောက်ပြာမယ်၊ ပြီးတော့ နက်နေမယ်။ ဘာကြောင့် သည်လိုဖြစ်သလဲ"

mgyoe.com

mgyoe.com


ဘူမိဗေဒဒေါက်တာတင်အုန်း...

"အခု အရောင်ပြောင်းတာကတော့ ရွှံ့နွံတွေ အနည်ထိုင်သွားလို့ ပြောင်းလာ တာပဲ၊ ပင်လယ်ရေသက်သက်ကတော့ အရောင်မရှိတဲ့ရေပါပဲ။ အစိမ်း၊ အပြာ၊ အနက် ပြောင်းသွားတာမှာတော့ ရေအတိမ်အနက်နှင့်ဆိုင်တယ်။ ပြီးတော့ နေရောင်ခြည်၊ အနုအရင့်ကွာခြားချက်နှင့် နေရောင်ခြည် တည့်တည့်ကျဆင်းသလား၊ သို့မဟုတ် ဘယ်လောက်စောင်းပြီး ထိုးဆင်းသလဲဆိုတဲ့အချက်စသည်တို့နှင့်လည်း ဆိုင်တယ်ဗျ"

သတ္တဗေဒဒေါက်တာတိုးလုံးက ဝင်ဖြည့်စွက်သည်။

"ရေထဲရှိတဲ့ ငါးအုပ်ကြီးတွေကလည်း အရောင်ပြောင်းစေတယ်ဗျ။ ငါးအုပ်ကြီးတွေကြောင့် ပင်လယ်ရေပြင်မှာ အမည်းကွက်ကြီးတွေ တိမ်ရိပ်ကြီးများ ကျနေသလို ပေါ်နေတတ်တယ်"

ကျွန်တော်တို့သည် ပင်လယ်ရေအရောင်ကို ဆွေးနွေးကြရင်း ပင်လယ်သမုဒ္ဒရာတို့၏ ရေအောက်မျက်နှာသွင်ပြင်အကြောင်းသို့ရောက် သွားလေသည်။

ပင်လယ်သမုဒ္ဒရာရေပြင်၏ ပျမ်းမျှအနက်မှာ ပေ ၁၂၀၀၀ (၂ မိုင်ခွဲ) ရှိသည်။ ကမ္ဘာ့ကုန်းမြေ၏ ပျမ်းမျှအမြင့်မှာ ပေ ၂၅၀၀ သာရှိသည်။ အနက်ဆုံးနေရာတွင် ပေ ၃၀၀၀၀ ကျော်ရှိရာ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်၏ အမြင့်ပေ ၂၉၀၀၀ ကျော်နှင့် နှိုင်းယှဉ်ကြည့်ရန်ဖြစ်ပေသည်။

သမုဒ္ဒရာပင်လယ်ရေပြင်အောက် ကြမ်းပြင်သည် ပြန့်ပြူးမှုမရှိ။ ပထမဦးစွာ တိုက်ကြီးများနှင့် တစ်စပ်တည်းဖြစ်သော ကမ်းဦးရေတိမ်ပိုင်းများရှိသည်။ အကယ်စင်စစ် ကမ်းဦးရေတိမ်ပိုင်းများ (CONTINENTAL SHELVES) သည်တိုက်ကြီးများ၏ အစိတ်အပိုင်းများသာဖြစ်သည်။ သမုဒ္ဒရာကြမ်းပြင်မဟုတ်၊ ကမ်းဦးရေတိမ်ပိုင်းများသည် တိုက်ကြီးများနှင့် တစ်စပ်တည်းဖြစ်သည့်အတိုင်း ကျောက်သားသတ္တုဓာတ်ပစ္စည်း စသည်တို့အတူရှိကြသည်။ ကမ်းဦးရေတိမ်ပိုင်းများသည် ပင်လယ်ထဲသို့ အနံ့မိုင်အနည်းငယ်မှ မိုင် ၈၀၀ အထိ ထိုးဆင်းနေတတ်သည်။ အကြမ်းအားဖြင့် ပေ ၁၀၀၀ အထိ နက်သည်။ အဏ္ဏဝါသဘာဝပစ္စည်းကြွယ်ဝလှသော အပိုင်းများဖြစ်သည်။

mgyoe.com

mgyoe.com


ကမ်းဦးရေတိမ်ပိုင်း ဆုံးသည်နှင့် တစ်ပြိုင်နက် ပင်လယ်သမုဒ္ဒရာ ချောက်ကမ်းပါးကြီးအဖြစ်ဖြင့် ဆင်းကျသွားသည်။ ထို့နောက် သမုဒ္ဒရာ ချိုင့်ဝှမ်းကြီးများဖြစ်သည်။

သမုဒ္ဒရာကြမ်းပြင်မှ ထိုးထွက်နေသော တောင်ကြီးများလည်းရှိ သည်။ ထိုသို့ထိုးထွက်နေသော တောင်များအနက် ဤကမ္ဘာတွင် အမြင့်ဆုံး မှာ ဟာဝိုင်ယီမီးတောင်၊ မောနကီးဖြစ်ရာ ပေ ၃၁ဝဝဝ မြင့်သည်။ သို့သော် ယင်း ပင်လယ်ရေမျက်နှာပြင်ထက်မှ ပေ ၁၃၈၂၃ သာပေါ်နေသည်။

ပင်လယ်ရေပြင်နှင့် ကောင်းကင်ဆက်နေသော အနောက်မိုးကုပ် စက်ဝိုင်းတွင် နေလုံးနီနီကြီးသည် တရိပ်ရိပ်ကျဆင်းနေသည်။ "အောင်" သင်္ဘောသည် ပင်လယ်ထဲသို့ ချင်းနင်းဝင်ရောက်လာသည်နှင့်အတူ ကျွန်တော်သည် ပင်လယ်သမုဒ္ဒရာကြီးကို အံ့သြငေးမောနေ၏။

ဒေါက်တာတင်အုန်းက ဆက်ပြန်လေသည်။

"ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းခြေဟာ မိုင် ၁၇၆ဝ ရှည်တယ်ဗျ၊ ကျွန်တော်တို့ရဲ့ ကမ်းဦးရေတိမ်ပိုင်း (CONTINENTAL SHELVES) ဟာ စတုရန်းမိုင်ပေါင်း ၈၂၂ဝဝ ကျော်ရှိတယ်။ ကျွန်း ကြီးကျွန်းငယ် အသွယ်သွယ်ဖြင့် ခြံရံထားတယ်။

ပင်လယ်ရေထဲက ဓာတုပစ္စည်းများ၊ ဓာတ်သတ္တုများ ထုတ်ယူနိုင် တာကိုတော့ လက်တွေ့ထုတ်ယူရေးခက်သေးလို့ ကျွန်တော်အထူးမပြောလို သေးဘူး။ ကမ်းဦးရေတိမ်ပိုင်း ပင်လယ်ကြမ်းပြင်နှင့် ကျွန်းများမှ ရေနံ၊ ကန့်၊ သံဖြူ၊ အဖြိုက်နက်၊ မန်းဂနီး(စ်)စတဲ့ သဘာဝပစ္စည်းများကိုတော့ တခြားနိုင်ငံများလိုပဲ ထုတ်ယူအသုံးချဖို့ အချိန်ရောက်နေပြီဗျ။ ငါးပုစွန်၊ ကဏန်း၊ ခရု၊ မုတ်ကောင်၊ လိပ်နှင့်လိပ်ကျောက်များကို ခုထက်ဖမ်းယူသုံးစွဲ သင့်တယ်။ ငါးမှာ ကကူရံ၊ ငါးကွမ်းရှပ်၊ ပလာတူး၊ ပုစွန်မှာ ရွှေပုစွန်၊ ကုလားပုစွန်၊ ခရုမှာ ခရုစေတီ၊ ဖောင်းခရု၊ မုတ်ကောင်မှာ မွေးပုလဲမုတ်၊ သဘာဝပုလဲမုတ်၊ လိပ်မှာ ပြင်သာလိပ်၊ လိပ်ခွေးနှင့် ပင်လယ်ကဏန်း၊ ကျောက်ကျော၊ ကျောက်ပွင့်များစသည်တို့ဟာ အင်မတန်အဖိုးတန်ပြီး အင် မတန်ပေါများတယ်။ ထုတ်ယူသုံးစွဲဖို့ သိပ်လိုနေတယ်ဗျာ။

သူပြောသည်ကို ကျွန်တော်တို့ အားလုံးသဘောတူကြသည်။

mgyoe.com

လေက တော်တော်ကလေးထန်လာသည်။

ဒေါက်တာတိုးလုံက သတိပေးလိုက်သည်။

"နည်းနည်းလည်းအေးလာပြီ၊ ဘားလည်းဖွင့်ချိန်တန်ပြီ"

"သက်သာ" ဟု ပြိုင်တူအော်ကာ ကျွန်တော်တို့သည် သက်သာ ခန်းသို့ ဝင်ကြလေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၅)

## အသက်၏အစ

သက်သာခန်းတွင် လူတော်တော်စည်ကားနေလေပြီ။

ဘားဖွင့်ထားပြီဖြစ်၍ အဖျော်ယမကာများကို ကြိုက်ရာဝယ်ယူသောက်သုံးနေသူများလည်းရှိ၏။

အဖျော်ယမကာသောက်လေ့သောက်ထမရှိသဖြင့် ထမင်းစားရန် စားပွဲမှာ ထိုင်စောင့်နေသူများလည်းရှိ၏။

အချင်းချင်း မိတ်ဆက်စကားပြောကြားနေသူများလည်းရှိ၏။

ဒေါက်တာတိုးလုံ ဒေါက်တာကျော်ထင်နှင့် ဒေါက်တာတင်အုန်းတို့သည် ဘီယာမှာယူသောက်သုံးနေကြသည်။

သက်သာခန်းမှာ လူကျပ်နေသဖြင့် ကျွန်တော်ပြန်ထွက်လာစဉ် သခင်ငွေအောင်နှင့်တွေ့လေသည်။

သခင်ငွေအောင် ....

"ဘားဖွင့်ပြီးပြီလေ၊ ဘာမှမသောက်ဘူးလား။ အရက်မသောက်ချင်လည်း သံပုရာဖျော်ရည်ရပါတယ်"

ကျွန်တော် ...

mgyoe.com

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ရေချိုးခန်းခဏသွားမလို့"

"ဒါထက် ဆရာ့ကိုမေးစမ်းပါရစေ။ စာရေးဆရာ၊ သတင်းစာဆရာတွေ တော်တော်အရက်သောက်နိုင်တယ်ဆိုမဟုတ်လား"

"တချို့တော့ ဟုတ်ပါတယ်။ မသောက်တဲ့ စာရေးဆရာ၊ သတင်းစာဆရာတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်ကတော့ တစ်ခါတစ်ရံ သောက်ပါတယ်။ သောက်တဲ့အခါမှာလည်း ဗိန္ဓောဆေးအဆိုအမိန့်နှင့် ညီညွတ်နိုင်သမျှ ညီညွတ်အောင်သောက်တယ်။"

"ဆိုစမ်းပါဦးဆရာ၊ ဗမာဗိန္ဓောဆေးက ဘယ်လိုဆိုပါသလဲ"

"အရက်ကောင်းကောင်းကို ထမင်းမစားခင် သုံးကျပ်သားလောက်၊ စားပြီး နှစ်ကျပ်သားလောက် တစ်နေ့ငါးကျပ်သားထက်မများသောက်ရင် အရက်ဟာ ဝမ်းမီးတောက်ခြင်း၊ နှုတ်မြိန်ခြင်း၊ ပွင့်လန်းခြင်း၊ ထက်မြက်ခြင်းကို ပြုတတ်၏။ မလတို့ကိုကြေစေ၏။ အကြောနှင့် ဆီးအိမ်ကို စင်ကြယ်စေ၏။ ခွန်အားဝဖြိုးခြင်း၊ အသံကောင်းခြင်းကို ပြုတတ်၏တဲ့ဗျ ..
ဟဲ ... ဟဲ"

"တစ်နေ့ ငါးကျပ်သားနှင့် ရပ်နိုင်ရင်တော့ ဟုတ်မှာပေါ့ဗျာ"

"အဲဒါ ခက်နေကြတာပေါ့"

"ကဲ .... ကဲ လိုရာကြွပါဦးဆရာ"

ကျွန်တော်သည် အခန်းသို့ပြန်ခဲ့သည်။ ခဏနားနေပြီးနောက် ရေချိုးခန်းသွား၍ ကိုယ်လက်သန့်စင်သည်။ ပြီးနောက် သက်သာခန်းသို့ လာခဲ့လေသည်။

ထမင်းစားသူများ တစ်ဝိုင်းပြီးသွားလေပြီ။
လူငယ်နှစ်ယောက်သုံးယောက်သာ အရက်သောက်ကြပြီး များ သောအားဖြင့် မသောက်ကြ။

ဒေါက်တာတိုးလုံ၊ ဒေါက်တာကျော်ထင်နှင့် ဒေါက်တာတင်အုန်းတို့ကား ဘီယာသောက်ရင်း စကားတပြောပြောနှင့်နေကြသည်။ ထမင်းစားပြီးပြီဖြစ်သော ဦးသီလနှင့် ဦးဖေထွန်းအောင်တို့သည် ဒေါက်တာသုံးဦး၏ စကားဝိုင်းမှာ ဝင်ထိုင်နေကြလေသည်။ ကျွန်တော်လည်း ဘရန်ဒီတစ်ခွက် (တစ်ပက်)ဝယ်ယူပြီး သူတို့စကားဝိုင်းမှာ ဝင်ထိုင်လေသည်။

mgyoe.com

mgyoe.com

ကျွန်တော်သည် မကြာခင်က တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး အခိုးနှင့်ပိုးအကြောင်း၊ ဗိုင်းရပ်စ် (VIRUS) အကြောင်းစသည်များကိုရေးဖူးသည်။ မြန်မာအာယုဗေဒက အခိုးတည်းဟူသော တေဇောကိုပဓာနလက်သည်ထားသည်။ အင်္ဂလိပ်ဆေးပညာက ပိုးကို ပဓာနလက်သည်ထားသည်။ ဗိုင်းရပ်စ် (VIRUS) သည် ပိုးမွှားတစ်မျိုးသာဖြစ်သည်။

တေဇော၏ အပူအအေး အတက်အကျ အပြောင်းအလဲများကြောင့် ရုပ်ဝတ္ထုတို့တွင် အပွ၊ အရှုံ့၊ အကျုံ့အချဲ့၊ အကျဉ်းအကျယ်စသော အပြောင်းအလဲများ ဖြစ်ရသည်။ ထို့ကြောင့် အပုပ်အပွ၊ အဟောင်းအမြင်း၊ အသစ်အလွင်၊ အဖြစ်အပျက်စသော ပြောင်းလဲမှုများဖြစ်ရသည်။ ထိုမှ ပိုးဖြစ်ပေါ်ရသည်။

သို့ကလို ကျွန်တော်က ဆိုခဲ့လေသည်။

ဒေါက်တာကျော်ထင်သည် ကျွန်တော်၏ အထက်ဖော်ပြပါ ဆောင်းပါးကို ဖတ်ခဲ့မိလေသည်။ ထို့ကြောင့် ကျွန်တော်က သူ့ထင်မြင်ချက်ကို မေးသည်။ သူက ကျွန်တော့်အဆိုကို ကန့်ကွက်စရာမရှိပါဟုဆိုပြီး ဗိုင်းရပ်စ်အကြောင်း အကျယ်ရှင်းပြသည်။ သူ့အား စကားဝိုင်းတွင်ရှိနေသော သတ္တဗေဒပညာရှင်က ကူညီပြောလေသည်။ ဓာတုဗေဒဖော်မြူလာတွေ အများကြီးပါသည့် ဘိုင်အိုကင်မစ်စတြီစာအုပ်များကို ကိုးကားတင်ပြကြသည်။

အသေးစိတ်တွေကို ကျွန်တော်မလိုက်နိုင်၊ နားမလည်နိုင်၊ မမှတ်သားနိုင်ပါ။ သို့သော် အကြမ်းဖျင်းအားဖြင့်တော့ နားလည်မှတ်သားမိလိုက်သည်။

ဗိုင်းရပ်စ်သည် ကလပ် (CELL) ဆဲလ် မဝင်မီက တစ်စုံတစ်ခုသော အချိုးကျပုံစံဖြင့် ပေါင်းစပ်နေသော ဓာတုပစ္စည်းစုသာဖြစ်သည်။ ကလာပ်ထဲရောက်သောအခါ ဇီဝသဘောဆောင်လာသည်။ သို့သော် သဇီဝရုပ်အပြည့်မဟုတ်သေးချေ။

ဇီဝရုပ်ကလာပ်ဖြစ်ပေါ်လာရန် အမတေ (NUCLEUS) လိုသည်။ အချိုးကျပုံစံဖြင့် ပေါင်းစပ်ထားသော အဆိုပါဗိုင်းရပ်စ်ဓာတုပစ္စည်းစုံသည် ဇီဝရုပ်ကလာပ်၏ အမတေနေရာကို ယူလိုက်သည်။

mgyoe.com

ဇီဝရုပ်ကလာပ်(ဆဲလ်)သည် ကွင်းဆက် ၄ ဆက် အဆက်အစပ် ပုံစံမျိုးစုံဖြင့် တည်နေသည်။ ဗိုင်းရပ်စ်ဝင်လာပုံ ဝင်လာနည်းသည် ထိုရှိပြီး ပုံစံများကို ဖောက်လွဲဖောက်ပြန် မဖြစ်စေဘဲ ပုံမှန်အတိုင်း ဖြစ်စေလျှင် ဇီဝရုပ်ကလာပ်ကို (ဆဲလ်)သည် ပွားများသွားလေသည်။ ဇီဝရုပ်ကလာပ်သည် ဇီဝရုပ်ကလာပ်ကိုပင် ထုတ်လုပ်ပေးလေသည်။ အသက်သည် အသက်ကို ထုတ်လုပ်ပေးသည်) သို့သော် ဗိုင်းရပ်စ် ဝင်လာပုံဝင်လာနည်းသည် ထိုရှိပြီး ပုံစံများကို ဖောက်လွဲဖောက်ပြန် မမှန်မကန်ဖြစ်စေလျှင် ဇီဝရုပ်ကလာပ် အဖြစ်ဖြင့် မပွားများနိုင်တော့ပေ။ ဇီဝရုပ်ကလာပ်သည် ဇီဝရုပ်ကလာပ်ကို ထုတ်လုပ်မပေးတော့ချေ။ ဗိုင်းရပ်စ်သည်သာ ပွားများတော့၏။ ဗိုင်းရပ်စ်သည် ဗိုင်းရပ်စ်ကိုသာ ထုတ်လုပ်ပေးတော့၏။

ထို့ကြောင့် ဗိုင်းရပ်စ်သည် ဇီဝသဘော ဆောင်သော်လည်း ဇီဝရုပ်ကလာပ်မဟုတ်၊ ရှင်နေသော်လည်း အသက်မဟုတ်ဟု ဆိုကြပေသည်။

ဗိုင်းရပ်စ်မှာ ဇီဝရုပ်ကလာပ်ထဲသို့ မဝင်သေးမီက တစ်စုံတစ်ခုသော အချိုးအစားဖြင့် ပေါင်းစပ်ပါဝင်နေသည့် ဓာတုပစ္စည်းစုသာဖြစ်သည်။ ဇီဝရုပ်ကလာပ်သည် သက်ရှိ ရုပ်လောက၏အစဖြစ်သည်။ ထိုသို့ဆိုလျှင် ကလာပ်၏ အမတေနေရာကို ဝင်လာသော ဗိုင်းရပ်စ်သည် သက်မဲ့ရုပ်ဝတ္ထု နှင့် သက်ရှိဝတ္ထုကြားစပ်ကူးမပ်ကူးပုံသဏ္ဌာန်ဖြစ်လေသလော။

ထိုသို့ဖြစ်လျှင် ဗိုင်းရပ်စ်သည် ဇီဝရုပ်ကလာပ်(ဆဲလ်)အဖြစ်သို့ တိုးတက်ပွားများသွားရပေလိမ့်မည်။ ထိုသို့လည်း မတိုးတက်မပွားများ၊ ဗိုင်းရပ်စ်သည် ဗိုင်းရပ်စ်အဖြစ်ဖြင့်သာ ပွားများနေပေသည်။

ဗိုင်းရပ်စ်သည် ဇီဝရုပ်ကလာပ်(ဆဲလ်)အဖြစ်သို့ တိုးတက်ပွားများသွားကြောင်း သက်သေအထောက်အထား တွေ့ရှိရလျှင် ဗိုင်းရပ်စ်သည် အသက် (ဇီဝ)၏အစဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

အကယ်၍ ဗိုင်းရပ်စ်သည် အသက်၏အစဖြစ်သည်ဆိုလျှင် အမီးဗား၊ ပရိုဘိုဇိုးဝါးစသည်တို့သည် အသက်၏အစဖြစ်သည်ဟူသော အဆိုသည် ပျက်ပြားသွားပေလိမ့်မည်။ ပင်လယ်သမုဒ္ဒရာမှာ အသက်စတင်ဖြစ်ပေါ်သည်ဟူသော အဆိုအစား မြေပြင်မှာ အသက်စတင်ဖြစ်ပေါ်သည်ဟူသောအဆိုကို ထူထောင်ကြရပေလိမ့်မည်။ ဆွေးမြည့်ဟောင်းမြင်းသော၊ ပုပ်

mgyoe.com

mgyoe.com


သိုးသော၊ ပျက်စီးသော ရုပ်ဝတ္ထုများပေါ်မှ အသက်ဟူသော အဖြစ်သစ် ပေါ်ပေါက်တိုးတက်လာသည်ဟု ဆိုကြရပေလိမ့်မည်။ တစ်ကမ္ဘာလုံးတွင် သုတေသီတို့သည် ထိုအချက်ကို ရှာဖွေနေကြဆဲဖြစ်၏။

ဗိုင်းရပ်စ်သည် ဇီဝသဘောဆောင်သော်လည်း ဇီဝရုပ်ကလာပ် မဟုတ်ဟု ဆိုကြသည်။ (ရှင်နေသော်လည်း အသက်မဟုတ်ဟုဆိုကြသည်) အဓိပ္ပာယ်မှာ သက်မဲ့ရုပ်ဝတ္ထုတို့ထက် ပိုသောသတ္တိထူးများရှိသည်။ ကိုယ့်ကိုယ်ကိုယ် ပြန်ထုတ်လုပ်နိုင်သည့် (REDEVISION) သို့မဟုတ် (REPRO-DUCTION) ဗိုင်းရပ်စ်သည် ဗိုင်းရပ်စ်အဖြစ်ဖြင့် လျင်မြန်စွာ ပွားများသည်။ ထို့ပြင် သက်ရှိရုပ်လောကမှာကဲ့သို့ပင် သဘာဝရွေးချယ်မှု သဘောတရား (NATURAL SELECTION) အတိုင်းပြုမူသည်။ ဆေးဆရာတို့က တစ်စုံတစ်ခုသော ရောဂါဗိုင်းရပ်စ်ကို မျိုးဖြုတ်ရန်လုပ်သည်။ အတန်ကြာသော အခါ ဗိုင်းရပ်စ်သည် 'ပြီး' လာသည်။ ဆေးမတိုးတော့၊ ဆေးချက်မစူးတော့။ တစ်ခါတစ်ရံတော့လည်း တစ်စုံတစ်ခုသော ရောဂါဗိုင်းရပ်စ်သည် ဆေးတန်ခိုးကြောင့် အမျိုးပြုတ်သွား၏။ သို့သော် ဗိုင်းရပ်စ်အမျိုးအစားသစ် ပေါ်လာတော့၏။ (ဥပမာ။ တုပ်ကွေး ဗိုင်းရပ်စ်အမျိုးမျိုး)

ကျွန်တော်တို့သည် အသက်၏အစကို ဆွေးနွေးပြီးနောက် ညစာထမင်းထစားကြ၏။ သူများတကာထက် နောက်ကျနေပေပြီ။

အခန်းလည်း လူအတော်ရှင်းသွားပေပြီ။

ထမင်းစားပြီးသောအခါ သက်သာအခန်းထဲတွင်ပင် အတန်ကြာ ကျွန်တော်တို့ စာဖတ်ကြ၏။ ပြီးနောက် အိပ်ခန်းဝင်ကြလေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၆)

## ရှာသီဥတုကကောင်း၊ စက်ကလည်းမှန်

နောက်တစ်နေ့နံနက် ၅ နာရီတွင် အိပ်ရာမှ နိုးလေသည်။

ထူးဆန်းသော ဝီစီသံနှင့် သင်္ဘောသားများအိပ်ရာမှ ထချိန်ဟူသော အသံတို့ကြောင့် နိုးခြင်းဖြစ်၏။ ပုလိပ်ဝီစီသံနှင့်လည်းမတူ၊ အားကစား ဝီစီသံနှင့်လည်း မတူ။ မိုးဆွေငှက်သံလိုလို၊ သပိတ်လွယ်ငှက်သံလိုလို။

ထိုဝီစီသံမှာ သင်္ဘောသားများကို လိုက်လံနှိုးဆော်သော အချက်ပေး ဝီစီသံဖြစ်ပေ၏။ နောက်မှ စုံစမ်းသိရှိရသည်မှာ မာလိန်မှူးလုပ်သူသည် ရေတပ်သင်္ဘောများမှ အလေ့အကျင့်တစ်ခုကို ကူးယူသုံးစွဲထားခြင်းဖြစ်သည်။

သင်္ဘောသားများမှာ အဆိုင်း ၃ ဆိုင်းခွဲ၍ အလုပ်လုပ်ကြသည်။ ၄ နာရီတစ်ကြိမ် အဆိုင်းပြောင်းရပြီး တစ်နေ့နှစ်ကြိမ်တာဝန်ကျ၏။

အမှန်အားဖြင့် ကျွန်တော်သည် ဝီစီသံကို မကြားရလည်း ၅ နာရီ လောက်ဆိုလျှင် နိုးမည်သာဖြစ်၏။ "စောစောအိပ်ထပြုကျင့်က တွင်းပ ကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ကျန်းမာ" ဟူသော ငယ်ငယ်တုန်းက ရထားသော ဆုံးမစာကို ကြီးတော့လည်း လိုက်နာနေသူ

mgyoe.com

mgyoe.com


ဖြစ်၏။ ကိုယ့်အိမ်မှာနေတုန်း ကျင့်သုံးသည့် အနေအထိုင်၊ အစားအသောက် ဓလေ့များကိုလည်း ခရီးစဉ်တွင်ပင် တတ်နိုင်သမျှ လိုက်နာရန်ဆုံးဖြတ်ထား သူလည်းဖြစ်၏။ (တတ်နိုင်သမျှသာ ဖြစ်နိုင်သည်၊ တစ်သဝေမတိမ်းကား မဖြစ်နိုင်။ ဒေသပြောင်းတော့ ဥတုပြောင်းသည်ကို ထည့်မတွက်ဘဲ တရားသေလုပ်လို့မဖြစ်ချေ။)

အိပ်ရာထ ပြုဖွယ်အမှုကိစ္စများကို ပြုပြီးနောက် အသက်ရှူလေ့ ကျင့်ခန်းနှင့် တတ်နိုင်လျှင် စင်္ကြံလျှောက်လေ့ကျင့်ခန်းပြုလုပ်ရန် ကုန်းပတ် ပေါ်သို့ တက်လာခဲ့လေသည်။

ရာသီဥတုမှာ သာယာနေ၏။ သင်္ဘောစက်ကလည်း မှန်မှန် ခုတ် မောင်းနေ၏။

အပြင်လမ်းမှ ခုတ်မောင်းလာသည်ဖြစ်စေကာမူ လှိုင်းမကြီးလှပါ။

အရှဏ်ဦးရောင်ခြည်များသည် လင်းသည်ထက် လင်းလာလေပြီ၊ အရှေ့ကောင်းကင်ပြင်သည် ပို၍အာနီရဲနေ၏။ အနောက်ကောင်းကင်ပြင် တွင်ကား လဆုတ်ရက် လသည် ဝင်းပ၍ ကောင်းတုန်းပင်ဖြစ်၏။ နေက ထွက်မလာသေးသဖြင့် အရှဏ်ဦးရောင်ခြည်များနှင့် ကြယ်ရောင်၊ လရောင် တို့သည် သူမသာကိုယ်မသာ အားပြိုင်၍ နေကြတုန်းသာဖြစ်လေသည်။

ကုန်းပတ်ပေါ်တွင် ကျွန်တော့်အရင်ရောက်နေသော လူတစ်ယောက် ကို တွေ့ရလေသည်။ သူသည် လက်တန်းကို ကိုင်ကာ အနောက်ဘက် မျက်နှာ မူ၍ ငြိမ်ဆိမ်စွာ ရပ်လျက်နေလေသည်။ သူသည် အနောက်ဘက်သို့ ဆုတ်ခွာနေသော လဆုတ်လ၏အလှကို ကြည်နူးနေဟန်ရှိသည်။

အစတော့ ဘယ်သူဘယ်ဝါဟု မသဲကွဲချေ။ နောက်ထပ်ပြီး စေ့စေ့ စပ်စပ်ကြည့်လိုက်တော့ သခင်ငွေအောင်၏တူတော်မောင် ပုလဲဒေဝီအရှာ လိုက်သူ မောင်သန့်စင်ဖြစ်နေကြောင်း တွေ့ရ၏။

သူ့အကြောင်းကို အနည်းငယ် သိထားပြီးဖြစ်ရကား ယခုလို ကြည် နူးငေးမော တွေးတောနေတတ်သော သူ့သဘာဝကို ကျွန်တော်မနှောင့်ယှက် လိုချေ။ ထို့ကြောင့် ကျွန်တော်သည် အသက်ရှူလေ့ကျင့်ခန်းကိုသာလုပ် နေ၏။ စင်္ကြံလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်းကို လုပ်နိုင်လျှင် ပိုကောင်း သော်လည်း သင်္ဘောကုန်းပတ်ပေါ်မှာ စင်္ကြံလျှောက်ရသည်ကား မလွယ်

mgyoe.com

ချေ။ အသက်ကိုကား ရှည်နိုင်သလောက် ရှည်အောင် ရှုနိုင်၏။ လေဗိုက်ထဲရောက်ရုံသာ ရှုခြင်းမျိုးမဟုတ်ဘဲ ခြေမရောက်အောင် ရှုချခြင်းမျိုးဖြစ်၏။ ပင်လယ်လေထဲမှာ အိုဇုန်းတွေအများကြီးပါသဖြင့် ကျန်းမာရေးအတွက် အထူးကောင်းသည်ဟုလည်း သိရပေသည်။

ကျွန်တော် အသက်ရှုလေ့ကျင့်ခန်းလုပ်နေစဉ် မောင်သန့်စင်သည် ကျွန်တော့်အနားလာပြီး ရစ်သီရစ်သီလုပ်နေလေသည်။ ကလေးများသည် သူတို့ကို အတင်းချဉ်းကပ်ပြီး အတင်းအရောဝင်အောင်လုပ်လျှင် ရှောင်ပြေးတတ်ပြီး အတင်းမလုပ်ဘဲ မိတ်ဆွေဖြစ်ကြောင်းသာ ပြနေလျှင် သူတို့ကစပြီး အရောဝင်ရန် ကြိုးစားလာတတ်သည်။ မောင်သန့်စင်ကို ကျွန်တော်သည် ကလေးလိုသဘောထားလိုက်သည်မှာ မှန်သွားလေပြီ။ သူက ကျွန်တော့်အနားလာပြီး ရစ်သီရစ်သီလုပ်နေပေပြီ။

ကျွန်တော်က အသက်ရှုလေ့ကျင့်ခန်းကို ရပ်နားလိုက်ပြီး။

"နေကောင်းရဲ့လား မောင်သန့်စင်"

မောင်သန့်စင်က အားတက်သရော ...

"နေကောင်းပါတယ်ဦးလေး"

သင်္ဘောပေါ်တွင် မည်သူမဆို ကျွန်တော့်အား ဆရာဟုလည်းကောင်း၊ ဆရာကြီးဟုလည်းကောင်း ခေါ်ဝေါ်ကြ၏။ သူ့ဦးကြီး သခင်ငွေအောင်ကပင် ဆရာဟုခေါ်၏။ မောင်သန့်စင်ကား ခြွင်းချက်ဖြစ်နေလေပြီ။ သူက သို့ကလို ဦးလေးဟုခေါ်လိုက်ခြင်းကို ကျွန်တော်အတော် သဘောကျသွားပါသည်။

"မောင်သန့်စင်ရေ ရာသီဥတုက သိပ်ကောင်းတာပဲနော်"

မောင်သန့်စင်က ကျွန်တော့်ဘက်မလှည့်ဘဲ သင်္ဘောလက်တန်းဆီသို့သွားရင်း ....

"ဟုတ်တယ် ဦးလေး၊ ရာသီဥတုက သိပ်ကောင်းတာဘဲ၊ လာလာဦးလေးလာကြည့်ပါဦး၊ အနောက်ဖက် ကောင်းကင်က ဘယ်လောက်လှသလဲ"

ကျွန်တော်သည် သူ့အားတက်သရော ဖြစ်သလောက် လိုက်ဖြစ်အောင် ကြိုးစားကာ ...

mgyoe.com

mgyoe.com


"ဟုတ်တယ် သိပ်လှတာပဲ။ ဦးလေးဖြင့် လဆုတ်လရဲ့အလှကို ဒီတစ်ခါပဲ ပြည့်ပြည့်ဝဝ ခံစားဖူးတယ် တူမောင်ရေ့"

"သိပ်မှန်တာပဲဦးလေး။ နေက ထွက်တော့မယ်၊ အရုဏ်ရောင်ခြည်တွေက ရင့်လာနေပြီ။ ပျို့အာနီရဲနေတဲ့ အရှေ့ကောင်းကင်ကြီးဟာ ဝါတာတာဖြစ်လာပြီ။ သို့ပေမဲ့ လမင်းကြီး အရှုံးမပေးသေးဘူး။ လှတုန်းပဲ။ ကျွန်တော်ဖြင့် သိပ်နှမြောတယ်။ ဒီလောက်လှတဲ့ လမင်းကြီးဟာ ဝင်ဖို့လို့ အနောက်ကို ဆုတ်ခွာနေရပြီ၊ လဆုတ်ရက်လမို့လို့ ဆုတ်ဆုတ်နေရတဲ့ အပြင် ဝင်ခါနီးဖြစ်လို့ ဆုတ်ဆုတ်နေရရှာတယ်။ နေထွက်ခါနီးလို့ အရောင်ကလည်း ဆုတ်ဆုတ်သွားရရှာတယ်။ ဒါကြောင့် သိပ်နှမြောတယ်ဦးလေး"

သူ့မျက်နှာမှာ ငိုမဲ့မဲ့ဖြစ်နေသည်။ စင်းနေသော မျက်တောင်များကို မခတ်ဘဲ လကို ငေးကြောင်ကြည့်နေလေသည်။ ဘယ်ဘက်လက်ဖြင့် သူ့ မုတ်ဆိတ်ကို သူပွတ်နေသည်။

ကျွန်တော်က နှစ်သိမ့်ရ၏။

"ဒီလိုစဉ်းစားတော့လည်း ဝမ်းနည်းစရာ၊ နှမြောစရာချည်းပေါ့ တူမောင်ရယ်။ သို့ပေမဲ့ တစ်ဖက်က လှည့်စဉ်းစားပါဦး၊ လဆုတ်ရက်ရှိသလို လဆန်းရက်ရှိနေတာပဲ။ လပြည့်နေ့ရှိသလို၊ လကွယ်နေ့ရှိတာပဲ။ လဝင်ချိန်ရှိသလို လထွက်ချိန်ရှိတာပဲ။ ဒါတွေက အခိုက်အတန့် သဘောတွေပါ။ လရယ်၊ နေရယ်၊ ကမ္ဘာရယ် လှည့်လည်သွားလာရာ အနေထားတွေကြောင့် ပြောင်းလဲမှုတွေဖြစ်နေတာပါပဲ။ လှပတဲ့ လမင်းကြီးကတော့ အမြဲရှိနေတာကွဲ့"

သို့သော် သူကား ကျွန်တော်၏ နှစ်သိမ့်စကားများကို ကြားဟန်မတူတော့ပါ။ အရောင်ဖျော့ဖျော့သွားသော လကို ငေးကြောင်ကြည့်နေသော သူ့မျက်လုံးများတွင် မျက်ရည်ဝဲလာဟန်ပင်ရှိသည်။

သူကကြေကွဲလှိုက်လှဲသော အသံဖြင့် ပြောလိုက်သည်။

"ကျွန်တော် နှမြောတယ်ဦးလေး။ ကျွန်တော့် ပုလဲဒေဝီဟာ နေထွက်ယင်အရောင်မှိန်ပေးရတဲ့၊ ပြီးတော့ ဆုတ်ဆုတ်ပေးရတဲ့ လဆုတ်ရက်လနှင့် သိပ်တူတာပဲဗျာ"

သူသည် ကျွန်တော့်အား သူ့လျှို့ဝှက်ချက်ကို ပြောပြတော့မည်မှာ

mgyoe.com

mgyoe.com


မုချဖြစ်သည်။ ကျွန်တော်ကမေးဖို့မလို။

ကျွန်တော်ကနားစွင့်နေသည်။ သို့သော်သူဆက်မပြောတော့၊ ငိုသံပါသော စကားလုံးများ ဆုံးသောအခါ ရှိုက်သံ လိုလိုပေါ်လာပြီးနောက် ငြိမ်သက်၍သာနေလေသည်။ ပြီးတော့ချာခနဲလှည့်ကာ အခန်းထဲဝင်သွားလေတော့သည်။

နီမြန်းသော နေလုံးရိပ်ကြီးသည် တရိပ်ရိပ် တက်နေ၏။ ကြည့်လိုက်လေသမျှ နက်ပြာရောင် ရေပြင်ကြီးကိုသာ မြင်နေရလေသည်။ ကျွန်တော်သည် အသက်ရှူလေ့ကျင့်ခန်းကို ဆက်လုပ်နေလေသည်။ ခဏကြာသော် သဘော်အရာရှိ တစ်ဦးနှင့် သခင်ငွေအောင်တို့ ကျွန်တော့်အနီးသို့ ရောက်လာလေသည်။

ကျွန်တော်နှင့်တွေ့ရန် တမင်လာကြကြောင်း ထင်ရှားသည်။ ထို့ကြောင့်လေ့ကျင့်ခန်းကို ရပ်ထားလိုက်၏။

သဘော်အရာရှိမှာ အဖြူ ဝတ်စုံကို ဝတ်ဆင်ထားသည်။ နေဗီကက်ဦးထုပ်ကိုလည်း ဆောင်းထားသည်။ သို့သော် ရေတပ်မတော် အမှတ်တံဆိပ်တစ်စုံတစ်ရာမပါချေ။ မည်သည့် အဆင့်အတန်းရှိသော အရာရှိဟု မြင်ရုံနှင့်ဖြင့်မသိနိုင်ပါ။ အရပ်အမောင်းမှာ သင့်တော်ရုံဖြစ်၏။ ခန္ဓာကိုယ်မှာ ကြံ့ခိုင်တောင့်တင်း၏။ အသားဖြူဖြူ ရုပ်ချောချောဖြစ်သည်။ ပြုံးရွှင်သော မျက်နှာရှိသည်။ အသက် ၄၀ ကျော်လောက်သာရှိဦးမည်။

သခင်ငွေအောင်

"ဆရာလေ့ကျင့်ခန်း လုပ်နေသလား"

ကျွန်တော်....

"ဟုတ်တယ်....အသက်ရှူလေ့ကျင့်ခန်းလုပ်နေတယ်"

"တရားမှတ်သေးသလားဆရာ"

"ဟာ....မမှတ်ပါဘူး၊ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းတာ မဟုတ်ပါဘူး။ ကျန်းမာရေး လေ့ကျင့်ခန်းသက်သက်ပါ"

"ကောင်းပါတယ်....ကောင်းပါတယ်ဆရာ။ ကျွန်တော်တို့ မာလိန်မှူးနှင့်တွေ့ပါဦး၊ မာလိန်မှူး ကိုမျိုးမြင့်ပါ"

မာလိန်မှူး ကိုမျိုးမြင့်က ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို လက်ဆွဲနှုတ်

mgyoe.com

mgyoe.com


ဆက်သည်။

ကျွန်တော်

"တွေ့ရတာဝမ်းသာပါတယ်၊ နေကောင်းရဲ့လား"

မာလိန်မှူး ကိုမျိုးမြင့်....

"ကျေးဇူးတင်ပါတယ်။ ဆရာနှင့်တွေ့ရတာ အလွန်ဝမ်းသာပါတယ်၊ ကျွန်တော်ဟာ ဆရာ့စာဖတ်ပရိတ်သတ် တစ်ယောက်ပါ။ မနေ့က တော့သင်္ဘောစထွက်တဲ့နေ့ဖြစ်လို့ ကျွန်တော်မအားဘူး၊ ဒါကြောင့် ဆရာ့ကို လာမတွေ့ခဲ့နိုင်ဘူး။ ကိုယ့်သင်္ဘောပေါ်ကိုလာတဲ့ ဧည့်သည်ကိုတောင် မကြိုအားဘူးဆရာ။ ခွင့်လွှတ်ပါ"

"ဟာကိစ္စမရှိဘူး၊ နားလည်ထားပါတယ်။ ပြီးတော့သင်္ဘောအဖွဲ့သားများကိုယ်စား ကြိုဆိုဧည့်ခံသူတွေ ရှိပါတယ်။ သခင်ငွေအောင်တို့ ကိုသန့်စင်တို့ပါ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့တစ်တွေ ကျွန်တော်တို့အလုပ်ကို စိတ်ချလက်ချလုပ်နေနိုင်ကြတာပါ။ မြစ်ဝကထွက်ပြီး ပင်လယ်ပြင်မှာ သတ်မှတ်ထားတဲ့လမ်းကြောင်းပေါ် သင်္ဘောကို တင်ပေးပြီးတော့မှ အေးရတော့တာပဲ၊ ပွဲခန်းကထွက်နိုင်တော့တာပဲ။ မနေ့ညက ဆရာအိပ်လို့ရရဲ့လား"

"အိပ်နိုင်ပါတယ်"

"မူးကောမူးသေးလား"

"မမူးပါဘူး။ ဒါထက် မာလိန်မှူးနဲ့တွေ့လို့ မေးရအုံးမယ်၊ မနက် ၅ နာရီထိုးတော့ သင်္ဘောသားများ အိပ်ရာမှထချိန်ဆိုတဲ့ နှိုးသံနှင့်အတူ ထူးဆန်းတဲ့ဝီစီသံကြားရတယ်။ မိုးဆွေငှက်သံလိုလို၊ သပိတ်လွယ်ငှက်သံလိုလို"

မာလိန်မှူး ကိုမျိုးမြင့်က ပြုံးနေသည်။ သူကမဖြေမိ သခင်ငွေအောင်ကဝင်ဖြေလိုက်သည်။

"အဲဒါ ရေတပ်ဝီစီသံပဲဗျ၊ ကျွန်တော့် သင်္ဘောက ငါးဖမ်းသင်္ဘောရိုးရိုးပါပဲ၊ သို့သော် မာလိန်မှူးမျိုးမြင့်က ရေတပ်မှအတုယူထားတဲ့ စနစ်တွေနည်းတွေ အမျိုးမျိုးရှိပါတယ်။ ဒါလည်းမဆန်းပါဘူး၊ မာလိန်မှူးမျိုးမြင့်ဟာ

mgyoe.com

mgyee.com


ရေတပ်မတော်မှာ ၁၀ နှစ်ကျော် အမှုထမ်းခဲ့ဖူးတယ်။ ကျွန်တော်နှင့် တွဲဖက်ပြီးလုပ်လာတာလည်း ၁၀ နှစ်ကျော်သွားပြီး ဂျပန်နှင့် ဖက်စပ်လုပ်ကြတုန်းက သူပဲဂျပန်သွားပြီး သင်္ဘောပညာသင်ရတယ်။ ဟောဒီသင်္ဘော မြန်မာပြည်ရောက်လာတော့ ဂျပန်တွေနှင့်အတူ သူပြန်ပါလာတာပဲ၊ နှစ်နှစ်သုံးနှစ် ဂျပန်တွေနှင့်အတူ တွဲလုပ်ခဲ့ရတာပေါ့။ ဒါ့ကြောင့် သူဟာ ရေတပ်မတော်မှလည်း ကောင်းတဲ့နည်းတွေ စနစ်တွေယူတယ်"

ကျွန်တော်....

"ဩော်....ဒါ့ကြောင့်ကိုး။ ကျွန်တော်နားလည်ပြီ၊ နားလည်ပြီ။ သင်္ဘောကို မယိုမယွင်း သန့်သန့်ရှင်းရှင်း သစ်သစ်လွင်လွင် ထိန်းသိမ်းထားနိုင်တာ၊ စနစ်တကျ စည်းကမ်းရှိရှိ အလုပ်လုပ်နိုင်တာ ဒါ့ကြောင့်ကိုး။ သဘောပေါက်သွားပြီဗျာ၊ ချီးကျူးပါတယ်။ မာလိန်မှူး ကိုမျိုးမြင့်ရယ်"

မာလိန်မှူး ...

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကောင်းသည်ထက် ကောင်းအောင် ကျွန်တော်တို့ အမြဲကြိုးစားနေပါတယ်။ ဦးလေးဦးငွေအောင်ရဲ့ အမြော်အမြင်ကြီးမှုနဲ့ ရက်ရောမှုများကြောင့် ဒီလို ကျွန်တော်တို့ ဖြစ်မြောက်အောင် လုပ်နိုင်တာပါ"

သခင်ငွေအောင်က ကျေနပ်အားရစွာပြုံးလိုက်ပြီးနောက်...

"သင်္ဘောမယိုမယွင်း၊ စီမံခန့်ခွဲမှုကလည်း ကောင်း၊ အလုပ်ကလည်း စနစ်ကျကျွမ်းကျင်လေတော့ ပြည်သူပိုင်တွေ ခဏခဏလုပ်နေတဲ့ တော်လှန်ရေးအစိုးရလက်ထက်မှာတောင် ပြည်သူပိုင်အသိမ်းမခံရဘဲ စားပေါက်ပွင့်နေသေးတယ်ဗျ။ အစိုးရအမ်စီစီက အလုပ်ခဏခဏပေးတယ်။ အစိုးရ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို "အောင်"က အားဖြည့်နေရတယ် ဆရာရေ့ ကျုပ်ကလည်း ကိုယ်အတွက်သိပ်မကျန်ချင် နေပေစေ သင်္ဘောသားတွေ အလုပ်ရနေရင် ပြီးတာပဲ၊ သင်္ဘောအလုပ်ဖြစ်နေပြီးတာပဲ ဆိုပြီး မျှမျှတတလုပ်တာကိုးဗျ"

ကျွန်တော် ....

"ဒါ့ကြောင့် မာလိန်မှူးက သခင်ငွေအောင်ကို အမြင်ကျယ်တယ်၊ ရက်ရောတယ်လို့ ချီးကျူးတာပါပဲ။ ကျွန်တော်လည်း ချီးကျူးပါရစေ သခင်

mgyoe.com

mgyoe.com


ငွေအောင်"

ထိုအချိန်၌ အရှေ့တောင်ဘက်အတော်ဝေးဝေးတွင် ကျွန်းညို့ညို့များကို မြင်ရလေသည်။

"ကိုမျိုးမြင့်၊ မြိတ်နှင့်အတော်နီးလာပြီလား"

"နီးတော့ လာပါပြီ၊ သုံးနာရီလောက် ခုတ်လိုက်ရင် မြိတ်မြို့နှင့်လတ္တိကျူ့ မျဉ်းတစ်ပြေးတည်းနေရာလောက် ရောက်ပါလိမ့်မယ်"

"ကျွန်တော်တို့ မြိတ်မြို့ကို ဝင်ဦးမလား"

"မဝင်ပါဘူး၊ သို့သော် မြိတ်အနောက်ဘက်ကျွန်းတစ်ကျွန်းမှာ ကျောက်ဆူးချကြဦးမယ် ....။ ကဲ .... ကျွန်တော့်ကို ခွင့်လွှတ်ပါဦး၊ လုပ်စရာကလေးတွေ ရှိနေလို့ပါဆရာ"

သူသည် ပြောပြောဆိုဆို ထွက်သွားလေသည်။

ကျွန်တော် ...

"ဘာကိစ္စ ကျောက်ဆူးချကြမှာလဲ"

သခင်ငွေအောင်က ကျွန်တော့်ကို ခပ်တွေတွေလုပ်ပြီး ကြည့်နေသည်။ အတန်ကြာမှ ...

"ဆရာ့ကို ကျွန်တော်တောင်းပန်စရာ တစ်ခုရှိတယ်။ ဒီက ရှေ့ရောက်တော့ ကျွန်တော်တို့ရဲ့ လှုပ်ရှားသွားလာမှုကို လျှို့ဝှက်ရေး သဘောထားစေချင်တယ်၊ ဆရာဖိတ်ခေါ်လာတဲ့ သုတေသီပုဂ္ဂိုလ်တွေကလည်း ဒီလျှို့ဝှက်ရေးသဘောကို နားလည်အောင် လုပ်ပေးစေချင်တယ်။ ကျွန်တော့်သဘောကဲ ငါးဖမ်းထွက်တုန်းကလည်း မြိတ်အနောက်ဘက်ထွက်သွားပြီလို့သာ လူများတွေကို အသိပေးတယ်၊ ဘယ်သွားဖမ်းတယ်လို့ အသိမပေးဘူး။ ကိုယ် တွေ့ထားတဲ့ ငါးအုပ်ကြီးတွေ ဘယ်မှာရှိနေတယ်၊ ဘယ်ဘက်ဦးတည်ပြီး ရွှေ့ရှားသွားလာကျက်စားနေကြတယ်ဆိုတာ အခြားလူတွေ မသိစေချင်ဘူး။ အရင်းရှင်တွေရဲ့ အကျင့်ဆိုးလို့ ဆိုချင်ဆိုပါတော့ဆရာ ...။ ဒီလိုပဲ ကျင့်သုံးရတယ်။ နောက်ပြီးတော့ ရှိသေးတယ်။ ဒီကျွန်းစု၊ ဒီပင်လယ်ပြင်တစ်ဝိုက်မှာ လူကောင်းတွေချည်းလှုပ်ရှားသွားလာနေကြတာ မဟုတ်ဘူး။ မှောင်ခိုသမားတွေ၊ နိုင်ငံခြားမှ ငါးခိုးသမားတွေ၊ သောင်းကျန်းသူတွေ၊ ပင်လယ်ဓားပြတွေလည်း လှုပ်ရှားသွားလာ ကျက်စားနေကြတယ်။

mgyoe.com

mgyoe.com

သူတို့ကို ကိုယ်ကသိဖို့ လိုသော်လည်း ကိုယ့်ကိုသူတို့က သိမှာမလိုလား နိုင်ဘူး။ မလိုလည်း မလိုလားအပ်ဘူး"

သူက ပြောပြတော့မှပင် အန္တရာယ်တွေကို ကျွန်တော်မြင်မိတော့၏။ ကောင်းကောင်းကြီး လက်နက်တပ်ဆင်ထားသော မှောင်ခိုဈေးသမား တွေ၊ ငါးသူခိုးတွေ၊ သောင်းကျန်းသူတွေ၊ ပင်လယ်ဓားပြတွေနှင့် ပက်ပင်း ပါတိုးလျှင် ဘယ်လိုလုပ်ကြမည်လဲ။ ပစ်ခတ်တိုက်ခိုက်မှုများ မရှိဘူးဟု မဆိုနိုင်။ ကျွန်တော်တို့ သင်္ဘောပေါ်တွင် လိုင်စင်နှင့် ကိုင်ဆောင်ထားသော အမဲလိုက် နှစ်လုံးပြူးသေနတ်နှစ်လက်၊ ငှက်ပစ်သော လေသေနတ်နှစ်လက် နှင့် ခြောက်လုံးပြူးသေနတ်တစ်လက်သာ ပါလာသည်။

ကျွန်တော်သည် များစွာစိုးရိမ်ထိတ်လန့်လာ၏။ ကျွန်တော့် မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေသော သခင်ငွေအောင်က ဆက်ပြော သည်။

"ကျွန်တော်တို့ ကျောက်ဆူးချမှာက တခြားကြောင့် မဟုတ်ပါ ဘူး။ လုံခြုံရေးမှူးတစ်ယောက်ခေါင်းဆောင်တဲ့ ရဲတပ်ဖွဲ့ တပ်စိတ်တစ်စိတ် ပါတဲ့ မော်တော်ဘုတ်တစ်စင်း ကျွန်တော်တို့ဆီကို လာလိမ့်မယ်။ သူတို့ ကျွန်တော်တို့ သင်္ဘောနှင့်ပဲ လိုက်ခဲ့လိမ့်မယ်။ သူတို့ကလည်း သူတို့တာဝန် အတိုင်း နယ်လှည့်ဖို့ဖြစ်တယ်။ ကျွန်တော်တို့မှာလည်း သူတို့ပါလာလို့ လုံခြုံရေးစိတ်ချရတာပေါ့ နှစ်ဦးနှစ်ဖက်ကောင်းအောင် ဒီလိုပဲ စီစဉ်ခဲ့ရတာပဲ ဆရာ"

ထိုစကားကိုကြားသောအခါ ကျွန်တော် များစွာစိတ်ချမ်းသာသွား သည်။ သခင်ငွေအောင်ကိုလည်း စိတ်ထဲက ကြိတ်ချီးကျူးနေမိသည်။ အမြော်အမြင်ရှိသော၊ စေ့စပ်သေချာသော၊ ပေါက်ရောက်သော အဘိုးကြီး တစ်ဦးပေတည်း။

သခင်ငွေအောင် ..

"ဆရာ ... လေ့ကျင့်ခန်းဆက်လုပ်ဦးမလား"

ကျွန်တော် ...

"တော်ပါပြီ"

"ကဲ ... ဒါဖြင့် လက်ဖက်ရည်သွားသောက်ကြဦးစို့ရဲ့၊ ဆရာ

mgyoe.com

mgyoe.com

အသက်ရှူလေ့ကျင့်ခန်းအကြောင်းလည်း ကျွန်တော့်ပြောပြပါဦး"

"ဟုတ်ကဲ့ .... လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့"

ကျွန်တော်တို့သည် သက်သာခန်းသို့ သွားကြလေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၇)

# ကျွန်းများ နာမည်ပေးခြင်း

သက်သာခန်းတွင် လူများများ မရောက်သေးပါ။ အချို့မှာ အိပ်နေဆဲဖြစ်ကြ၏။ မနေ့ညက တော်တော်နှင့် အိပ်ပျော်ကြမည်မဟုတ်။ အိပ်ရာအပြောင်းအလဲလည်းဖြစ်ပြန်၊ မကြုံမတွေ့ဖူးသေးသော ခရီးမျိုးလည်းဖြစ်ပြန်ဆိုတော့ တော်တော်နှင့်အိပ်မပျော်သည်မှာ သဘာဝပင်ဖြစ်သည်။ အချို့မှာ လန်းလန်းဆန်းဆန်းပင် အိပ်ရာမှနိုးပြီး ကုန်းပတ်ပေါ်တက်ကာ ရှုမျှော်ခင်းများကို ကြည့်နေကြလေသည်။

သက်သာခန်း ထောင့်တစ်ထောင့်တွင် လူငယ်တစ်ယောက်သည် ကုလားထိုင်ပေါ်မှာ ခွေခွေကလေးထိုင်နေသည်။ ကုလားထိုင် လက်ကိုင်ပေါ်မှာ ခေါင်းကိုငိုက်စိုက်ချထားသည်။

သခင်ငွေအောင် ...

"ဟိုသူငယ်တော့ လှိုင်းမူးနေပြီထင်တယ်"

ကျွန်တော် ...

"မူးမယ့်သာမူးတယ် ... လှိုင်းကတော့ သိပ်မကြီးပါဘူး"

သခင်ငွေအောင် ...

mgyoe.com

mgyoe.com

"မူးတတ်တဲ့လူကတော့ ကြီးကြီးမကြီးကြီး ပင်လယ်လှိုင်းပေါ် ရောက်တာနှင့်မူးတာပဲ"

ကျွန်တော် ...

"ဆေးတိုက်မှပဲထင်တယ်"

သခင်ငွေအောင်က ခေါင်းညိတ်လိုက်ပြီး မူးနေသော လူငယ်အနီးသို့ ကပ်ကာ မေးလိုက်သည်။

"သူငယ် သိပ်မူးနေသလား"

လူငယ်သည် မော့ကြည့်လိုက်သည်။ မျက်လုံးကိုကား ကောင်းစွာ မဖွင့်နိုင်ချေ။

"သိပ်မူးနေတယ်ခင်ဗျ"

သခင်ငွေအောင်..

"ဆေးသောက်မလား၊ ဦးဆီမှာ ဒရာမာမီးန်ဆိုတဲ့ ဆေးပါတယ်။ လေယာဉ်ပျံမူး၊ သင်္ဘောမူးသောက်ကြတာပဲ"

"ဟုတ်ကဲ့ သောက်ပါရစေ"

ကျွန်တော်က သခင်ငွေအောင်အား ...

"သင်္ဘောမှာ ဆေးခန်းပါသလား"

"ဆေးခန်းလို့ ဆိုပါတော့ဗျာ။ ဆရာဝန်တော့ မပါဘူး၊ ဆေးပေးတတ်တဲ့လူပါပါတယ်။ သင်္ဘောပေါ်မှာ မပါမဖြစ်တဲ့ ကိစ္စခင်ဗျ"

"ဟုတ်ပါတယ်၊ ကျွန်တော်ကတော့ သိမ်ဖြူဆရာတော်ရဲ့ ဗိန္ဓောဆေးတချို့ကို ဆောင်ထားပါတယ်။ ကျွန်တော့်ဆီမှာ သကြားရေစင် ဆေးဆိုတာပါတယ်။ ရိုးရိုးမူးတာ မော်တာတော့ ပျောက်တာပဲ၊ လှိုင်းမူးတာတော့ မသိဘူး။ ကဲ ... ဒရာမာမီးန်တိုက်ကြည့်ပါဦးဗျာ"

သခင်ငွေအောင်သည် ဆေးယူရန် ထွက်သွားသည်။

ကျွန်တော်သည် မူးနေသော သူငယ်ကို မြင်တွေ့ဖူး၊ စကားပြောဖူးသော်လည်း ကောင်းစွာ မမှတ်မိ။

"မင်းနာမည် ဘယ်သူတဲ့လဲ"

"ပြည်အောင်ပါဆရာ"

သူသည် ဖြေပြီး ခေါင်းငိုက်စိုက်ချထားပြန်သည်။

mgyoe.com

mgyoe.com

"အေးကွာ ... ပင်လယ်ခရီးဆိုတော့ ဒီလိုပေါ့၊ ဒါတောင် လှိုင်းမကြီးသေးဘူးကွ။ သခင်ငွေအောင်ရဲ့ 'အောင်' သင်္ဘောပေါ်မှ မောင်ပြည်အောင်ပါကွာ၊ တောင့်ထားလိုက်ပေါ့။ ဝမ်းထဲမှာ အစာမရှိရင် ပိုမူးတတ်တယ်။ လက်ဖက်ရည်သောက်ထားကွဲ့..."

မောင်ပြည်အောင်က ခေါင်းမထောင်ဘဲ ပြောသည်။

"အန်မှာစိုးတယ် ဆရာ"

ဒေါက်တာကျော်ထင်နှင့် ဦးသီလတို့ ဝင်လာကြသည်။ ၎င်းနောက် အချို့လူငယ်များ ရောက်လာကြသည်။ ကျွန်တော်တို့ လက်ဖက်ရည်သောက်ကြလေသည်။

ခဏကြာတော့ သခင်ငွေအောင်ရောက်လာသည်။ မောင်ပြည်အောင်အား ဆေးတိုက်ပြီးနောက် ပြန်ထွက်သွားပြန်၏။ လက်ဖက်ရည်သောက်ကြရင်း သူ့ကို ကျွန်တော်က အသက်ရှူ လေ့ကျင့်ခန်းအကြောင်းပြောရန်ဖြစ်သော်လည်းမပြောဖြစ်တော့ချေ။

အားလုံး လက်ဖက်ရည်သောက်ပြီးနောက် သက်သာခန်းရှင်းသွားသောအခါ ကျွန်တော်သည် ဒေါက်တာတိုးလုံ၊ ဒေါက်တာကျော်ထင်၊ ဒေါက်တာတင်အုန်း၊ ဦးသီလ၊ ဦးမိုးမြင့်တို့နှင့် အချို့လူငယ်များကို အစည်းအဝေးခေါ်လေသည်။ ပထမဦးဆုံး ကျွန်တော်က ခရီးစဉ်၏လျှို့ဝှက်ရေး အဆစ်အပိုင်းအကြောင်းကို ရှင်းပြသည်။ ထို့နောက် ပင်လယ်ရေပြင် ရေအောက်လေ့လာရေး၊ ကျွန်းများပေါ်တက်လေ့လာရေး၊ ကမ်းခြေကျောက်ဆောင်၊ ကမ်းခြေသဲသောင်လေ့လာရေး၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ ရှုထောင့်အသီးသီးဖြင့် လေ့လာရေး၊ မိုးလေဝသလေ့လာရေး၊ ငါးသားပုစွန်လေ့လာရေး စသည်များအတွက် အသေးစိတ် လုပ်ငန်းစဉ်ချမှတ်ကြသည်။ တာဝန်ခွဲဝေကြသည်။

နောက်ဆုံးအချက်မှာ ကျွန်တော်တို့တက်မည့် ကျွန်းများကို နာမည်ပြောင်းပေးရန် ဆွေးနွေးကြခြင်းဖြစ်သည်။

ကျွန်တော်တို့တက်မည့် ကျွန်းများမှာ များသောအားဖြင့် လူသူအရောက်အပေါက်နည်းသော ဆလုံ၊ ပသျှူးများပင်မနေသော၊ ယခင့်ယခင်က မရှာဖွေမလေ့လာရသေးသော ကျွန်းများဖြစ်လိမ့်မည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့ မှတ်တမ်းများတွင် ထိုကျွန်းများကို နာမည်သစ်များဖြင့် ဖော်ပြခြင်းသည် လွယ်ကူ့ဝှက်ရေးအတွက်သာ ကောင်းသည်မဟုတ်၊ အခြား အကြောင်း တစ်ခုကြောင့်လည်းကောင်းသေးသည်။

မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ဟု ရေတွက်ရသော်လည်း ကျွန်းအားလုံး နာမည်ရှိသည်မဟုတ်ချေ။ နာမည်မရှိသော ကျွန်းကို တကယ်မိ လျှင် ကျွန်တော်တို့ ပေးထားသော အမည်သည် အတည်ဖြစ်သွားနိုင်သည်။ အချို့ကျွန်းများမှာ အင်္ဂလိပ်နာမည်များဖြင့်သာ ခေါ်တွင်ပြီး အချို့ ကျွန်းများ မှာ နာမည်နှစ်မျိုး သုံးမျိုးရှိကြသည်။ ဆယ်လာအိုင်းလင်းကို စခန်းသစ် ကျွန်း၊ ကင်းအိုင်းလင်းကို ကတန်ကျွန်း၊ စိန့်လုက်ကျွန်းကို ပလော်ကာ ကျမ်းလိုကျွန်းစသည်ဖြင့် ခေါ်ကြသည်။ အင်္ဂလိပ်လို စိန့်မက်သယူး၊ လာ ဘရို၊ ဘင်းတင့်ခ်၊ ကယ်ဆယ်လ်ရင်း၊ ဒိုမေ၊ မက္ကဒေါ်နယ်စသည်ဖြင့် အမည် များပေးခဲ့သည်။ မြေပုံသို့မဟုတ် ရေပုံများတွင် ထိုအမည်များဖြင့်ပင်ရှိသည်။ မြန်မာတို့က ရေပြည့်အော်ကျွန်း၊ တော်ပြားကြီး၊ တော်ပြားငယ် ကျွန်း၊ ဘိနပ်ကျွန်း၊ လင်မလိုကျွန်း၊ ပန်းဇင်ကျွန်း၊ ဒုံးကျွန်း၊ ပထော်ပထက် ကျွန်း စသည်ဖြင့် ခေါ်ကြသည်။

သို့ကလို အင်္ဂလိပ်အမည်များနှင့် မြန်မာအမည်များရှိနေသော် လည်း ဘယ်အင်္ဂလိပ်အမည်နှင့် ကျွန်းသည် ဘယ်မြန်မာအမည်နှင့်ကျွန်း ဖြစ်သည်ဟု ပြောရန်ပင်ခက်သည်။

အချို့အမည်များမှာ မြန်မာအမည် (မြိတ်၊ ထားဝယ်အမည်) များ မဟုတ်။ ဆလုံအမည်၊ ပသျှူးအမည်၊ ရှမ်း၊ (ထိုင်း)အမည်၊ တရုတ်အမည် စသည်များဖြစ်နေသည်ဟုသိရ၏။

ပလော်ကာကျမ်းလိုမှာ ပသျှူးအမည်ဖြစ်သည်ဟု လည်းကောင်း လမ်းပိမှာ တရုတ်အမည်ဖြစ်သည်ဟုလည်းကောင်း ထောက်ပြနေကြ၏။ မကြုံကလက်ကျွန်းမှာ ဆလုံအမည်ဖြစ်သည်ဆို၏။

မြိတ်ကျွန်းစုတွင် အတော်ကြာ အလုပ်လုပ်ဖူးသော သတ္တဗေဒ ဆရာဦးမိုးမြင့် ပြောပြချက်အရ မကြုံကလက်ကျွန်းဟူသော အမည်မှာ ဆလုံ အမျိုးသမီးတစ်ဦး၏ အမည်ဖြစ်ကြောင်းနှင့် ဆလုံလူမျိုးအုပ်စုတစ်ခုတစ်ခု တွင် ဩဇာရှိသော ခေါင်းဆောင်အမျိုးသမီးတစ်ဦးရှိတတ်ကြောင်း သိရလေ

mgyoe.com

mgyoe.com


သည်။

ဆလုံလူမျိုးစုတို့တွင် ယနေ့ထိ မိခင်ကြီးစိုးသော (မိန်းမကြီးစိုး သော) မိသားစုစနစ်ရှိသေးသလော မဆိုနိုင်။

(ဦးမိုးမြင့်က ထိုအကြောင်း ပြောပြနေစဉ် ကျွန်တော်သည် သမိုင်းဦးလူ့အဖွဲ့အစည်းများတွင် ပေါ်ခဲ့သော မိန်းမကြီးစိုးသော လူ့အဖွဲ့အစည်းအချို့အကြောင်းကိုလည်းကောင်း၊ ကိုသန့်စင်ရှာနေသော ပုလဲဒေဝီသည် ဆလုံအမျိုးသမီး အကြီးအကဲတစ်ဦးဖြစ်နိုင်ချက်ကိုလည်းကောင်း ဆားချော်၍ စဉ်းစားနေမိသေးသည်။)

အင်္ဂလိပ်များ နာမည်ပေးသွားသည်မှာလည်း ရည်ရွယ်ချက်အမျိုးမျိုးနှင့်ဖြစ်၏။ လွန်ခဲ့သော အနှစ် ၃၀၀ လောက်က စ၍ အင်္ဂလိပ်သြဇာသည် ဤကျွန်းစုများသို့ရောက်ခဲ့၏။ အရှေ့အိန္ဒိယကုမ္ပဏီသည် ဤကျွန်းများတွင် ခြေကုပ်စခန်းများ ယူဖူး၏။ ဆိုင်ယင်းမီးစ်ဂိုက်ဟုခေါ်သော ပင်လယ်ဓားပြအင်္ဂလိပ် အရင်းရှင်ကိုယ်စားလှယ် ဆင်မြူရယ်ဂိုက်သည် ဤကျွန်းစုကို ခါးစောင်းတင်ပြီး ထင်ရာစိုင်းခဲ့ဖူး၏။ ကလယ်ရာကျွန်း (CLARAISLAND) ဆိုသည်မှာ သူ့သမီးအမည်လား၊ နှမအမည်လား ကျွန်တော်ကောင်းစွာမမှတ်မိ။ သူသံယောဇဉ်ကြီးလှသော မိန်းကလေးတစ်ဦး၏အမည်ဖြစ်သည်။ အချို့အင်္ဂလိပ်တို့ကလည်း သူတို့လုပ်ထားသော ပင်လယ်ဓားပြလုပ်ငန်း၊ နယ်ချဲ့လုပ်ငန်းများနှင့်သွေးစွန်းသော လက်ကို ဆေးကြောအပြစ်ဖြေရန် ဘာသာရေး အကာကွယ်ယူ၍ စိန့်လုက်၊ စိန့်မက်သယူး၊ စိန့်မာရီယာစသည်ဖြင့် အမည်ပေးခဲ့ကြသည်။ အချို့ကျွန်းများမှာလည်း သူတို့ထိုကျွန်းများသို့ရောက်စဉ် သူတို့နိုင်ငံတွင် သြဇာအရှိန်ကြီးနေသော လူပုဂ္ဂိုလ်ကြီးများအမည်ကို ပေးထားခဲ့ကြခြင်းဖြစ်၏။ သို့ဖြင့်ယခုပုလဲကျွန်းဟု အမည်တွင်နေသော ကျွန်းသည် ဆာမယ်လ်ကွန်မက္ကဒေါနယ်ကျွန်းဟု အမည်တွင်နေခဲ့ပေသည်။

ထို့ကြောင့် ကျွန်တော်တို့ရောက်မည့် ကျွန်းများကို အမည်သစ်ပေးခြင်းသည် လျှို့ဝှက်ရေးစည်းမျဉ်းနှင့် အံဝင်နေရုံမက မျိုးချစ်၊ ပြည်ချစ်လှုပ်ရှားမှုများနှင့်လည်း ခွင်ကျနေပေသည်။

ဦးသီလက မေးလိုက်သည်။

mgyoe.com

mgyoe.com


"ကျွန်တော်တို့ကကော ဘယ်လိုနာမည်မျိုးပေးမလဲ"

ကျွန်တော်....

"ဆရာတို့ သဘောပြောပါဦး"

ဒေါက်တာတိုးလုံ....

"သိပ္ပံပညာရှင်များဟာ သူတို့အသစ်တွေ့ရှိတဲ့ ရုပ်ဝတ္ထုတစ်ခုခုကိုဖြစ်စေ၊ ဖွဲ့စည်းပုံဆောင်မှု တစ်ခုခုကိုဖြစ်စေ၊ သဘောအဆို တစ်ခုခုကိုဖြစ်စေ သူတို့ပုဂ္ဂလိကကိုယ်ပိုင်အမည်ကို ပေးတတ်ကြတာပဲ။ ဒီတော့ ကျွန်းပေါ် အရင်ရောက်အောင် တက်သူရဲ့ အမည်ကိုပေးကြရအောင်ဗျာ"

ဒေါက်တာကျော်ထင်....

"ဟာ....မဖြစ်ပါဘူး၊ အပြေးအဖြန်း ပြိုင်တက်နေကြရင် ဒူးတွေ ဘာတွေကွဲကုန်ကြပါဦးမယ်"

ထိုအခါ အားလုံးကရယ်ကြသည်။

ဒေါက်တာကျော်ထင်က အရယ်ရပ်လိုက်ပြီး ဆက်ပြန်သည်။

"အတည် စဉ်းစားကြရအောင်ဗျာ၊ အဖိုးတန် သစ်ပင်တွေရဲ့အမည်ကိုပေးကြရင် မကောင်းဘူးလား"

"ခင်ဗျားက ရုက္ခဗေဒဆိုတော့ သစ်ပင်အမည်ပေးချင်မှာပေါ့။ သို့ပေမဲ့ ဒီကျွန်းတွေမှာမရှိတဲ့ သစ်ပင်တွေရဲ့အမည်ကို ပေးမိရင် အယောင်ယောင်အမှားမှား ဖြစ်ကုန်လိမ့်မယ်။ ပျဉ်းကတိုးကျွန်းလို့ အမည်ပေးထားပြီး ပျဉ်းကတိုးမရှိရင်ခက်မယ်။ ဒီတော့ ကျောက်မျက်ရတနာ အမည်တွေကို ပေးရအောင်ဗျာ။ မြကျွန်းတို့၊ ပတ္တမြားကျွန်းတို့ စသည်ဖြင့်ပေါ့လေ"

ဒေါက်တာတိုးလုံ....

"ခင်ဗျားက ဘူမိဗေဒသမားမို့ ကိုယ့်ဖက်ကိုယ်ယက်တာလား၊ မဖြစ်ဘူး"

ကျွန်တော်တို့နောက်မှ အသံတစ်သံ....

"ဒီလိုဆိုရင် ကမ္ဘာမှာ နာမည်အကျော်ဆုံး ပုဂ္ဂိုလ်တွေရဲ့ နာမည်ပေးကြရအောင်ဗျာ။ ဝါရှင်တန်တို့၊ လင်ကွန်းတို့၊ ကနေဒီတို့၊ ချာချီတို့"

ကျွန်တော် နောက်လှည့်ကြည့်လိုက်သောအခါ ဦးဖေထွန်းအောင်ကို တွေ့ရသည်။ သူဘယ်တုန်းက ဤအခန်းတွင်းသို့ ရောက်နေမှန်းမသိ၊ နား

mgyoe.com

mgyoe.com


စွန်နားဖျားကြားရုံဖြင့် သူပြောချင်ရာ ဝင်ပြောနေခြင်းဖြစ်သည်။

ကျွန်တော်က သူ့အား သာယာညင်းပျောင်းစွာ ရှင်းပြသည်။

"ဦးဖေထွန်းအောင်ရဲ့ အမည်တွေက အမေရိကန်အမည်၊ အင်္ဂလိပ်အမည်၊ နိုင်ငံခြားအမည်တွေ ဖြစ်နေတယ်။ ကျွန်တော်တို့ရှာနေတာက မြန်မာအမည်ပါဗျာ၊ ပြန်စဉ်းစားပါအုံး"

ဦးဖေထွန်းအောင်....

"ကျွန်တော်တို့ မြန်မာထဲက ကမ္ဘာကျော် ဗိုလ်ချုပ်အောင်ဆန်းရဲ့အမည်ကိုလည်း ထည့်နိုင်သားပဲဗျ"

ဦးသီလ(မိုးလေဝသ)

"မဖြစ်နိုင်ပါဘူးဗျာ၊ လူနာမည်တွေ၊ သတ္တဝါနာမည်တွေ၊ အပင်အမည်တွေ၊ ကျောက်အမည်တွေ ဆောဖယ်ကြစို့ဗျာ။ ဂြိုဟ်နက္ခတ်တာရာတွေရဲ့ အမည်ကို ပေးကြရအောင်"

ဒေါက်တာကျော်ထင်....

"ခင်ဗျားအကြံမဆိုးဘူးဗျ။ သို့ပေမဲ့ တချို့နာမည်တွေက အရုပ်ဆိုးတယ်၊ ကြတ္တိကာကျွန်းလို့ ခေါ်ရရင်ခက်မယ်"

ကျွန်တော်....

"ဒီလိုဆိုရင် ဒီလိုလုပ်ရအောင်ဗျာ။ ရုက္ခဗေဒကလည်း အပင်နာမည်လှလှ ၂ ခု ၃ ခုရှာထား၊ သတ္တဗေဒကလည်း အကောင်အမည်လှလှ ၂ ခု ၃ ခုရှာထား၊ ဘူမိကလည်း ဒီလိုပဲ၊ မိုးလေဝသကလည်း ဒီလိုပဲ၊ ကျွန်တော်ကလည်း စာဆိုတော် အမည်တွေထဲက ရှာထားမယ်။ မြန်မာဆန်ရမယ်၊ ခေါ်လို့လည်း လွယ်ရမယ်။ ပျဉ်းကတိုး မရှိဘဲနှင့် ပျဉ်းကတိုးကျွန်းလို့ အမည်ပေးမိခြင်းမျိုးလည်း မဖြစ်စေရဘူး။ ကဲ....ကြိုက်ကြလား"

ကျွန်တော့်အဆိုကို အားလုံး သဘောတူသွားကြလေသည်။

နံနက် ၁၀ နာရီလောက်တွင် "အောင်" သင်္ဘော ကျောက်ဆူးချပြီး စောင့်နေရာသို့ပုံ့ထောင် မော်တော်ဘုတ်တစ်စီးနှင့် ရဲတပ်စိတ်တစ်စိတ် ရောက်လာလေသည်။ ရဲအဖွဲ့သားများးကိုရော ပုံ့ထောင်မော်တော်ဘုတ်ကလေးကို ပါ"အောင်"သင်္ဘောပေါ်တင်၍ ခေါ်ဆောင်ခဲ့သည်။ သင်္ဘောပေါ်တွင် ပုံ့ချိတ်မော်တော်ဘုတ်တစ်ခု ပါရှိပြီးသားဖြစ်၏။

mgyoe.com

mgyoe.com

"ပဲ့ချိတ်"နှင့် "ပဲ့ထောင်" အခေါ်အဝေါ်ကွဲပုံကို ကျွန်တော်စဉ်းစားကြည့်သည်။ ပဲ့ချိတ် မော်တော်ဘုတ်ဆိုသည်မှာ လှေ၏ ပဲ့အနီးတွင်ငါးကြင်းမြီးခေါ်ပန်ကာကို ချိတ်ဆွဲထားခြင်းကြောင့် ပဲ့ချိတ်မော်တော်ဘုတ်ဟု ခေါ်ဟန်ရှိသည်။ ပဲ့ထောင်မော်တော်ဘုတ်ကား လှေ၏ပဲ့အနီးတွင် ငါးကြင်းမြီးခေါ်ပန်ကာကို ထောင်တင်ထားသဖြင့် ပဲ့ထောင် မော်တော်ဘုတ်ဟု ခေါ်ဟန်ရှိသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၈)

# ပင်လယ်နှင့်မိုးလေဝသ

ညနေ ၃ နာရီလောက်တွင် နေပူနေရာမှ ချက်ချင်းတိမ်တွေတက်လာပြီး မိုးရွာချသည်။ ကျွန်တော်တို့ အံ့သြသွား၏။ ဤအချိန်တွင် မိုးကိုလုံးဝ မျှော်လင့်မထားမိ။ မန္တလေး မုံရွာဘက်မှာဆိုလျှင် ဆောင်းဖြစ်၍ အလွန်အေးနေပြီး ရန်ကုန်မှာလည်း မအေးလှသော်လည်း သာယာသော ဆောင်းဥတုပင်ဖြစ်သည်။ မြိတ်ကျွန်းစုရောက် ကျွန်တော်တို့ကား မိုးနှင့်ရင်ဆိုင်နေကြရလေသည်။

အမှန်မှာ ဤမိုးသည် အီကွေတာမိုးဖြစ်သည်။ ကျွန်တော်တို့သည် မြောက်လတ္တီကျူ ၁၀ံ အနီးတစ်ဝိုက်သို့ ချဉ်းကပ်နေကြ၏။ အီကွေတာ၏ မြောက်ဖက် ၁၀ံ တောင်ဖက် ၁၀ံ ဝန်းကျင်တစ်ဝိုက်တွင် အီကွေတာမိုးသည် တစ်လလျှင် သုံးလေးကြိမ် မှန်မှန်ရွာနေကြဖြစ်၏။ ထိုမိုးကို ပြန်ကျမိုး (CONVECTIONAL RAIN)ဟုခေါ်သည်။ (ပင်လယ်နှင့်ဝေးသော ကုန်းပြင်ကျယ်ကြီးများ အတွင်းပိုင်းမှာကား ထိုမိုးမျိုး မရွာပါ) မြိတ်မြို့မှာပင် ထိုပြန်ကျမိုးမျိုး တစ်ခါတစ်ရံ ကျတတ်သည်ဆို၏။

ပြန်ကျမိုးမှာ အီကွေတာလေ အတက်အဆင်းလှုပ်ရှားမှုကြောင့်

mgyoe.com

mgyoe.com


ဖြစ်ပေါ်သောမိုးဖြစ်သည်။ လေသည် ပူသောမြေပြင်၊ ရေပြင်နှင့်ထိပြီး ပူ၍အထက်တက်သွားသောအခါ ပင်လယ်ရေငွေ့များ ပါသွားလေသည်။ ထို့ကြောင့်အလျားလိုက်ထောင်တက်နေသော တိမ်တောင်များသည် ပေ ၃ သောင်းမှ ၄ သောင်းအထိတက်လေ့ရှိသည်။ ထိုအခါအေးပြီးသိပ်သည်းသွားကာမိုးရွာချလေသည်။ မိုးရွာရုံမက တိမ်အတက်အဆင်း (ရေငွေ့အတက်အဆင်း) လှုပ်ရှားမှုများကြောင့် လျှပ်စစ် ဗိုဓာတ်၊ မဓာတ်များပဋိပက္ခဖြစ်ကာ မိုးကြိုးပစ်တတ်သေးသည်။ ကျွန်တော်တို့ကား မိုးကြိုးသံနှင့် မကြုံကြိုက်ခဲ့ရပါ။

ဤဒေသများသည် အီကွေတာမိုးအပြင် မုတ်သုံမိုးလည်းရွာသေးသည်။ ယခုအချိန်မှာ အနောက်တောင် ရာသီလေဖြစ်ပေါ်ချိန် မဟုတ်သဖြင့် အနောက်တောင်မှ မိုးမလာပါ။ သို့သော် အရှေ့ဘက်ရှိ ပစိဖိတ်သမုဒ္ဒရာ၊ ထိုင်းပင်လယ်အော်မှ အရှေ့ရာသီလေလာနိုင်သည်။ အရှေ့လေပြင်းထန်လျှင်တနင်္သာရီရိုးမကို ဖြတ်ကျော်ပြီး မြိတ်ကျွန်းစုကို မွှေတတ်သည်။ ထိုလေနှင့်အတူ မိုးများရွာတတ်သေးသည်။ ကျွန်တော်တို့တော့ အရှေ့မှလာသော ရာသီမိုးကိုလည်း မကြုံကြိုက်ခဲ့ရပါ။ ပြန်ကျမိုးနှင့်သာ ပြီးခဲ့ရပါ၏။

မြိတ်ကျွန်းစုကား ပြန်ကျမိုးလည်းရှိ၊ အရှေ့ရာသီလေနှင့်ပါလာသော မိုးလည်းရှိပေရာ ၁၂ ရာသီစွတ်စိုနေသည်။ သစ်တောများမှာ ၁၂ ရာသီစိမ်းသောသစ်တောများ ဖြစ်နေ၏။

ပြန်ကျမိုးကို အကြောင်းပြုပြီး မိုးလေဝသဌာနခွဲ၊ ဒေသဆိုင်ရာလက်ထောက်ညွှန်ကြားရေးဝန်ဦးသီလနှင့် ဆွေးနွေးခဲ့ရသေး၏။

ဦးသီလ ရုံးစိုက်ရာအရပ်မှာ ပင်လယ်နှင့် အတော်ဝေးပါသည်။ သို့သော် ပင်လယ်နှင့် မိုးလေဝသသည် ဆက်စပ်နေသည်မဟုတ်ပါလော။

မိုးလေဝသ ဌာနခွဲကိုယ်စား သူဆောင်ရွက်ရသော လုပ်ငန်းများမှာ (၁) ပင်လယ်ရေပြင်၏ အပူချိန်များကို တိုင်းတာခြင်း၊ (၂) လေတိုက်နှုန်းနှင့် လေတိုက်ရာအရပ်ကို တိုင်းတာခြင်း၊ (၃) စိုထိုင်းဆတိုင်းတာခြင်း၊ (၄) လှိုင်းအခြေအနေမှတ်သားခြင်း၊ (၅) ခရီးစဉ်အတွင်းဖြစ်ပေါ်သော မိုးလေဝသ အခြေအနေများကို မှတ်သားခြင်းနှင့် (၆) ခရီးစဉ်အတွင်း သတ်မှတ်ထားသောအချိန်များတွင် မိုးလေဝသ အခြေအနေများကို

mgyoe.com

mgyoe.com


ဗဟိုခန့်မှန်းရေးရုံးသို့ ပေးပို့ခြင်းတို့ ဖြစ်ပေသည်။

ထိုအလုပ်များကို လုပ်ရန် သူသည် လက်ထောက်တစ်ယောက်မျှသော်လည်းကောင်း၊ ပစ္စည်းကိရိယာ တစ်ခုမျှသော်လည်းကောင်း မခေါ်ခဲ့၊ မယူခဲ့ချေ။ ခေါ်ရန်ယူရန်လည်း မလိုပါ။ "အောင်"သင်္ဘောသည် ထိုအလုပ်မျိုးကို သင်္ဘောသွားနေပြီဆိုလျှင် မလုပ်မဖြစ် လုပ်နေရသောကြောင့်ဖြစ်သည်။ "အောင်" ၏ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် သူ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပေသည်။

ပင်လယ်တွင် ဖြစ်ပေါ်သော ရာသီဥတုအခြေအနေသည် ကုန်းပေါ်မှ ရာသီဥတုကို မည်သို့ သြဇာသက်ရောက်ပုံ အထူးဖော်ပြနေဖို့ မလိုတော့ပါ။ မြန်မာပြည်၏ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးပေးနေသော အနောက်တောင် မုတ်သုံရာသီလေအကြောင်းကို မြန်မာပြည်သူတို့ ကောင်းကောင်းသိနေကြပါပြီ။ ကိုကိုးကျွန်းပတ်ဝန်းကျင် ကပ္ပလီပင်လယ်ပြင်မှာ လေထုသည် ဤသို့ပြုမူ၏။ လေမုန်တိုင်းများသည် ထိုသို့ပြုမူရပါသည်။ ပင်လယ်ပြင်လေထု၏ အပြုအမူများကို နေသွားလမ်း အပြောင်းအလဲသာမက ပင်လယ်ရေစီးကြောင်းများကလည်း သြဇာပေးလျက်ရှိသည်။ ပင်လယ်ပေါ်တွင် လေတိုက်နှုန်း၊ လေတိုက်ရာအရပ်နှင့် ထိုလေ၏ စိုထိုင်းဆတို့သည် ကုန်းမြေပေါ်က မိုးလေဝသကို ပဲ့ကိုင်သည်။

မိုးလေဝသသုတေသီတို့သည် လှိုင်းအခြေအနေနှင့် ရေဖောင်းကြွပုံ (SWELL) ကိုလည်း လေ့လာရသည်။ လှိုင်းအခြေအနေသည် လေပေါ်တွင် မှီ၍ ရေဖောင်းကြွခြင်းမှာ ပင်လယ်မျက်နှာပြင်အောက်ရှိ ရေစီးကြောင်းနှင့်ပတ်သက်သည်။ ပင်လယ်ရေစီးကြောင်းသည် ပင်လယ်မိုးလေဝသကို သြဇာပေးသည် မဟုတ်ပါလော။

ဦးသီလက မြန်မာနိုင်ငံ မိုးလေဝသဌာနခွဲသည် မြန်မာ့ပင်လယ်ပြင်၏ မိုးလေဝသအခြေအနေကို အမြဲတိုင်းထွာမှတ်သားနေရရုံမက တစ်ကမ္ဘာလုံး၏ မိုးလေဝသအခြေအနေကိုလည်း အမြဲသတင်းယူနေရပုံ ပြောပြလေသည်။ တကယ်တော့ နိုင်ငံတိုင်းသည် တစ်ကမ္ဘာလုံး၏ မိုးလေဝသအခြေအနေကို အမြဲ သတင်းယူနေရသည်။ ထို့ကြောင့် ကုလသမဂ္ဂမှ ကြီးမှူး၍ ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်ကြီးဖွဲ့ထားသည်။

mgyoe.com

mgyoe.com


ကမ္ဘာကြီးကို ရီးဂျင်းကြီး ၈ ခု ခွဲထားသည်။ အရှေ့တောင်အာရှသည် ရီးဂျင်းတစ်ခုဖြစ်ပြီး မြန်မာပြည်ပါဝင်သည်။ ရီးဂျင်းတစ်ခုလုံး၏ မိုးလေဝသ တိုင်းထွာရေးအလုပ်ကို ကြီးကြပ်ရန် ရီးဂျင်းဗြူရိုတစ်ခု ဖွဲ့ထား၏။ ရီးဂျင်းမှ နိုင်ငံများက ကိုယ်စားလှယ်တစ်ဦးကျစီ ပို့ထားရ၏။ ကမ္ဘာ မိုးလေဝသအခြေအနေကို တစ်ကမ္ဘာလုံး ပြိုင်တူသိစေရန် တစ်နေ့ရှစ်ကြိမ် တစ်ပြိုင်နက် အသံလွှင့် သတင်းပို့ပေးနေသည်။ ရီးဂျင်းဗြူရိုက သတ်မှတ်ပေးသောနေရာတွင် ခွဲတမ်းချပေးသော အရေအတွက်အရ မိုးလေဝသတိုင်းထွာရေးစခန်းများ ဖွင့်ပေးရသည်။ မြန်မာပြည်မှာ ၄၈ စခန်းဖွင့်ထား၏။

မြန်မာနိုင်ငံ မိုးလေဝသဌာနသည် ပြည်တွင်းပြည်ပမှ ရရှိသမျှ သော မိုးလေဝသအခြေအနေများကို မှတ်တည်ပြီး၊ မိုးလေဝသခန့်မှန်းခြေအစီရင်ခံစာများကို ဒေသအလိုက် ဖြန့်ပေးရ၏။ ကြိုတင်သတိပေးမှုများ လုပ်ရ၏။ သင်္ဘောဆိပ်များ၊ လေယာဉ်ပျံကွင်းများသို့လည်း နာရီဝက်တစ်ကြိမ် ကျ သတင်းမှန်မှန်ပို့ပေးနေရ၏။ လေယာဉ်ပျံ ဆင်းသက်ရန်အတွက်လည်း ကောင်း၊ လေယာဉ်သွားလမ်းကြောင်းအတွက်လည်းကောင်း မိုးလေဝသ ခန့်မှန်းခြေ အစီရင်ခံစာများ ပေးနေရ၏။

အိကွေတာ ပြန်ကျမိုးအကြောင်းမှနေပြီး မြန်မာနိုင်ငံ မိုးလေဝသ ဌာနအကြောင်းသို့ ရောက်ပြီးသော် ကျွန်တော်သည် ဦးသီလအား အခြား မေးခွန်းများ မေးနေမိပြန်လေသည်။ ဘယ်တိမ် ဘယ်လောက်ဝေးသည်ကို ဘယ်သို့တိုင်းတာသနည်း။ အထက်ကောင်းကင်တွင် ဘယ်လေသည် ဘယ်နှုန်းဖြင့် တိုက်ခတ်နေသနည်း စသည်ဖြင့်ဖြစ်၏။

ညနေ ၅ နာရီ ကျော်ကျော်အချိန်တွင် "အောင်"သည် ကျွန်းကြီး တစ်ကျွန်းအနီးသို့ ရောက်လာ၏။ ကျွန်းကြီးမှာ အလွန်ကြီးသဖြင့် အစ အဆုံး မမြင်ရချေ။

ထိုကျွန်းကို ကျွန်တော်တို့တက်ကြဦးမည်မဟုတ်၊ ထိုကျွန်းအနီး တွင် ကျောက်ချပြီး တစ်ညအိပ်ကြရန်သာ ရည်ရွယ်လေသည်။
သင်္ဘောတစ်စီး ကျောက်ချ ညအိပ်မည်ဆိုလျှင် ပင်လယ်ပြင် ဟာလာဟင်းတွင် မကောင်းချေ။ လေကွယ်သော နေရာမှာမှ လှိုင်းလေငြိမ်ပြီး ကျောက်ချ ရပ်နားလို့ ကောင်းသည်။

mgyoe.com

ကျွန်းကြီးတွင် အော်ဖြစ်နေသော ကွေ့တစ်ကွေ့ရှိ၏။ အော်ဝ မလှမ်းမကမ်းတွင်လည်း အရန်ကျွန်းငယ်တစ်ခုရှိ၏။ ထိုအော်သည် ရေလည်းနက်၏။ ထို့ကြောင့် "အောင်" သည် အော်ထဲဝင်ရလေသည်။ ပြီးနောက် အကောင်းဆုံးနေရာရှာပြီးကျောက်ဆူးချလေသည်။

ကျောက်ချပြီးသော အချိန်တွင် နေဝင်လေပြီ။

ညနေစောင်းမှာ သင်္ဘောသားများနှင့် သုတေသီဧည့်သည်များ ရေချိုးချိန် သတ်မှတ်ထား၏။ ပင်လယ်ကူး သင်္ဘောများ ထုံးစံအတိုင်း ရေချိုကို အလျှံပယ် မသုံးနိုင်ချေ။ သုတေသီဧည့်သည့်များပင်လျှင် တစ်နေ့ ၅ ဂါလန်နှုန်းထက်ပို၍ မသုံးရန် ကတိပေးထားသည်။ သင်္ဘောသားများမှာ သင်္ဘောရပ်နားချိန်နှင့် ကြုံပါက ရေချိုပါသော ကျွန်းသို့တက်ကာ ရေချိုးကြရသည်။ မလွဲသာမှသာ သင်္ဘောပေါ် တင်လာသော ရေချိုကို သုံးကြသည်။

ကျွန်တော်တို့သည် ရေမိုးချိုးပြီးသောအခါ သက်သာခန်းသို့ သွားပြီး ထိုင်ကြလေသည်။

အချို့မှာ အဖျော်ယမကာများမှာ သောက်နေကြသည်။ ဒေါက်တာတိုးလုံ၊ ဒေါက်တာကျော်ထင်၊ ဒေါက်တာတင်အုန်း စသူတို့သည် ဘီယာသောက်ရင်း စကားကောင်းနေကြသည်။

မိုးလေဝသဦးသိလနှင့် သုတေသီပုဂ္ဂိုလ်ကြီးတစ်ဦးသည် စစ်တုရင်ကစားနေကြ၏။ ထိုသုတေသီပုဂ္ဂိုလ်ကြီး၏ နာမည်ကို ကျွန်တော်မေ့နေသည်။ သူသည် ဘူမိဗေဒသမားတစ်ယောက်ဖြစ်၏။ ကုလားကပြားဖြစ်ပြီး ကုလားကပြားမှန်း အလွန်သိသာသော ရုပ်လည်းဖြစ်၏။ တက္ကသိုလ်တွင် ဆရာလုပ်ပြီးမှ အင်္ဂလန်သို့ ပညာတော်သင်သွားခဲ့ရာ စာပေသင်ကြားမှု ပြီးဆုံးသော်လည်း နောက်ဆုံး အရည်အချင်းစစ်ဆေးခြင်းဖြစ်သော စစ်တမ်းတင်ခြင်း ကိစ္စကိုမပြုသေးသဖြင့် ဒေါက်တာဘွဲ့မရခဲ့သေးချေ။ အလုပ်ထွက်သွားခဲ့ရရာ အလုပ်ပြန်မရသေးချေ။ ယခုမြန်မာပြည် ပြန်ရောက်ပြီးမှ သူ့စစ်တမ်းကို အပြီးသတ်ပြုစုပြီး အင်္ဂလန်ရှိ သူတက်ခဲ့သော တက္ကသိုလ်သို့ပို့ပေးရမည်ဖြစ်လေသည်။ ဤခရီးစဉ်သည် သူ့စစ်တမ်းအတွက် အထောက်အကူဖြစ်မည်ဆိုပြီး လိုက်ပါခဲ့ခြင်းဖြစ်၏။

mgyoe.com

mgyoe.com


ကျွန်တော့်ထံတွင် အလွယ်တကူ ဆောင်ထားသော သုတေသန လုပ်သားများ၏စာရင်းကို ပြန်ကြည့်လိုက်မှ သူ့နာမည်မှာ ဦးခင်မောင်စိန်ဖြစ်ကြောင်း သတိရပေတော့သည်။

လူငယ်အချို့ကား စကရက်ဘဲလ်ဟုခေါ်သော အင်္ဂလိပ်စာလုံး စီပဟေဠိကစားနည်းကို ကစားနေ၏။ ထိုဝိုင်းတွင် မောင်သန့်စင်ကိုတွေ့ရ၏။ ဤသင်္ဘောပေါ်မှ ပြန်လည်တွေ့ဆုံရသော သူ့သူငယ်ချင်းလည်း ကစားလျက်ရှိ၏။ အခြား လူငယ်များလည်း ထိုဝိုင်းတွင် အုံနေကြလေသည်။ သူတို့သည် တက္ကသိုလ်မှ ဆရာကလေးများနှင့် အတန်းကြီးကျောင်းသားများ ဖြစ်၏။ကျွန်တော်သည် သူတို့ကို မျက်မှန်းတန်းမိနေပြီဖြစ်သော်လည်း လူနှင့်နာမည်တွဲပြီး မမှတ်မိသေးချေ။ ရှေ့ဆက် အလုပ်လုပ်ကြရင်တော့ သူတို့နှင့် ရင်းနှီးသိကျွမ်းသွားပါလိမ့်မည်။

ကျွန်တော်သည် သူတို့ဝိုင်းနှင့် ခပ်ခွာခွာထိုင်လျက် သူတို့ကို အကဲခတ်ကြည့်နေသည်။ သူတို့ဆီသို့ နားလည်းစွင့်ထားသည်။ တစ်ယောက်နှင့်တစ်ယောက် ပြောင်ကြနောက်ကြရင်း သူတို့ထံမှ ကျွန်တော်သိချင်သော ကိစ္စအချို့ကို သိလိုက်ရပေ၏။ မောင်သန့်စင် မုတ်ဆိတ်မရိတ်ဘဲ ထားသည်မှာ သူရည်မှန်းထားသော ကိစ္စတစ်ခုမပြီးဆုံးမချင်း မုတ်ဆိတ်မရိတ်ရန် အဓိဋ္ဌာန်ပြုထားကြောင်း၊ သူသည် စာဖတ်များသဖြင့် စကရက်ဘဲလ်ကစားရာတွင် အနိုင်များကြောင်း၊ တက္ကသိုလ်မှာ သင်ယူလေ့လာနေစဉ်က အင်္ဂလိပ်ဘာသာနှင့် စာပေမြန်မာဘာသာနှင့် စာပေသမိုင်းစသော ဝိဇ္ဇာဘာသာရပ်များကို ယူခဲ့ကြောင်း၊ သင်္ဘောပေါ်မှာ ပြန်လည်တွေ့ဆုံရသော သူ့သူငယ်ချင်းမှာ မြန်မာနှင့် အင်္ဂလိပ်ဘာသာစာပေများအပြင် မနုဿဗေဒကို ယူခဲ့ကြောင်း စသည်ဖြင့်ဖြစ်၏။

သူတို့ထဲမှ ထူးခြားသော လူငယ်တစ်ယောက်အကြောင်းကိုလည်း ဖော်ပြလိုပါသေးသည်။ စောစောကတည်းက ထူးခြားသော ထိုလူငယ်ကို သတိပြုမိခဲ့သော်လည်း အခြားအကြောင်းအရာများနှင့် ပုဂ္ဂိုလ်များကို ဖော်ပြရင်း လက်မလည်သလိုဖြစ်ပြီး ထူးခြားသော သူ့ကိုချန်ထားမိခဲ့သည်။ သူ၏ထူးခြားချက်မှာ မုတ်ဆိတ်ပင်ဖြစ်သည်။ သူ့မုတ်ဆိတ်မှာ မောင်သန့်စင်၏ မုတ်ဆိတ်ကဲ့သို့မဟုတ်ဘဲ သဘာဝကျသော မုတ်ဆိတ်ဖြစ်သည်။ ကုလား

mgyoe.com

mgyoe.com


ဆင်မျက်နှာတွင် ကုလားမုတ်ဆိတ်ပေါက်နေခြင်းဖြစ်သည်။ သို့သော် သူသည် လုံချည်နှင့် အပေါ်အင်္ကျီနှင့် သိပ်သိပ်သည်းသည်းရှိလှသည်။ အပြောအဆိုကလည်း မြန်မာပီလှသည်။ လုံချည်အပေါ်အင်္ကျီနှင့် မုတ်ဆိတ်နှင့် တို့ဇမာမွတ်ဆလင် ပလီဆရာဆန်ဆန် ဝတ်စားဆင်ယင်ထားသော်လည်း သွက်လက်ဖျတ်လတ်လှသည့် လူငယ်ပီသလှသည်။ သူ့ကိုသူ့ သူငယ်ချင်းများက ဗိုလ်မုတ်ဆိတ်ဟု ခေါ်ကြသည်။

၇ နာရီထိုးသောအခါ ညစာ ထမင်းကျွေးရန် ပြင်ဆင်ကြလေ သည်။ သက်သာခန်းမှာ ကျယ်လှသည်မဟုတ်။ စားပွဲနှစ်လုံးသာဆံ့၏။ ထိုနေရာမှာပင် ကစား၊ ထိုနေရာမှာပင် စားဖြစ်လေရာ စစ်တုရင်သမားများနှင့် စကရက်ဘဲလ်သမားများသည် ဝိုင်းဖျက်ပေးကြရလေသည်။ ထမင်းကို တစ်ဝိုင်းပြီးတစ်ဝိုင်း စားကြရ၏။

ထမင်းစားပြီးသောအခါ အချို့မှာ သက်သာခန်းထဲတွင် ဆက်ကစားသူကစား၊ စာဖတ်သူ ဖတ်နေရစ်ခဲ့ကြသည်။ အချို့မှာ ကိုယ့်အခန်း ကိုယ်ပြန်သူပြန် ကုန်းပတ်ပေါ် တက်သူတက်သွားကြသည်။
အတန်ကြာသောအခါ သက်သာခန်းတွင် လူငယ်များ အတော် နည်းသွားလေသည်။ ကျွန်တော်ပါ အပါအဝင် လူကြီးအချို့ကား စကားကောင်းနေကြကာ နောက်ဆုံးမှ ထမင်းစားပြီး သက်သာခန်းတွင် နောက်ဆုံး ကျန်ရစ်လေသည်။ ၉ နာရီကျော်သောအခါ၌ကား ကုန်းပတ်ပေါ်သို့ တက်ခဲ့ကြလေသည်။

ကုန်းပတ်သည်ကား လဟာပြင် သဘင်ဆောင်ကြီးဖြစ်နေတော့သည်။ မိုးကောင်းကင်နှင့် အဏ္ဏဝါသဘာဝ အလှကိုကြည့်ရှုရာ၊ နက္ခတ်သဘင်ကို ကြည့်ရှုရာ သဘင်ဆောင်ကြီးပေတည်း။

လဆုတ်လသည် ထွက်ခွာစဖြစ်သည်။ အရှေ့ဖက် မိုးကုပ်စက်ဝိုင်းပေါ်မှ လသည် ရွှန်းရွှန်းပပကြီးသာနေ၏။ လရောင်တန်းကြီးသည် ပင်လယ်ရေပြာပေါ်တွင် ကျဆင်းနေရာတဝင်းဝင်း တလက်လက် တောက်ပနေ၏။ ကျွန်းဖြင့် ကာဆီးမထားသော ပွင့်နေသည့် ပင်လယ်ပြင်ကို မျှော်ကြည့်သော် မိုးကုပ်စက်ဝိုင်းကိုမမြင်ရ။ ပင်လယ်ရေပြာနှင့် ကောင်းကင်ပြာ ရောယှက်ဆက်စပ်သွားလေတော့သည်။ ကြယ်တွေကို မြင်ရသော

mgyoe.com

mgyoe.com


နေရာမှစ၍သာ ကောင်းကင်ဟု ခွဲခြားသိရတော့၏။

လစန္ဒာတက်တက်လာစဉ် ကျွန်တော်တို့သည် လ၏အလှကို ချီးကျူးမိကြ၏။ သို့သော် သိပ္ပံပညာရှင်များဖြစ်၍ လ၏ အရုပ်ဆိုးအကျည်းတန်သော မျက်နှာအကြောင်းကိုလည်း ဆွေးနွေးမိကြသေးသည်။

လသည် အဝေးက ကြည့်တော့လှသည်။ အနီးကပ်ကြည့်တော့ အရုပ်ဆိုးသည်။ အဖုအထစ်၊ အပြောက်အစက်၊ အမာရွတ်များလှသော မျက်နှာပြင်ဖြစ်သည်။ ကျွန်တော့်စိတ်ထဲမှာတော့ မင်းဘူးက နဂါးပွက်မျက်နှာပြင်၊ ကျောက်ဖြူက ရွှံ့မီးတောင်မျက်နှာပြင်တို့နှင့် တူသည်ဟုထင်သည်။ ကျွန်တော်တို့သည် လ၏မျက်နှာပြင်တွင် ဘာရှိသနည်းဟူသော ပြဿနာကို ဆွေးနွေးကြသည်။

ကျွန်တော်က ရွှံ့တွေပွက်၍ပွက်၍ ထနေသောနဂါးပွက်နှင့် တူသောကြောင့် လပေါ်လူဆင်းသွားလျှင် နစ်မသွားပေဘူးလားဟုမေးလိုက်သည်။ ဆရာတစ်ယောက်က လမှာ လေလည်းမရှိ၊ ရေလည်းမရှိသောကြောင့် နဂါးပွက်လို အရာမျိုးမဖြစ်နိုင်ကြောင်းသာ ဖြေသည်။ နစ်မြုပ်မသွားဟုကား အာမမခံနိုင်ချေ။

ဖုန်မှုန့်လို အမှုန့်တွေဆိုလျှင်လည်း နစ်မြုပ်သွားနိုင်သေးသည်။

နဂါးပွက်က ရွှံ့ပွက်ထွက်နေသော ပုံသဏ္ဍာန် အဘယ်ကြောင့်ဖြစ်တည်နေသနည်း။ ယခုအာပေါဓာတ်မရှိနှင့်ဦးတော့၊ တစ်ခါတုန်းက ရှိခဲ့ဖူးသလော။ ကျောက်ဖြစ်ရုပ်ကြွင်းများ (FOSSILS) သည် နှစ်သန်းပေါင်းများစွာကြာ၍ ကျောက်ဖြစ်လာခဲ့သော်လည်း မူလပုံသဏ္ဍာန်ကို ထိန်းသိမ်းထားကြသည် မဟုတ်ပါလော။

ဘူမိဗေဒဒေါက်တာတင်အုန်းက ဝင်ပြောလေသည်။

"လပေါ်က ဘူမိဗေဒပစ္စည်းကို ယူလာပြီး စမ်းမကြည့်ရမချင်း လမျက်နှာပြင်မှာ ဘာရှိတယ်ဆိုတာ အသေအချာ မပြောနိုင်ဘူးဗျ"

အကယ်၍ လပေါ်မှာ ဘူမိပစ္စည်းကိုရလာလျှင် လဖြစ်ပေါ်လာပုံသဘောအဆို ၃ ရပ်မှန်မမှန် လက်တွေ့စစ်ဆေးနိုင်တော့မည်ဟုလည်း သူကဆို၏။

အဆိုတစ်ခုမှာ ကမ္ဘာဖြစ်ပေါ်စက ယခုပစိဖိတ်သမုဒ္ဒရာဖြစ်နေသော

mgyoe.com

နေရာမှ အပိုင်းတစ်ပိုင်းသည် ပဲ့ထွက်ပြီး လွင့်စင်သွားရာ ကမ္ဘာ့အဝန်းအဝိုင်းမှ ရုန်းမထွက်နိုင်ဘဲ ကမ္ဘာကိုပတ်နေရသော လဖြစ်လာခဲ့လေသည်။ ပစိဖိတ်သမုဒ္ဒရာ၏ ပုံသဏ္ဌာန်နှင့်အနက်အဝန်းကို ထောက်ရှုကာ ထုထောင်ထားသော သဘောအဆိုတစ်ရပ်ဖြစ်၏။

ဒုတိယအဆိုမှာ ကမ္ဘာဖြစ်ပေါ်စက ဝင်ရိုးပေါ်တွင် ချာလပတ်လှည့်ရင်း ဘူးသီးပုံသဏ္ဌာန်ဖြစ်သွားသည်။ ထို့နောက် ခေါင်းပိုင်းပြတ်ထွက်သွားပြီး ကမ္ဘာကို ပတ်နေသော လဖြစ်သွားသည်။

နောက်ဆုံးအဆိုမှာ စကြဝဠာတွင် ပြန့်ကျဲနေသော ကျောက်စိမ်းမစ်အမှုန့်များ၊ ဥက္ကာများသည် ကမ္ဘာ့ဝန်းကျင်တစ်နေရာတွင် စုစည်းမိကာ ကမ္ဘာကို ပတ်နေသော လဖြစ်သွားလေသည်။

ထို့နောက် လကိုလူရောက်ရေးအကြောင်း ပြောကြပြန်သည်။ အပိုလို ၈ သည် လနှင့်အနီးဆုံး ရောက်ခဲ့၊ လည်ပတ်ခဲ့၏။ မကြာမီ လပေါ်သို့ လူဆင်းနိုင်တော့မည်ဟု ယုံကြည်ကြ၏။ လပေါ် ပထမဆုံး ရောက်မည့်လူမှာ အမေရိကန်ဖြစ်လိမ့်မည်ဟု ကျွန်တော်တို့နှင့်ပါသော သိပ္ပံပညာရှင် အားလုံးလိုလိုက ယူဆထားကြပေသည်။ တချို့ကမူ အာကာသသိပ္ပံပညာနှင့် အာကာသခရီးသွားရေးအတတ်တွင် ရုရှားသည် များစွာ နောက်ကျနေရစ်ခဲ့ပြီဟုပင် ပြောနေကြ၏။ အချို့ကလည်း ထိုသို့ပြောဆိုခြင်းကို လက်မခံချေ။ သူမသာ ကိုယ်မသာပင်ရှိသည်။ တစ်ဦးကသာသောနေရာရှိသလို အခြားတစ်ဦးက သာသောနေရာရှိသည် စသည်ဖြင့် ယူဆကြသည်။ ယခုအခါ လပေါ် လူဆင်းရေးထက် လပေါ်ရောက်သောသူ ကမ္ဘာပြန်ဂြိုဟ်တုပေါ် ပြန်တက်ရေးသည် အရေးအကြီးဆုံးသော ပြဿနာဖြစ်သည်ဟု နားလည်ကြပေသည်။

လအကြောင်း ပြောကြဆိုကြပြီးနောက် ဂြိုဟ်နက္ခတ်တာရာများကို ကြည့်ကြ လေသည်။ ကြည်လင်သော ကောင်းကင်ပြင်တွင် နက္ခတ်သဘင် စုံလင်လှချေသည်တကား။

❑

mgyoe.com

# အခန်း (၉)

## သူရိယ

နောက်တစ်နေ့ မနက်စောစောတွင် "အောင်" သင်္ဘောသည် ရှေ့ဆက်ခရီးထွက်ပြန်လေသည်။

နံနက် ၁၀ နာရီသာသာလောက်တွင် ကျွန်တော်တို့ ပထမဆုံး ဆင်းကြမည့် ကျွန်းအနီးသို့ ရောက်လာလေသည်။

ပညာရှိသုတေသီအချို့သည် ကျွန်းဆင်းသည်ဟု ဖော်ပြမည်လော၊ ကျွန်းတက်မည်ဟု ဖော်ပြမည်လော အငြင်းပွားကြသေးသည်။ ကျွန်တော်တို့ သင်္ဘောပေါ်မှ ကျွန်း၏ကမ်းခြေသို့ ဆင်းသက်ရသဖြင့် ကျွန်းဆင်းသည်ဟု ဖော်ပြခြင်းဖြစ်သည်။ မှန်ပါ၏။ တကယ်တော့မူ သင်္ဘောပေါ်မှ ကမ်းခြေသို့ တိုက်ရိုက်ပင် မဆင်းနိုင်၊ သင်္ဘောပေါ်မှ ကမ်းကပ်မော်တော်ဘုတ်ပေါ်သို့ ဆင်းသက်ရသည်။ ပြီးနောက် မော်တော်ဘုတ်ဖြင့် ကမ်းခြေကို ကပ်ရသည်။ ပဲ့ချိတ်ဖြစ်ဖြစ်၊ ပဲ့ထောင်ဖြစ်ဖြစ် ဘယ်မော်တော်ဘုတ်မှ ကုန်းမြေအရောက် မချဉ်းကပ်နိုင်ချေ။ မော်တော်ဘုတ်ပေါ်မှ ရေထဲဆင်းကြရသေးသည်။ ပေါင်လယ် သို့မဟုတ် ဒူးခေါင်းအထိ ရေစိုရသည်ချည်းဖြစ်၏။

သို့သော် ကျွန်းတိုင်းလိုလို ပင်လယ်ကြမ်းပြင်မှစပြီး ရေမျက်နှာပြင်

mgyoe.com

ထက် ထိုးထွက်နေသော တောင်များသာဖြစ်သည်။ ထို့ကြောင့် ကျွန်းတက်သည်ဟုလည်း ဆိုနိုင်ပြန်လေသည်။ ထို့ကြောင့်လည်း ပညာရှိသုတေသီများ အငြင်းပွားရခြင်းဖြစ်၏။ နောက်ဆုံးတွင် ကျွန်းဆင်းသည်ဟုလည်းကောင်း၊ ကျွန်းတက်သည်ဟုလည်းကောင်း ကြိုက်သလိုဖော်ပြကြရန် သဘောတူညီမှု ရကြလေသည်။

ဘိလပ်တက္ကသိုလ်တစ်ခုတွင် ဘူမိဗေဒစစ်တမ်းတစ်ခု တင်သွင်း ရန် ပြင်ဆင်နေသော ဦးခင်မောင်စိန်ကမူ ကျွန်းဆင်းသည်ဟုသာ ဖော်ပြမည်ဆို၏။ အကြောင်းမူကား ဘူမိဗေဒသုတေသီတစ်ယောက်အဖို့ ကျွန်းပေါ် တစ်နည်းဆိုသော် တောင်ပေါ်တက်ဖို့မလို၊ ကမ်းခြေသောင်ယံများနှင့် ကျောက်ဆောင် ကျောက်လွှာများကို လေ့လာစစ်ဆေးရုံဖြင့် ကျွန်းတစ်ကျွန်းလုံး၏ ဘူမိအနေအထားကို သိနားလည်နိုင်ရမည်ဟု ယူဆသောကြောင့် ပေတည်း။

ပထမဆုံး ကျွန်တော်တို့တက်ကြမည့်ကျွန်းကို သူရိယဟု အမည်ပေးရန် အားလုံးသဘောတူလိုက်ကြလေသည်။ လူအပါအဝင် သတ္တဝါအားလုံး၊ အပင်အားလုံးအား အလင်းရောင်နှင့် အသက်ပေးနေသော နေမင်းကြီးကို ဂုဏ်ပြုသောအားဖြင့် ယင်းသို့ အမည်ပေးခြင်းဖြစ်သည်။ သူရိယကျွန်းနှင့် အခြားကျွန်း ၂ ကျွန်းသည် ဖိုခနောက်ဆိုင်တည်နေကြသည်။ "အောင်" သည် ထိုကျွန်း ၃ ကျွန်းအတွင်းသို့ဝင်၍ ကျောက်ဆူးချလေသည်။ အလယ်ကောင်တွင်ကားမဟုတ်၊ သူရိယနှင့် ပိုနီးသည်။ သို့မှလေကွယ်သည်။ အလယ်တည့်တည့်တွင်ကား လေကြောင်းနှင့် ရေစီးကြောင်း ဆုံကျနေတတ်သည်။

နံနက်စာ ထမင်းစားပြီးသောအခါ အဏ္ဏဝါဗေဒသုတေသနလုပ်သားများသည် သူရိယကျွန်းကိုတက်ရန် ပြင်ဆင်ကြလေသည်။ အားလုံးမြင်းစောင်းမှထွက်တော့မည့် မြင်းကြီးများသဖွယ် လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွဖြစ်နေလေသည်။ မလှုပ်မရှား မတက်ကြွဘဲ နေပါမည်လော။ သူတို့သည် သင်္ဘောပေါ်တွင် နှစ်နေ့နှစ်ညနှင့် တစ်မနက် ခြေချုပ်မိနေခဲ့ကြသည်။ သက်သာခန်း၊ ကုန်းပတ်နှင့် အိပ်ခန်းတို့တွင် တဝဲလည်လည် သွားလာလှုပ်ရှားနေခဲ့ရသည်။ စကားချည်း ပြောနေခဲ့ရသည်။ ထိုင်စကား

mgyoe.com

ပြော၊ ထစကားပြော၊ ထမင်းစားရင်း စကားပြော၊ အဖျော်ယမကာသောက်ရင်း စကားပြော၊ ကစားရင်း စကားပြော။ ကြာတော့ အာညောင်းနေခဲ့ကြပြီ။ ယခုတော့ ပင်လယ်ရေပြင် နက်ပြာပြာစိုင်းနေသော စိမ်းရောင်စို သူရိယကျွန်းသည် သူတို့အား ဖိတ်ခေါ်နေလေပြီ။ သူတို့၏ သိပ္ပံသုတေသီသိချင်ဇောကိုလည်း နှိုးဆွနေပေပြီ။

သူတို့သည် အစုလိုက်အစုလိုက် ခွဲထား၏။ ဘူမိဗေဒအစု၊ သတ္တဗေဒအစု၊ ရုက္ခဗေဒအစု စသည်ဖြင့် ဖြစ်၏။ ရုက္ခဗေဒအစုနှင့် သတ္တဗေဒအစုတို့သည် ထပ်ပြီး ပင်လယ်ကမ်းအစုနှင့် ကျွန်းပေါ်အစုများ ခွဲကြသေး၏။ ပင်လယ်ကမ်းအစုတွင် ငါးအစု၊ မွှားအစု စသည်ဖြင့် ထပ်ခွဲသေး၏။ ကျောရိုးရှိသတ္တဝါ၊ ကျောရိုးမဲ့သတ္တဝါစသည်ဖြင့်လည်း ထပ်ခွဲသေး၏။ မရွှယ်ဘဲနှင့် မနုဿဗေဒ အစုတစ်ခုလည်းဖြစ်လာသေး၏။ မောင်သန့်စင်နှင့် သူ့ သူငယ်ချင်းတို့ ဖွဲ့ထားသောအစုဖြစ်ပေသည်။

အစုဖွဲ့ မဖြစ်သောသူများကား ဦးဖေထွန်းအောင် (သဲရှာဖွေသူ) ဦးသီလ (မိုးလေဝသ)နှင့် ကျွန်တော်တို့ ဖြစ်လေသည်။
ကျွန်တော်သည် အဏ္ဏဝါဗေဒ သုတေသနလုပ်သားများ၊ ရှာဖွေလေ့လာတွေ့ရှိသည်များကို လိုက်ကြည့်ပြီး မှတ်တမ်းတင်သူ ဖြစ်ရကား တစ်နေ့လျှင် အစုတစ်စုစီနှင့် တွဲလျက်လိုက်ပါရန် စီစဉ်ထားလေသည်။ သို့သော် ပထမနေ့တွင်ကား အစုတစ်ခုခုနှင့် တွဲ၍ မလိုက်ဖြစ်ချေ။
အကြောင်းမှာ ဤသို့ဖြစ်၏။

သူရိယကျွန်းတွင် အလွန်လှပသော ကမ်းခြေသဲသောင်တစ်ခုရှိသည်။ သဘော်ပေါ်မှ ဖွေးကနဲမြင်နေရသည်။ သခင်ငွေအောင်က သူနှင့်အတူ ထိုသဲသောင်ယံသို့ လိုက်ခဲ့ပါဟုဆိုသည်။ ရေကူးလိုကကူးပြီး လမ်းလျှောက်လိုက လျှောက်နိုင်ပါသည်။ ရေမကူး၊ လမ်းမလျှောက်လိုပါကပုန်းညက်ပင်ရိပ်မှာ ထိုင်စကားစမြည်းပြောနိုင်ပါသည်စသည်ဖြင့် ရှင်းပြသွေးဆောင်ပါလေသည်။

ရေကူးရန် စိတ်အားထက်သန်လှသော ကျွန်တော်သည် သခင်ငွေအောင် အဆိုပြုချက်ကို လက်ခံလိုက်လေသည်။ နောက်တစ်နေ့ကျမှ ဘူမိဗေဒသမားများနှင့်တွဲပြီး လိုက်တော့မည်။ ယခုတော့ ရေကူးခြင်းဖြင့် အလုပ်

mgyoe.com

စတော့မည်။

ဒေါက်တာကျော်ထင်၊ ဒေါက်တာတင်အုန်းမှစပြီး မောင်သန့်စင် အထိ အားလုံးသော သုတေသန အလုပ်သမားများသည် ပဲ့ထောင်မော်တော်ဘုတ်နှင့် ထွက်ခွာသွားကြလေပြီ။ ဒေါက်တာတိုးလုံကား ပါမသွားချေ။ စုံစမ်းကြည့်သောအခါ ဒေါက်တာတိုးလုံ အအေးမိပြီး ဖျားနေကြောင်း သိရလေသည်။ ဥတုအပြောင်းအလဲဒဏ်ကို ပထမဆုံးခံရသူဖြစ်၏။ ကျွန်းပေါ်အရင်ဆုံးရောက်သူ၏ အမည်ဖြင့် ကျွန်းကိုအမည်မှည့်ရန် အကြံပေးခဲ့သူမှာ ကျွန်းပေါ်သို့ပင် မလိုက်ပါနိုင်ဖြစ်ချေပြီ။

ပဲ့ထောင်မော်တော်ဘုတ် နောက်တစ်ခေါက်နှင့် သင်္ဘောသားအချို့ လိုက်ပါသွားကြလေသည်။ သူတို့သည် ရေချိုစမ်းတစ်ခုခုတွင် အဝတ်လျှော်ကြမည်။ ရေချိုးကြမည်ဖြစ်၏။

သခင်ငွေအောင်နှင့် ကျွန်တော်ကား ပဲ့ချိတ်မော်တော်ဘုတ်နှင့် သွားကြလေသည်။

သဲသောင်ယံသို့ရောက်သောအခါ သခင်ငွေအောင်က လမ်းလျှောက်နေသည်။ ကျွန်တော်က ရေကူးသည်။

လူသူမနီးသော သဲသောင်ဖြစ်သဖြင့် သန့်ရှင်းသည်။ သို့သော် သဲများမှာ သေးလွန်းပြီး စေးကပ်ကပ်ရှိသည်။ လှိုင်းရိုက်ခတ်၍ သဲထကြွသဖြင့် ကမ်းစပ်မှာ ရေသိပ်မကြည်လှချေ။ ကျွန်တော်သည် ဆားရေစိမ်သည်။ ပြီးတော့ ရေနက်ပိုင်းမှာ အကြာကြီးကူးပစ်လိုက်သည်။

သင်္ဘောသားအချို့နှင့် ရဲသားအချို့သည် သောင်ပေါ်မှာဘောလုံးကန်သူကန်၊ ကျွမ်းထိုးသူကထိုး၊ အပြေးပြိုင်သူကပြိုင်နှင့် များစွာ ပျော်ရွှင်နေကြသည်။ နောက်တော့ ရေကူးသူက ကူးသေးသည်။

သောင်ပြင်နှင့် ကပ်နေသော တောစပ်တွင် စမ်းရေချောင်းကလေးရှိသည်။ သင်္ဘောသားများ အဝတ်လျှော်၊ ရေချိုးကြသည်။

ကျွန်တော်သည် ပင်လယ်ရေကူးပြီးသောအခါ ထိုစမ်းချောင်းတွင် ရေချိုချိုးလေသည်။ ပြီးနောက် အဝတ်အစားလဲပြီး သခင်ငွေအောင်နှင့်အတူ ပုန်းညက်ပင်အောက်တွင် ထိုင်လေသည်။

သခင်ငွေအောင်က ကြိုတင်စီစဉ်ထားဟန်တူသည်။ ကျွန်တော်

mgyoe.com

mgyoe.com

တို့နှစ်ယောက် ပုန်းညက်ပင်အောက်တွင် ထိုင်မိသောအခါ သဘော်သား တစ်ယောက်က ဓာတ်ဘူးတစ်ခုနှင့် နှစ်ဆင့်ချိုင့်တစ်ခုကို လာချသည်။ လက်ဖက်ရည်ကြမ်းနှင့် မြည်းစရာများဖြစ်၏။

သခင်ငွေအောင်က လက်ဖက်ရည်ကြမ်းငှဲ့ပေးပြီးနောက် ...

"သောက်လိုက်ပါဦးဆရာ၊ အတွင်းက နွေးသွားအောင်။ ဆရာက ရေတော်တော်ကူးနိုင်တာပဲနော်"

ကျွန်တော်က လက်ဖက်ရည်ကြမ်းပူပူကို ရှူးကနဲ၊ ရှူးကနဲ မှုတ်သောက်ရင်း..

"အလေ့အကျင့်ကိုးဗျ ကူးနိုင်တာပေါ့။ ကျွန်တော်က ကျန်းမာရေးအတွက် နေ့စဉ်တစ်ခုခုတော့လုပ်တယ်။ ရေကူး၊ လမ်းလျှောက်၊ အသက်ရှူလေ့ကျင့်ခန်း၊ အသက်ရှည်ရှည်ရှူတဲ့နည်းဟာ သက်လုံလည်းကောင်းတယ်။ ဒါ့ကြောင့် ကျွန်တော်ဟာ တော်တော်နှင့်မမောဘူး"

"အသက်ရှည်ရှည်ရှူတဲ့နည်းဆိုတာ နည်းနည်းပြောပြပါဦး"

"ကျွန်တော်တို့ သာမန်ရှူတာက လေဗိုက်ထဲရောက်ပြီး ပိန်ဖောင်းရုံလောက် ရှူတာပဲ။ လေ့ကျင့်ခန်းအနေနှင့် ရှူတဲ့အခါမှာတော့ လေခြေမရောက်သွားအောင် ရှူပစ်လိုက်ရတယ်။ အစွမ်းရှိသလောက် ပြင်းပြင်းနှင့်ကြာကြာရှူချလိုက်၊ ပြီးတော့ ဖြည်းဖြည်းထုတ်ပစ်လိုက်။ ဒီလိုဆိုရင် လေခြေမရောက်တယ်လို့ ဆိုရတာပဲ။ ဒီလိုရှူချလိုက်တော့ သွေးကြောတွေထဲမှာ ပို့ဆောင်ရေးအား ပိုကောင်းသွားတယ်။ အကြောတွေထဲမှာ တစ်ဆို့နေတဲ့ အညစ်အကြေးတွေကို တိုက်ဖျက်ဖယ်ရှားသွားတယ်။ ကျွန်တော်တို့အရွယ်တွေဟာ အကြောရှုံ့တဲ့ အရွယ်တွေဖြစ်တယ်။ အသက်ရှူလေ့ကျင့်ခန်းဟာ အကြောရှုံ့ခြင်းကို ကုစားနိုင်တယ်။ လူကြီးရောဂါ ကိုက်တာခဲတာ၊ ဒူလာပါဒရက်စသည်တို့ဟာ အကြောရှုံ့ခြင်းမှ အရင်းခံကြတယ်။ အသက်ရှူလေ့ကျင့်ခန်းကို စကြံလျှောက်ရင်းလုပ်နိုင်ရင် ပိုကောင်းတယ်။ အသက်ပြင်းပြင်းကြာကြာရှူရင်း စကြံလျှောက်တော့ တမင်မလုပ်ရဘဲ ဒုန်းဒုန်းနှင့် ကြမ်းကြမ်း လျှောက်မိတော့တာပဲ။ အသက်ရှူတာက ရှူးရှူး၊ လမ်းလျှောက်တာက ဒုန်းဒုန်းနှင့်ပေါ့ဗျာ"

ကျွန်တော်ဟာ အသက်ပြင်းပြင်း ကြာကြာရှူပြီး ဖြည်းဖြည်းထုတ်

mgyoe.com

mgyoe.com

ပြသည်။ သခင်ငွေအောင်က လိုက်လုပ်ကြည့်သည်။ ထို့နောက် ...

"ကျွန်တော်လေ့ကျင့်မယ်ဗျာ၊ တစ်နေ့ ဘယ်လောက်ကြာကြာ လုပ်ရမလဲ"

"ဒါတော့ ကိုယ့်ကိုယ်ကိုယ် ချင့်ချိန်ကြည့်ရမယ်ဗျ။ စစချင်း အတော် မောမယ်။ ခံနိုင်သလောက်လုပ်၊ တဖြည်းဖြည်း တိုးလုပ်သွား၊ နာရီဝက် လောက်ထိ လုပ်နိုင်မယ်ဆိုရင် ကောင်းမယ်ထင်တယ်"

သခင်ငွေအောင်က မြည်းစရာများကို ခင်းသည်။ လက်ဖက်သုပ်နှင့် ငါးပုပ်ခြောက်သုပ်ဖြစ်သည်။

"ကဲ .... စားပါဦး"

ကျွန်တော်က မစားဘဲ မတ်တတ်ထလိုက်သောအခါ ...

"အို .... စားပါဦး၊ ဘယ်သွားမယ်လို့လဲ"

"နေပူသွားခံလိုက်ဦးမယ်၊ ခဏပါ"

ကျွန်တော်သည် ပြောပြောဆိုဆို နေပူထဲသွားပြီး အတော်ကြာ နေပူခံနေလေသည်။

သခင်ငွေအောင်ကား ကျွန်တော့်ကို ကြည့်ရင်း လက်ဖက်ရည်ကြမ်း သောက်နေလေသည်။

သူ့အနားသို့ ကျွန်တော်ပြန်ထိုင်မိသောအခါ သူက လက်ဖက်ရည် ကြမ်းခွက်ကို ကျွန်တော့်ပေးပြန်သည်။

လက်ဖက်ရည်ကြမ်းကို သောက်ရင်း ...

"ရေချိုးပြီးရင် ကိုယ်ငွေ့ပြန်ရလာအောင် လုပ်ဖို့ဟာ အရေးကြီး တယ်ဗျ။ ခုနက ကျွန်တော် နည်းနည်းစိမ့်အေးလာတယ်၊ စိမ့်အသွား မခံရဘူး။ ဒါကြောင့် နေပူခံပစ်လိုက်တာပဲ၊ ဒါကလေးတွေဟာ အသေးအဖွဲလေးတွေ ပါပဲ။ သို့ပေမဲ့ ရောဂါဘယကာကွယ်ရေးအတွက် အင်မတန်အရေးကြီး တယ်"

သခင်ငွေအောင်က အမြည်းများကို ထိုးပေးနေလေရာ ငါးပုပ်ခြောက် သုပ်ကို ယူစားလိုက်သည်။ အချဉ်နှင့်အစပ်တို့က နိုင်နေလေရာ အငန်သည် စူးရှမနေတော့ပေ။ ရှောက်ရွက်နံ့ကလေးကလည်း သင်းထွက် လာ၏။ မြိတ်သားတို့ကား ဘယ်ငါးပိသုပ်သုပ် ပြောင်မြောက်သည်ချည်း ဖြစ်၏။

mgyoe.com

mgyoe.com

အတန်ကြာအောင် ငြိမ်နေကြလေသည်။

သခင်ငွေအောင်က ပြုံးစစမျက်နှာဖြင့်...

"ဘယ့်နှယ်လဲ သန့်စင်လေးနှင့် တော်တော်စကားပြောရပြီလား"

"သိပ်မပြောရသေးဘူးဗျ၊ သူ့ကိစ္စမှာ သူ့အပြောကို ကျွန်တော်စောင့်နေတယ်"

"သူက စပြောပါ့မလား"

"ပြောမယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော့်ကို သူယုံကြည်မှုရှိနေပြီ။ တစ်နေ့မနက်တုန်းက သူ ကျွန်တော့်ကို ပြောမယ်လို့ စနေပြီ၊ ပုလဲဒေဝီဟာတဲ့ နေထွက်လာတော့ ဆုတ်ဆုတ်ပေးရတဲ့ လဆုတ်ရက် လနှင့်တူသတဲ့။ သို့ပေမဲ့ ရင်ဆို့လာပြီး ထွက်သွားတယ်ဗျ၊ ဘာမှ ဆက်ပြောမသွားဘူး"

"ကျွန်တော် မြင်လိုက်ပါတယ်။ ခင်ဗျားတို့ နှစ်ယောက်ကုန်းပတ်ပေါ် စကားပြောနေတာ"

"သခင်ငွေအောင် သိထားသလောက်လည်း ကျွန်တော့်ကို ပြောထားပါဦး၊ ကိုယ်က နည်းနည်းသူ့အကြောင်းသိထားရင် သူပြောပြတော့ ကိုယ်လိုချင်ရာရောက်အောင် မသိမသာ လမ်းကြောင်းပေးနိုင်တာပေါ့"

သခင်ငွေအောင်သည် စီးကရက်ဘူးကိုထုတ်ပြီး ကျွန်တော့်ကို တည်သေးသည်။ ကျွန်တော်က လက်ခါသောအခါ စီးကရက်တစ်လိပ်ယူပြီး မီးညှိနေသည်။ သူ့မျက်နှာမှာ တည်ငြိမ်သွားသည်။ အတော်ကြာအောင် စီးကရက်သောက်နေပြီးနောက်မှ ....

"သန့်စင်လေးဟာ ကျွန်တော့် တစ်ဝမ်းကွဲညီရဲ့သား၊ ကျွန်တော့် ဝမ်းကွဲတူဖြစ်ပေမဲ့ ကျွန်တော်ပညာသင်ပေး စောင့်ရှောက်ပြုစုထားတယ်ဆိုတာတော့ သိတယ်နော်။ ကျွန်တော်တို့မှာ သားသမီးမရှိတော့ သူ့ကိုပဲ သားအရင်းလိုပြုစုစောင့်ရှောက်တာပါပဲ၊ အိမ်က အမယ်ကြီးကလည်း သူ့ကို ချစ်ရှာပါတယ်"

"အစတုန်းကတော့ အစစအရာရာ အဆင်ပြေနေတာပါပဲ။ သူ တက္ကသိုလ်က ဘီအေအောင်တဲ့နှစ်အထိ ဆိုပါတော့၊ ဘီအေအောင်တော့ သူ့ကို အစိုးရအလုပ်တစ်ခုခု ဝင်လုပ်ဖို့ပြောတယ်။ ဘဝင်မြင့်နေတယ်ထင်

mgyoe.com

mgyoe.com


ပါရဲ့ဗျာ၊ ထိုက်ရာတန်ရာ ဝင်မလုပ်ဘူး။ ကျုပ်အလုပ်ထဲလည်း ဝင်မလုပ်ချင်ဘူး။ စာပဲဖတ်နေချင်တာပဲ။ ကျွန်တော့်စိတ်ကူးက အလုပ်ကလေး အကိုင်ကလေးနှင့်ဖြစ်ရင် မိန်းမပေးစားဖို့ဗျ။ လူကြီးချင်း ပြောပြီး ဆိုပြီးရှိတယ်။ ကလေးမကလေးက လိမ်ကလိမ်မာပါဘိနှင့်၊ အိမ်မှုရေးရာသိပ်နိုင်တယ်။ ရုပ်ကလည်း အတော်အသင့်ပဲ။ မိဘများလည်း ချောင်ချောင်လည်လည်တွေပါ။ ကိုယ့်အပေါ် မှီခိုနေမယ့်ဟာမျိုးတွေ မဟုတ်ပါဘူး။ နောက်ဆုံးတော့ သူ အလုပ်မလုပ်သေးတောင် မိန်းမပေးစားဖို့ လိုလာတယ်။ အိမ်က အဘွားကြီးက သိပ်နေမကောင်းဘူး။ အိမ်မှုရေးရာတွေကိုလွှဲဖို့ လူလိုနေတယ်။ သူသာ အဲဒီမိန်းကလေးကို ယူလိုက်ရင် အတော်ပဲ။ သို့ပေမဲ့ သူက ငြင်းသဗျ၊ အင်မတန်မိုက်တဲ့ကောင်"

သခင်ငွေအောင်၏ မျက်နှာမှာ ဒေါသရောင်တောက်လာသည်။ သို့သော် သူသည် ချုပ်တည်းလိုက်သည်။

"အကဲခတ်ရတာ အင်မတန်ခက်တဲ့အကောင်။ လိမ္မာသလိုလိုနှင့် မိုက်တာ၊ ပျော့မလိုလိုနှင့် မာတာ၊ ကောင်းမလိုလိုနှင့်ရူးတာ။ သူ့မှာ ချစ်သူရှိနေလို့၊ ရည်းစားရှိနေလို့ ဦးကြီးပေးစားချင်တဲ့ မိန်းကလေးကို ဘယ်နည်းနှင့်မှ မယူနိုင်ဘူးတဲ့။ အတင်းဘူးခံနေတယ်။ ဘယ်လိုပြောလို့မှ မရဘူး။ ဘယ်သူပြောလို့မှလည်း မရဘူး။ သူ့ရည်းစားက ဘယ်သူလဲလို့မေးတော့လည်းမပြောဘူး။ ကျုပ်က ရိုက်မောင်းပုတ်မောင်းလုပ်တော့လည်း ငုံ့ခံနေတာဘဲ၊ ဘာမှ မပြောဘူး။ ကျုပ်က စကားနာထိုးတယ်။ ကျွေးမွေးပြုစုထားတာကိုမှ ကျေးဇူးမထောက်ဘူး၊ လူကြီးချင်း ပြောဆိုထားတာ စကားပျက်တာကိုမှ ထည့်မတွက်ဘူး၊ ကျုပ်တို့က သူ့ကိုချစ်သော်လည်း သူက ကျုပ်တို့ကို မချစ်ဘူး။ မျက်နှာမထောက်ဘူး။ စုံလို့ပေါ့ဗျာ။ စကားနာထိုးတယ်။ ဒီတော့ သူဟာ ချုံးချုံးနေတယ်။ နောက်ဆုံးတော့ ကဲ .... မင်းရည်းစား ဘယ်သူလဲ ပြော၊ ပေးစားသင့် ပေးစားမယ်လို့ ပြောရတယ်"

သခင်ငွေအောင်က ခဏနားလိုက်သည်။ လက်ထဲမှ စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီးနောက် ...

"နောက်လယ်ရပ်ကွက်ထဲမှာနေတဲ့ ကိုရာရှစ်နှင့် မစလက်တို့ရဲ့ သမီးတဲ့။ သူမိုဟ့်တွေ့တတ်ပေလေတယ်။ ကိုရာရှစ်ဆိုတာဟာ ဘိုးစဉ်ဘောင်

mgyoe.com

mgyoe.com
ဆက်ကတည်းက မြိတ်သားတွေပါပဲ။ သို့သော် အာရတ်လူမျိုးက ဆင်းသက်သူဖြစ်တယ်။ ကျုပ်တို့ မြိတ်မြို့အကြောင်းကို ဆရာသိသားပဲ။ မြန်မာတွေ၊ မွန်တွေအပြင် ရှမ်းတွေလည်းနေခဲ့ပြီး အုပ်စိုးခဲ့တယ်။ ရှမ်းဆိုတာကတော့ ထိုင်းတွေကို ခေါ်တာပါနော်၊ သိပြီးသားမဟုတ်လား"

"သိပြီးသားပါ"

"အရှေ့အိန္ဒိယကုမ္ပဏီက စခန်းချပြီး အင်္ဂလိပ်တွေလည်းနေခဲ့ဖူးတယ်။ ပေါ်တူဂီတွေလည်း အခြေစိုက်ဖူးတယ်။ အာရတ်တွေလည်း အခြေစိုက် ဖူးတာပဲ။ တရုတ်တွေဆိုတာကတော့ အများကြီးပဲ၊ အာရတ်တွေလည်း မနည်းလှဘူး၊ သူတို့နေတဲ့ အာရတ်ရပ်ကွက်တောင် ရှိခဲ့ဖူးသေးတယ်။ မြိတ်မြို့မှာ ကျားဖမ်းပွဲဆိုတဲ့ပွဲဟာ အာရတ်ထုံးစံဓလေ့ အကြွင်းအကျန်တစ်ခုပေါ့ဆရာ။ အဲ ခုနင်ကပြောခဲ့တဲ့ ကိုရာရှစ်ဟာ အာရတ်အဆက်အနွယ်ပဲ။ ရုပ်က ထွားထွားကြိုင်းကြိုင်း ချောချောပါဗျ။ သူ့ကောင်မကလေးရဲ့အမေ မစလက်ကတော့ ဆလုံမဗျ။ ဆလုံမဆိုသော်လည်း ကြည့်ပျော်ရှုပျော်ထဲကပါ။ လုံးလုံးကျစ်ကျစ် ပြေပြေပြစ်ပြစ်ပါ။ ကိုရာရှစ်ဟာ ပင်လယ်ထွက်သားငါးတွေကို ရောင်းဝယ်ဖောက်ကား စားသောက်နေသူဖြစ်တော့ ဆလုံတွေနှင့် ဆက်ဆံရတာပေါ့ဗျာ၊ ဆလုံတွေ ရှာဖွေလာတဲ့ ပင်လယ်သားငါးတွေကို ဒိုင်ဖွင့်ဝယ်၊ ဆလုံတွေကို အရင်းအနှီးစိုက်ထုတ်ပေး၊ သူရတဲ့ ပင်လယ်သားငါးတွေကို နည်းအမျိုးမျိုးနှင့်ရောင်း၊ ရှမ်းတွေနှင့် ပေါင်းပြီး မှောင်ခိုတန်ခိုပေါ့ဗျာ။ သည်လိုလုပ်နေရာက ဩဇာရှိတဲ့ ဆလုံမတစ်ယောက်ကို ယူလိုက်သည်အထိ ဖြစ်လာတာပဲ၊ တချို့ ဆလုံအုပ်စုတွေမှာ ဩဇာရှိတဲ့ မိန်းမတစ်ယောက်တလေ ရှိတတ်တယ်။ သူ့ကို တစ်နည်းနည်းနှင့် ကိုင်တတ်ရင် ဆလုံအများအပြားအပေါ်မှာ ဩဇာရှိနိုင်တယ်။ ကိုရာရှစ်ဟာ သည်လိုနှင့်စီးပွားတော်တော်ဖြစ်ပါတယ်။ ကိုရာရှစ်မှာ သည့်ပြင်မိန်းမလည်းရှိမှာပါပဲ။ သို့ပေမဲ့ သွက်လက်ချက်ချာတဲ့ မစလက်က စီးပွားဖက်ဖြစ်နေတယ်။ သူပဲ မယားကြီးအရာ ရနေတာပါပဲ။ သန့်စင်လေးရဲ့ ကောင်မကလေးဟာ အတော်ချောတယ်၊ လှတယ်လို့တော့ သိရတာပဲ။ ကျုပ်တော့ မမြင်ဖူးဘူး၊ အဖေက အာရတ်အနွယ်၊ အမေက ဆလုံမဖြစ်သော်လည်း သမီးက ဗမာရည်ဝနေတယ်။ တကယ်တော့ ကိုရာရှစ်ရော မစလက်ရော ဗမာရည်ဝနေကြတာ
mgyoe.com

mgyoe.com


ပါပဲ။ ကောင်မလေးဟာ အင်္ဂလိပ်မြန်မာ ဆယ်တန်းထိ စာသင်ဖူးတယ်။ ဒါတွေကို ဆရာ့ပြောပြနေတာဟာ အခြေအနေအမှန်သိအောင်လို့ ပြောနေတာပါ။ သန့်စင်လေးနှင့် ပေးစားဖို့ သဘောတူလို့ ပြောနေတာမဟုတ်ဘူး။ ကျုပ်ရော အိမ်က အမယ်ကြီးရော သဘောမတူကြဘူး။ ဘာသာ အယူဝါဒ ချင်းမှ မတူဘဲ။ ပြီးတော့ ဆလုံမသမီးမဟုတ်လား။ ကျုပ်အပေါင်းအသင်းတွေနှင့် လူများတွေက ဘယ်လိုထင်မလဲ ကြည့်ရဦးမယ်"

"လူကြီးတွေက သဘောမတူဘူးဆိုတော့ သန့်စင်လေးဟာ တော်တော်စိတ်ညစ်နေတယ်။ သို့ပေမဲ့ သူလက်မလျှော့ဘူး၊ ကျုပ်တို့ကလည်း သူဖွတ်လုပ်ခါမှလုပ်ရော သဘောမတူနိုင်ဘူး။ ဒီလိုပဲ ဖွတ်မလုပ်ဘူးဗျ။ သူ့ကောင်မလေးကို ချစ်မြဲချစ်နေမှာပဲတဲ့။ ကျုပ်တို့သဘောတူတဲ့ မိန်းကလေးကိုလည်း မယူနိုင်ဘူးတဲ့။ အတော်ခက်တဲ့ ကောင်၊ နောက်အတော်ကြာတော့ ကိုရာရှစ်ရော၊ မစလက်ရော၊ သူ့ကောင်မလေးရော လုံးလုံးပျောက်သွားပါလေရောဗျာ။ ခြေရာပျောက်ပဲ။ သန့်စင်လေးတော့ ရူးကျန်ရစ်ခဲ့တယ်။ ပုလဲဒေဝီ၊ ပုလဲဒေဝီနှင့် တစ်ဆွေးတည်းဆွေးကျန်ရစ်တယ်။ ဘာမှန်းလည်း မသိဘူး။တမှိုင်မှိုင်တငိုင်ငိုင်နှင့်၊ ပြီးတော့ အဲဒီအချိန်ကစပြီး မုတ်ဆိတ်ကြီးထားတော့တာပါပဲ။ ဆရာမြင်တဲ့အတိုင်းပဲလေ။ သူ့စိတ်ဟာ သိပ်နှံ့တယ်တောင် မထင်ဘူး။ ကျုပ်တော့ စိတ္တဇဆေးရုံတောင် ပို့ချင်နေတယ်"

သခင်ငွေအောင်သည် တူတော်မောင်အား ကျေလည်းမကျေနပ်၊ သနားလည်း သနားနေသည်။ သူ့တူတော်မောင်အကြောင်းကို သရော်သံနှင့်လည်းပြောသည်။ ညည်းညူသံနှင့်လည်းပြောသည်။

ကျွန်တော် ...

"အဖြစ်အပျက်ကတော့ အတော် စိတ်ဝင်စားဖို့ကောင်းတာပဲ၊ သခင်ငွေအောင်ကိုယ်တိုင် ကိုရာရှစ်တို့အကြောင်း စုံစမ်းကြည့်သေးလား"

"သိပ်စုံစမ်းမနေပါဘူးဗျာ၊ ကိုယ်သဘောမတူတဲ့ ကိစ္စတစ်ခုပျက်သွားတာကိုပဲ ဝမ်းပဲသာရဦးမယ်မဟုတ်လား။ ဒါပေမဲ့ အချို့ကတော့ ထင်ကြေးပေးကြတယ်ဗျ။ ကိုရာရှစ်ဟာ နိုင်ငံခြားနှင့်ဆက်နေတဲ့ ပင်လယ်ငါးသား မှောင်ခိုဂိုဏ်းကြီးတစ်ခုထဲမှာ ပါနေပြီး အဖမ်းခံရတော့မယ့်ဆဲဆဲမှာ ထွက်ပြေးသွားတယ်လို့"

mgyoe.com

"ထွက်ပြေးရင် ဘယ်ဘက်ထွက်ပြေးမယ် ထင်သလဲ"

"ရှမ်းတွေဆီ ပြေးမှာပေါ့ဗျာ။ ပသျှူးတွေဆီကိုလည်း ပြေးနိုင်တာပဲ၊ ပသျှူးတွေနှင့်ကတော့ ဘာသာအယူဝါဒလည်း တူကြတယ်"

"သူတို့ပျောက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ကျော်ကျော်၊ နှစ်နှစ်နီးပါးရှိနေပြီ"

"သြော် .... သြော် ... ဒါဖြင့် မောင်သန့်စင်ရဲ့ မုတ်ဆိတ်ဟာ နည်းတောင်နည်းသေးတယ်။ သခင်ငွေအောင်ရေ ဟဲ ... ဟဲ"

ကျွန်တော် သရော်တော်တော်လုပ်ပြီး ရယ်လိုက်သော်လည်း သခင်ငွေအောင်က လိုက်မရယ်ချေ။ တည်ငြိမ်သော မျက်နှာနှင့်ဆက်ပြောပြန်သည်။

"သန့်စင်လေးကတော့ ကျုပ်ကိုမပြောဘူး။ သူ့သူငယ်ချင်းတွေကြားထဲက သတင်းတစ်ခုထွက်လာတယ်။ သူ့ယောက္ခမလောင်းက သူ့သမီးလိုချင်ရင် မောင်သန့်စင်ဟာ အစ္စလာမ်ဘာသာကို ယူရမယ်လို့ ပြောတယ်ဆိုပဲ။ သန့်စင်လေးက အင်းအဲမလုပ်ဘူးတဲ့။ သူတို့ဘာသာယူမယ်လို့လည်း ကတိမပေး၊ မယူဘူးလို့လည်း မငြင်း၊ တမှိုင်မှိုင်တတွေတွေသာ လုပ်နေတယ်။ ဒီကောင်က ကျုပ်လိုမဟုတ်ဘူး။ မပြတ်သားဘူး။ ဆရာ့ကို ကျွန်တော်ပြောဖူးတယ်ထင်တယ်။ ကျုပ်လဲပဲ ငယ်ငယ်တုန်းက အစ္စလာမ်ဘာသာဝင်ပဲ။ ဘယ်သူဘာပြောပြော ကိုယ်ကြိုက်တဲ့မိန်းမကိုယူပစ်လိုက်တာပဲ။ ကိုယ်ကြိုက်တဲ့ မိန်းမက ဗုဒ္ဓဘာသာလေ။ နောက်တော့ ကျုပ်ကိုယ်တိုင် ဗုဒ္ဓဘာသာလုပ်ပစ်လိုက်တယ်လေ။ သူက အဲဒီလို မပြတ်သားဘူး။ ဟော ... ကိုရာရှစ်တို့တစ်တွေ ခြေရာပျောက်ဖျောက်သွားပြီးတဲ့တော့ သူ့ကောင်မလေးနဲ့သာပြန်တွေ့ရရင် အစ္စလာမ်ဘာသာယူမယ်ဘာညာနှင့် သူ့သူငယ်ချင်းများကိုပြောနေသတဲ့။ ကျုပ်တော့ ဒီကိစ္စကို သူနှင့်နောက်ထပ်တစ်ခါမှ မပြောတော့ဘူး။ သူ့ကိစ္စနှင့်သူ ခေါင်းရှုပ်ပြီး ငေးချင်ငေး၊ မှိုင်ချင်မှိုင်၊ ရူးချင်ရူးတော့လို့ ပေယျာလကံထားလိုက်တယ်"

"ခု အဏ္ဏဝါဗေဒ သုတေသန ခရီးထွက်ရာမှာ ပုလဲဒေဝီရှာဖို့ သူလိုက်ခဲ့တယ်ဆိုတဲ့ အကြောင်းပြချက်ကို သူက သခင်ငွေအောင်ကို တိုက်ရိုက်ပြောသလား၊ သူ့သူငယ်ချင်းတွေဆီက တစ်ဆင့်ကြားတာလား"

mgyoe.com

mgyoe.com


"ဒီသုတေသန ခရီးထွက်မယ်လို့ ကြားရတော့ သူဟာ တစ်မျိုး ပြောင်းသွားတယ်ဗျ။ ငေးမှိုင်တာတွေနည်းသွားပြီး သွက်သွက်လက်လက် စိတ်တက်ကြွလာတယ်။ တွေဝေပြီး အရောင်မှိန်နေတဲ့ မျက်လုံးတွေတောင် အရောင်တောက်လာတယ်။ သုတေသနခရီးစဉ်ကို ပြင်ဆင်ရာမှာ ကျုပ်ကို စိတ်ပါလက်ပါ ကူညီတယ်။ ပြီးတော့ ကျုပ်ကပဲ မင်းခရီးထွက်ရင် လိုက်မလားလို့ မေးလိုက်တယ်။ သူက အလွန်ခယဝယ အမူအရာနှင့် ကျွန်တော် ပုလဲဒေဝီကိုရှာဖို့ လိုက်ပါရစေ ဦးကြီးရယ်လို့ ဖြေလိုက်ပါတယ်။ ကျုပ်သူ့ကို အတော်သနားသွားတယ်။ ဒါနှင့်လိုက်ခဲ့ပေါ့လို့ ခွင့်ပြုလိုက်တယ်။ သူ အတော်ဝမ်းသာပြီး စိတ်ဓာတ်အတော်တက်သွားတယ်။ ခိုင်းလို့လည်း သိပ်ကောင်းတာပဲ။ ခုခရီးစဉ်ဟာ သူ့အဖို့ ညီတော်မင်းနန်ချွတ်ခန်းလိုဖြစ်ရင် ကောင်းမှာပဲလို့ အောက်မေ့မိတယ်ဗျာ"

"ဖြစ်နိုင်တယ် သခင်ငွေအောင်၊ ညီတော်မင်းနန်ချွတ်ခန်းမှာ ကျွန်တော်လည်း ဝိုင်းကူပါ့မယ်"

ကျွန်တော်တို့သည် ဓာတ်ဘူးထဲမှ လက်ဖက်ရည်ကြမ်းကို တစ်ယောက်တစ်လှည့် ငုံ့သောက်နေကြသည်။

သင်္ဘောသားများသည် ဆော့ကစားပြီးကြပြီ။ အဝတ်လျှော်ပြီးကြပြီ။ ရေချိုးပြီးကြပြီ။

သူတို့သည် "အောင်" သင်္ဘောသို့ ပြန်သွားကြလေ၏။

သခင်ငွေအောင်နှင့် ကျွန်တော်တို့လည်း ပြန်ခဲ့ကြလေသည်။

ကျွန်တော်တို့ သင်္ဘောပြန်ရောက်ပြီးနောက် အတော်ကြာမှ သုတေသနအဖွဲ့အသီးသီးပြန်ရောက်ကြလေသည်။ သူတို့မော်တော်ဘုတ်မှ သင်္ဘောပေါ်အတက်တွင် ကျွန်တော်က ဆီးကြိုတွေ့ဆုံသည်။

ဒေါက်တာတင်အုန်း၊ ဦးခင်မောင်စိန်စသော ဘူမိဗေဒသုတေသနလုပ်သားများသည် ကျွန်းပတ်ပြီး ကျောက်လွှာကျောက်ဆောင်များကို လေ့လာခဲ့ကြသည်။ ဆလုံရွာတစ်ရွာကိုလည်း တွေ့ခဲ့ရသဖြင့် ဦးခင်မောင်စိန်က ကျွန်တော်သူတို့နှင့် မလိုက်ခဲ့တာ နာသည်ဟုပြောပြ၏။ သူတို့အနေနှင့် ကျွန်တော်ရေကူးခဲ့သော သဲသောင်ယံကို အတော် စိတ်ဝင်စားကြသည်။ သဲများမှာ သလင်းများသဖြင့် ဖန်ချက်ရန် ကောင်းသော ကုန်ကြမ်းဖြစ်သည်

mgyoe.com

mgyoe.com

ဟု ဆို၏။

ဘူမိဗေဒပညာရှင်များက ကျွန်တော့်အား သူတို့တွေ့ခဲ့သော သဲအကြောင်း ထိုသို့ပြောပြသောအခါ ဦးဖေထွန်းအောင်က သူတို့နှင့် လိုက်မသွားမိသည်မှာ နာကြောင်း။ သူ့အဓိက ရည်ရွယ်ချက်မှာ ထိုသဲမျိုးကိုရှာရန်ဖြစ်ကြောင်း ပြောလေသည်။

ကျွန်တော် ...

"ဒါဖြင့် ဦးဖေထွန်းအောင် ဘယ်အဖွဲ့နဲ့ လိုက်သွားသလဲ"

ဦးဖေထွန်းအောင်က

"ကျွန်တော် သန့်စင်လေးတို့ မနုဿဗေဒအဖွဲ့နှင့် လိုက်သွား တယ်ဗျ။ ဆလုံရွာကို လေ့လာခဲ့ကြတယ်လေ"

ဟု ပြောပြီး သူက စပ်ဖြီးဖြီးလုပ်နေသည်။ သခင်ငွေအောင်ခေါ် လေ့ရှိသကဲ့သို့ သန့်စင်လေးဟုခေါ်သည်ကို သတိထားမိလိုက်သည်။ မောင်သန့်စင်က ညှိုးငယ်သော မျက်နှာဖြင့် ဝင်ပြောလိုက်သည်။

"ဦးလေးရေ...ဆလုံရွာကိုတွေ့ခဲ့ပေမဲ့ လူမတွေ့ခဲ့ဘူးခင်ဗျ။ ခွေးတောင်မကျန်ရစ်ခဲ့ဘူး"

သူ့ သူငယ်ချင်း မနုဿဗေဒသမားက ဖြည့်စွက်လိုက်သည်။

"ဘယ်မှာ လူရှိမှာလဲ ဦးလေးရဲ့၊ ဒီအချိန် ဒီရာသီမှာ ဆလုံတွေ ဟာ ပင်လယ်ပြင်မှာ လှေနဲ့ပဲနေကြတယ်။ ခွေးတွေကိုလည်း လှေပေါ်တင်ခေါ်သွားတာဘဲ"

ဒေါက်တာကျော်ထင် အစရှိသော ရုက္ခဗေဒ သုတေသနလုပ်သားများသည် သစ်ကိုင်း၊ သစ်ရွက်၊ သစ်သီး၊ သစ်ဖူးစသည်များကို ပွေ့ပိုက်ကာ ပြန်လာကြခြင်းဖြစ်သည်။ မင်းဂွတ်သီးနှင့်တူသော သစ်သီးတစ်ချို့ကို သတိပြုလိုက်မိသည်။ ငှက်ပျောဖူးနှင့်တူသော အဖူးကြီးများကိုလည်း တွေ့ရသည်။

အခြားသုတေသန လုပ်သားများသည် သက်ဆိုင်ရာနေရာအသီးသီးသို့ ဝင်သွားကြသော်လည်း မောင်သန့်စင်ကား ဝင်မသွားသေးချေ။ ကျွန်တော့်အနီးမှာ ရစ်သီရစ်သီ လုပ်နေရစ်လေသည်။ ကျွန်တော်နှင့် သူ စကားပြောချင်သည်မှာ ထင်ရှားသဖြင့် ...

mgyoe.com

"ငါမင်းတို့နှင့် မလိုက်ခဲ့မိတာ နာတာပဲ"

"ဟုတ်တယ် ဦးလေး၊ တော်တော်တော့ စိတ်ဝင်စားဖို့ ကောင်းတာပဲ။ သနားစရာကောင်းတဲ့ ရွာ၊ ကြေကွဲဖွယ်ရာ ကောင်းတဲ့ ရှုခင်း"

"ဦးလေးကလည်း မောင်သန့်စင်ကို ကူညီတဲ့အနေနဲ့ ပုလဲဒေဝီကို လိုက်ရှာပေးချင်ပါတယ်ကွာ"

"ကျွန်တော့် ပုလဲဒေဝီဟာ ဒီကျွန်းမှာ နေသွားဟန်မတူပါဘူး။ ဒီကျွန်းမှာ ဒီတစ်ရွာပဲရှိတယ်။ လူနေတဲ့ သည့်ပြင်အထောက်အထားလည်း တစ်ခုမှမရှိဘူး။ ဒီရွာကလေးကလည်း ရွာသိမ်၊ ရွာငယ်၊ ဆယ်အိမ်ဆယ့်ငါးအိမ်အမိုးမလုံ အကာမလုံနှင့် တဲပုတ်ကလေးတွေပါ ဦးလေးရယ်။ ကျွန်တော့် ပုလဲဒေဝီနေသွားတဲ့နေရာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူးဗျာ"

သူ့အသံနှင့် သူ့သွင်ပြင်တို့သည် စိတ်ဓာတ်ကျဆင်းနေခြင်းကို အပြည့်အဝ သရုပ်ဆောင်နေလေသည်။

ကျွန်တော်က အားပေးလိုက်ရ၏။

"တခြားကျွန်းတွေမှာ ရှာကြသေးတာပေါ့ မောင်သန့်စင်ရယ်"

နောက်ထပ် သူဘာမျှ မပြောတော့ပါ။ သူ့နေရာသို့ ဝင်သွားလေသည်။ ကျွန်တော်ကား သူတို့ပြောသော ဆလုံရွာရှိမည့်ဘက်ဆီသို့ ငေးကြည့်နေရစ်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၁၀)

## စန္ဒာကျွန်း

နောက်နေ့ နံနက်ခင်းတွင် စန္ဒာကျွန်းကိုတက်ရန် ပြင်ဆင်ကြလေသည်။ ပထမဆုံးတက်သော ကျွန်းကို သူရိယဟုအမည်မှည့်ပြီးနောက် ဒုတိယကျွန်းကို စန္ဒာဟုမှည့်ခေါ်လိုက်ခြင်းသာဖြစ်ပါသည်။

၎င်းသည် ဖိုခနောက်ဆိုင် ကျွန်း ၃ ကျွန်းအနက် တစ်ကျွန်းဖြစ်ပြီး ကျောက်ချထားသော ကျွန်တော်တို့သင်္ဘော၏အနောက်ဘက်မှာ တည်ရှိ၏။

ကျွန်တော်သည် ယနေ့ဘူမိဗေဒ ဘာသာရပ်ဆိုင်ရာ သုတေသီအဖွဲ့နှင့် လိုက်ပါမည်ဖြစ်၏။

ဘူမိဗေဒဆရာများသည် ဘူမိဗေဒ တူတစ်ချောင်းစီနှင့် မှန်ဘီလူးတစ်ခုစီ ယူခဲ့ကြရ၏။ မှန်ဘီလူးမှာ သိပ်တန်ခိုးကြီးသည်တော့ မဟုတ်ပါ။ အဆ ၂၀ သာ ချဲ့နိုင်သော တန်ခိုးရှိသည်။ ထို့ပြင် အချို့က ဘရန်တန်ကွန်ပါ၊ စီယင်တယ်လေးရှင်းကောင်တာနှင့် မက်ဂနက်တိုမီတာတို့ကို ယူခဲ့ကြ၏။ ဘရန်တန်ကွန်ပါမှာ ကျောက်လွှာများကို အငိုက် ဒီဂရီနှင့် တူရူပုံကို တိုင်းတာရန်ဖြစ်၏။ စီယင်တယ်လေးရှင်းကောင်တာမှာ ကျောက်သားများ

mgyoe.com

mgyoe.com
နှင့် သဲများတွင် ပါဝင်သောသတ္တုအချို့၏ ရေဒီယိုထကြွလှိုင်းများကို ရေတွက်နိုင်၏။ မက်ဂနက်တိုမီတာကား ကျောက်သားများနှင့် သဲများတွင် ပါဝင်သော သတ္တုအချို့၏ သံလိုက်ဓာတ်ကို တိုင်း၏။

မိုးလေဝသ ဆရာဦးသီလမှတစ်ပါး အားလုံးဘောင်းဘီဝတ်ပြီးနှင့် ခြေလုံးဘွတ်ဖိနပ်ကြီးများ စီးထားကြသည်။ ဦးသီလမှာမူ တိုက်ပုံအင်္ကျီ၊ လုံချည်၊ ပိန်းတန်းဖိနပ်တို့နှင့် ဖြစ်လေသည်။

ကျွန်တော့်ကို ကြည့်ပါဦး၊ ကာကီဘောင်းဘီ၊ ကုတ်အင်္ကျီ၊ ကင်းပတ်ဘွတ်ဖိနပ်ကြီးနှင့် ဖြစ်သည်။ ကုတ်အင်္ကျီအိတ်ကြီးထဲမှာ မှတ်စုစာအုပ်ပါသည်။ ကင်မရာကိုစလွယ်သိုင်း လွယ်ထားသည်။ ကာကီဘောင်းဘီနှင့် ဘွတ်ဖိနပ်တို့မှာ အသစ်စက်စက်များဖြစ်ကြ၏။ လေကြား၊ လှိုင်းကြား၊ ခေါင်းမှာကပ်နေသော ကာကီဦးထုပ်ကိုလည်း ဆောင်းထားပြီး မျက်မှန်နက်ကြီးတပ်ထားသေးရာ စစ်မြေပြင်သတင်းထောက်ကြီးနှင့် တူနေပေလိမ့်မည်။ ၇ နာရီတွင် လက်ဖက်ရည်သောက်ပြီး ၈ နာရီတိတိတွင် ထွက်ကြ သည်။ "တန်ကေး" ဟုခေါ်သော ပဲ့ထောင်မော်တော်ဘုတ်ကို စီးခဲ့ကြသည်။ မှောင်ခိုသမား ရှမ်းများထံမှ ဖမ်းမိသိမ်းဆည်းထားသော လှေဖြစ်သဖြင့် "တန်ကေး"ဟူသော ရှမ်းအမည်ဖြင့်ပင် ခေါ်သူက ခေါ်၏။ လက်နက်ကိုင်ရဲများလည်း ပါသည်။ ရဲအဖွဲ့ကို ခေါင်းဆောင်သူ လုံခြုံရေးမှူး ဦးကျော်ရွှေမှာ ရခိုင်လေ အတော်ကျန်နေသေးသူ ဖြစ်၏။ အရပ်မှာ မရှည်လှသော်လည်း အနည်းငယ်ပိန်သဖြင့် အရပ်ရှည်သည်ဟု ထင်မှတ်ရသည်။ အသားမဲပြီး နှာခေါင်းရှည်သည်။ ဦးကျော်ရွှေ၏ ထင်ရှားသော အမှတ်လက္ခဏာမှာ ငွေရိုးတပ်ဆေးတံနှင့် ဆေးတံသောက် ဆေးထည့်ထားသော ပုလင်းညိုဖြစ်သည်။ (မှတ်ချက် ။ ။ မြိတ်ဖက်သို့ ရခိုင်အမျိုးသား ဦးကျော်ရွှေ ရောက်နေသည်မှာ အံ့သြစရာမရှိချေ။ အစိုးရ ရာထမ်းမှုထမ်းများတွင် ပြည်ထောင်စုဘွား တိုင်းရင်းသားပေါင်းစုံ ပါဝင်ရာ တစ်ပြည်လုံးတွင် ပျံ့နှံ့နေကြသည်။ ချင်းတောင်မှာ ရှမ်းအမျိုးသား ခရိုင်ရဲဝန်ထောက်တစ်ဦးကို တွေ့ခဲ့ဖူးသည်။)

ကျွန်းတစ်ကျွန်း၏ အနောက်ဘက်ကမ်းခြေတွင် အော်တစ်ခုရှိသည်။ ထိုအော်တွင် တဲကလေးသုံးလေးလုံးရှိသည်။ တဲဆိုသော်လည်း

mgyoe.com

mgyoe.com
လင့်စင်လောက်သာရှိသည်။ ရေထဲမှာကား လှေခုနစ်စီး၊ ရှစ်စီးလောက် ဆိုက်ထားသည်။ လူတွေကား လှုပ်လှုပ်ရွရွ အလုပ်လုပ်နေကြ၏။ ခွေးတွေကိုလည်းတွေ့ရ၏။ သူတို့ကား ဆလုံများဖြစ်သည်။ ယခုရာသီမှာ ဆလုံများ အလုပ်အများဆုံးလုပ်နိုင်သော ရာသီဖြစ်သည်။ ဤရာသီတွင် သူတို့သည် လှေပေါ်မှာ အနေများပြီး ကုန်းပေါ်တက်ခဲသည်။ မသာမယာသော ရာသီဥတုတွင်လည်း တစ်နေရာရာတွင် အတည်တကျနေသည်မရှိလှ၊ ရေကြည်ရာ မြက်နုရာဆိုသလို ခဏခဏ ရွှေ့ပြောင်းနေကြသည်။

ကျွန်တော်တို့သည် "တန်ကေး"ကို ဆလုံလှေများနှင့် တတ်နိုင်သမျှ နီးအောင် ကပ်ပြီးမောင်းကာ တစေ့တစောင်းကြည့်ကြသည်။ ကိုယ့်ခရီးနှင့်ကိုယ်မို့ သူတို့ထံ အရောက်မသွားကြပါ။

စန္ဒာကျွန်းသည် အမြင့်နီးလျက် ခရီးဝေးသည့် တောင်သဖွယ်ဖြစ်ပါသည်။ တော်တော်နှင့် မရောက်နိုင်။

ကျွန်း၏အရှေ့ဘက်တွင် သဲသောင်ကောင်းကောင်းမရှိ။ ထို့ကြောင့် သဲနည်းနည်းနှင့် ကျောက်ခဲများသောနေရာ တစ်နေရာဆီသို့ ချဉ်းကပ်ရသည်။ ရေမှာတက်ခါစသာဖြစ်သဖြင့် ကမ်းစပ်မှာ တိမ်နေသည်။ ထို့ကြောင့် မော်တော်ဘုတ်ကို ကမ်းစပ်သို့ အရောက်မယူနိုင်။ ကျွန်တော်တို့သည်။ ရေထဲဆင်းလျှောက်ကြရ၏။ မာလိန်မှူး၏ "ရေစိုမှာမကြောက်နှင့်" ဟူသော သတိပေးချက်ကို ကြားယောင်နေသည်။ ဖိနပ်ရော၊ ခြေအိတ်ရော ရွှဲရွဲစိုကုန်ပါပြီ။ ကာကီဘောင်းဘီကြီးလည်း ပေါင်လယ်ထိ စိုကုန်ပါပြီ။ ကုတ်အကျီတော့ မစိုသေး။

ကျွန်တော်တို့ကို ချထားခဲ့ပြီးနောက် တန်ကေးသည် ပြန်သွား၏။ နေ့ခင်း၌ ဤနေရာသို့ ထမင်းလာပို့မည်ဖြစ်သည်။

ဘူမိဗေဒ သုတေသန လုပ်သားများသည် ရောက်လျှင်ရောက်ချင်း ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်ခဲများကို ကြည့်ရှုစစ်ဆေးကြ၏။ ဤကျွန်းတွင် သင်ပုန်းကျောက်များလွှမ်းသည်။ ထို့ပြင် ကွပ်ဖိုက် ခေါ်သော အသွင်ပြောင်း သဲမှုန်ကျောက်နှင့် ဖစ်လိုက်ခေါ်သော သဲပါရွံ့ ကျောက်များ ရှိလေသည်။

ဘူမိသဘာဝဖြစ်စဉ်တွင် နှစ်သန်းပေါင်းများစွာ အတွင်းဖိအားနှင့်
mgyoe.com

mgyoe.com

အပူရှိန်ကြောင့် ရွှံ့သည် ရေလကျောက်ဖြစ်လာသည်။ ရေလကျောက် ရင့်မာလျှင် သင်ပုန်းကျောက် (စလိတ်) အဖြစ်ဖြင့် အသွင်ပြောင်းသည်။ ဖိအားနှင့် အပူရှိန်များသောကြောင့် သဲပါရွှံ့ကျောက်သည် ဖစ်လိုက်ကျောက်ဖြစ်လာသည်။ ဖိအားနှင့် အပူရှိန်ကြောင့် သဲများသည် ကွပ်ဇိုက်ခေါ် အသွင်ပြောင်း သဲမှုန်ကျောက်ဖြစ်လာသည်။ သင်ပုန်းကျောက် ရင့်မာလျှင် "သျှစ်" ကျောက်ဖြစ်လာသည်။

ဘူမိဗေဒဆရာတို့သည် သင်ပုန်းကျောက် ကျောက်ဆောင်များ၏ ငိုက်ပုံကို တိုင်းထွာကြ၏။ ၎င်းတို့၏ထိုးဆင်းပုံ တူရူအနေအထားကိုလည်း ရှာဖွေကြ၏။

အင်္ဂလိပ်များ လက်ထက်တုန်းက အိန္ဒိယဂျီအိုလိုဂျီဆာဗေအဖွဲ့မှ ဘူမိဗေဒဆရာများသည် ဤကျွန်းစုအားလုံးတွင် သင်ပုန်းကျောက် (စလိတ်)၊ အသွင်ပြောင်း သဲမှုန်ကျောက် (ကွပ်ဇိုက်)နှင့် သဲပါရွှံ့ကျောက် (ဖစ်လိုက်များ ရှိသည်ဟု ယေဘုယျခြုံ၍သာဖော်ပြပြီး မြိတ်အုပ်စုဟူသော ခေါင်းစဉ်ဖြင့်သာပေါင်းထည့်ထားခဲ့လေသည်။ ဘယ်နေရာမှာ ဘာကဘယ်လောက်ရှိသည် စသည်ဖြင့် အသေးစိတ် ဖော်ပြခြင်းမရှိခဲ့ချေ။ ယင်းကျောက်များ၏ အနေအထားများကိုလည်း မလေ့လာခဲ့ချေ။

ယခုတော့ဒေါက်တာတင်အုန်း၊ ဦးခင်မောင်စိန်နှင့် အခြားဘူမိဗေဒ သုတေသီများသည် ထိုအချက်များကို စူးစမ်းရှာဖွေလေ့လာနေကြပေပြီ။ သူတို့၏တူသံများကို တတောက်တောက် ကြားနေရ၏။ သူတို့ ကရှေ့ကသွား၊ ကျွန်တော်က နောက်ကလိုက်။ မှတ်စရာရှိတော့ သူတို့က ဘူမိဗေဒရှုထောင့်မှမှတ်သည်။ ကျွန်တော်က စာရေးဆရာရှုထောင့်မှ မှတ်သည်။

တစ်နေရာတွင် ကျောက်ဆောင်များသည် ရေထဲသို့ မတ်စောက်စွာ တိုးဝင်နေသည်။ ကျောက်ဆောင် အထက်အတွင်ကား အောက်ရှုပ်သောတောအုပ်စနေပြီ။ ကျွန်တော်တို့သည် တစ်လမ်းလမ်းကိုရွေးချယ်ရတော့မည်။ ရေထဲဆင်းပြီး ကျောက်ဆောင်များကို ကွင်းသွားမည်လော။ အောက်ရှုပ်သောတောစပ်သို့တက်၍ ကျောက်ဆောင်များကိုဖြတ်ကျော်မည်လော။ ဒေါက်တာတင်အုန်းက ရေထဲမှသွားရခြင်းက လွယ်သည်ဟုဆိုကာ ရေထဲမှ ဖြတ်လေသည်။ ကျွန်တော်သည် သူ့နောက်မှ လိုက်မိ၏။

mgyoe.com
ဆင်းလိုက်သည့် ခဏမှာပင် ရေသည်ပေါင်လယ်သို့ ရောက်နေ၏။ ကျွန်တော့်လက်တစ်ဖက်တွင် မှတ်စုစာအုပ်ကို ကိုင်ထားသည်။ စလွယ်သိုင်းထားသော ကင်မရာကို ရေစိုမှာစိုးသဖြင့် အခြားလက်တစ်ဖက်ဖြင့် မထားသည်။ ရေထဲတွင် တစ်ဝုန်းဝုန်းရုန်းသွားနေစဉ် ခြေတစ်ဖက်က ရေထဲတွင် မမြင်ရသော ကျောက်လုံးတစ်လုံးပေါ်လျှောခနဲ နင်းမိပြီး လှိုင်းလုံးတစ်လုံးက ဝုန်းခနဲ ကျွန်တော့်ကို တွန်းထိုးလိုက်လေသည်။ ရေထဲတွင် လဲကျသွား၏။ ကင်မရာကို သတိရပြီးမြှောက်ကိုင်လိုက်သောအခါ မှတ်စုစာအုပ် ကိုင်ထားသော လက်ကရေထဲမြုပ်သွား၏။လူကိုဖြစ်ချင်ရာ ဖြစ်စေတော့ မှတ်စုစာအုပ်ဆားငန်ရေမှာ ကြာရှည်မနေရအောင်အတင်း ရုန်းကန်ထလိုက်ရ၏။ တော်သေးသည်။ ကင်မရာဆားငန်ရေမှာမမြုပ်ခဲ့။ မှတ်စုစာအုပ်ကို ရေခြောက်အောင် နည်းအမျိုးမျိုးနှင့် လုပ်ယူရလေသည်။

နောက်တော့ ရေထဲမှ မလျှောက်ရဲတော့ချေ။ ကျောက်ဆောင်အထက်သစ်ပင်များ၊ ချုံပုတ်များကြားမှ လျှောက်လေသည်။ တောင်စောင်းမှာ ထူထပ်စွာပေါက်နေသော သစ်ပင်၊ ချုံပင်၊ နွယ်ပင်တွေကြားမှာ လျှောက်ရသည်ကလည်း တကယ်မလွယ်ပါ။ ခြေကမမြဲ လက်မမြဲအောင် လုပ်ရသေးသည်။ ခေါင်းဝင်ကိုယ်ဆံ့ဖြစ်အောင် တိုးရသည်။ မတ်တတ်လျှောက်မရလျှင် ထိုင်လျှောက်ရသည်။

ကျောက်များကား ပို၍စိတ်ဝင်စားဖွယ် ဖြစ်လာသည်။ သင်ပုန်းကျောက်ခြားများတွင် သလင်းကျောက်က ထိုးဝင်ကျောက်ကြောကြီးများ(GUARTZ VEINS) ဖြစ်နေသည်ကိုတွေ့ရသည်။ ဘူမိဗေဒဆရာများသည် ၎င်းတို့ကိုတွေ့သောအခါတအားထုခွဲကြည့်ကြ၏။ သလင်းကျောက်ထဲတွင် အခြားအဖိုးတန် သတ္တုများသာမက ရွှေပင်တွေ့နိုင်သည် မဟုတ်ပါလား။

ထိုးဝင်ကျောက်ကြောကြီးများ၏ ဒေါင်လိုက်၊ အလျားလိုက် ထိုးဆင်းပုံကို လေ့လာကြသည်။

သင်ပုန်းကျောက်ဆောင်များမှာ ရေနှင့်လေတိုက်စားမှုကြောင့် မာသောစောင်းတွေသာ ဓါးသွားများကဲ့သို့ ထိုးထိုးထောင်ထောင်တွေ့ရသည်။ ထိုထိုးထိုးထောင်ထောင် ကျောက်စောင်းများပေါ်တွင် ပကတိ ခြေထောက်နှင့်
mgyoe.com

m.gyoe.com


လျှောက်နိုင်မည်မဟုတ်ချေ။ ခွါကောင်းသော ဘွတ်ဘိနပ်ကြီးများမို့သာခံနိုင်တော့သည်။ ထို ထိုးထိုးထောင်ထောင် ကျောက်စောင်းများကား ကြောက်စရာကောင်းသလောက် စိတ်ဝင်စားစရာကောင်းသည်။ မာ၍သာ ဥတု၏ဒဏ်ကိုခုခံပြီး ကျန်ရစ်သည်။ မာသောကျောက်စောင်းမှာ သတ္တုတစ်ခုခုဖြစ်နိုင်သည်။

ကျောက်တွေကိုကြည့်ပြီး သံသရာလည်နေပုံကို ဆင်ခြင်မိသည်။ နှစ်သန်းပေါင်းများစွာကြာသော် ဖိအားနှင့် အပူရှိန်ကြောင့် ရွံ့သည် ရှေလကျောက်ဖြစ်ခဲ့သည်။ ရှေလကျောက်ရင့်မာသောအခါ သင်ပုန်းကျောက် (စလိတ်)အဖြစ်ဖြင့်အသွင်ကူးပြောင်းသွားသည်။ များစွာသော သင်ပုန်းကျောက်တို့သည် အတုံးကလေးများ၊ အခဲကလေးများ၊ အမှုန့်များ၊ အနယ်များ၊ နောက်ဆုံးရွံ့များဖြစ်သွားလေသည်။ ထိုရွံ့များသည် နောင်နှစ်သန်းပေါင်းများစွာ ကြာသောအခါ ရှေလကျောက်များ ဖြစ်ပေဦးတော့မည်။ သင်ပုန်းကျောက်အဖြစ်ဖြင့် အသွင်ကူးပြောင်းပေဦးမည်။ ဤကား ဘူမိသံသရာပေတည်း။

ဆယ့်တစ်နာရီကျော်သောအခါ ထမင်းစားရန် စီစဉ်ထားသော နေရာသို့ လှည့်ပြန်ခဲ့ကြလေသည်။

ရေကျဖြစ်သော်လည်း ကျစသာဖြစ်သဖြင့် သောင်မပေါ်သေး၊ အသွားတုန်းကလဲကျထားသည်ကို သတိရနေသဖြင့် ကျောက်ဆောင်အောက်ရေထဲမှ မလျှောက်၊ ကျောက်ဆောင်အထက် တောစပ်မှ လျှောက်ခဲ့သည်။ ခက်ခက်ခဲခဲပင် တွယ်ကပ်သွားရ၏။ အသွားတုန်းကအသစ်အသစ် သိချင်ဇော မြင်ချင်ဇောဖြင့် လျှောက်ကြရာ ခရီးဝေးမှန်းမသိ၊ အပြန်ကျတော့မှာ ခရီးဝေးသည်ကို သတိထားမိတော့သည်။

မွန်းတည့်သွားလေပြီ။

ထမင်းမှာ စပါးလုံး နိုင်းချင်းလိုလိုဖြစ်နေ၏။ ခါတိုင်းလို စပါးလုံးကိုမဖယ်နိုင်ပြီ။ အမဲသားဟင်း၊ ပဲဟင်းနှင့် ငါးပိထောင်း။ ငါးပိထောင်းမှာ သံပရာရည်ကလေး ညှစ်လိုက်ရလျှင် ဘယ်လောက်ကောင်းမည်နည်း။

စန္ဒာကျွန်းမှာတောင်မြောက် ရှည်လျားစွာ ခပ်ကွေးကွေး တည်ရှိသည်။ တောင်ဘက်တစ်နေရာတွင် တောင်ကြားလမ်းသဖွယ်ရှိသည်။

mgyoe.com

ချိုင့်ဝှမ်းကြီးဖြစ်နေသည်။ ထိုနေရာတွင် စမ်းချောင်းတစ်ခုလည်းရှိ၏။

ကျွန်တော်တို့သည် ထိုနေရာသို့ မော်တော်ဘုတ်နှင့်သွားကာ တောင်ကြားလမ်းဖြင့် တစ်ဖက်ကမ်းသို့အရောက် ဖြတ်ကျော်ကြမည်ဖြစ်၏။ မော်တော်ဘုတ်သည် ထမင်းလာပို့သူများနှင့် တစ်ဖက်ကမ်းသို့ မလိုက်လိုသူများကို သင်္ဘောသို့ပြန်ခေါ်သွားလေသည်။

တောင်ကြားလမ်းဟု ဆိုသော်လည်း လမ်းရာလောက်သာရှိသည်။ ဟိုနေရာ၊ ဒီနေရာတွင် လမ်းက ပိတ်ပိတ်နေသေးသည်။ ဦးကျော်ရွှေနှင့် ရဲသားအချို့က ပိတ်ဆို့နေသော သစ်ပင် ချုံနွယ်များကို ဓါးဖြင့် ခုတ်ရှင်းသွားလေသည်။ အဆိုးဆုံးမှာ ရေငုံပင်နှင့် ကြိမ်ပင်များဖြစ်သည်။

ဆူးတွေကလည်း ပေါပြီး ရှင်းရတာလည်း ခက်သည်။ ဦးကျော်ရွှေကားရဲအရာရှိတစ်ဦးအဖြစ်ဖြင့်သာ တက်ကြွနေသည်မဟုတ်၊ ကျွန်တော်တို့ သုတေသနအဖွဲ့ဝင် တစ်ဦးအနေနှင့်လည်း တက်ကြွနေလေသည်။ လေ့လာရှာဖွေတွေ့ရှိခြင်းများတွင် စိတ်ဝင်စားနေသည်။ သူသည် စောစောကပင် လုံခြုံရေးအတွက်ကင်းလှည့်ထားရာ ဤလမ်းကိုတွေ့ရှိထားခဲ့ခြင်းဖြစ်လေသည်။

တောင်ကြား တောအုပ်မှ ထွက်ရတော့မည် ဆိုလျှင်ပင် ပင်လယ်အော်သံကို ကြားရလေသည်။ ပင်လယ်အော်သံဆိုသည်မှာ တဝုန်းဝုန်းနှင့် လှိုင်းလုံးသံကြီးများကို ဆိုလိုသည်။ ပြီးတော့ တောင်ကမူများ လိုမြင့်သော သဲကုန်းဖွေးဖွေးကြီးများကို တွေ့ရသည်။ သဲကုန်းဖွေးဖွေးကြီး အချို့တွင် သစ်ပင်ကျိုးတိုးကျဲတဲပေါက်နေသည်။ များသောအားဖြင့် ကြံ့လှီသော လမုပင်များဖြစ်၏။ ဆပ်သွားဖူးပင်နှင့် ခပေါင်းရေကြည်ပင်များကိုလည်းတွေ့ရ၏။

ကျွန်တော်တို့ ထွက်ခဲ့သော တောစပ်နှင့် သဲကုန်းကြီးများကြားတွင် ရှည်လျားသော အိုင်ကြီးတစ်ခုရှိလေသည်။ အိုင်ဆိုသော်လည်း ရေမနက်လှချေ။ ရေမှာ ပင်လယ်ရေလောက်လည်းမငန် ရေချိုလုံးလုံးလည်းမဟုတ်၊ အလွန်ရေတိမ်သော နေရာများ၌ မြက်တစ်မျိုးပေါက်နေသည်။ သို့သော် ကိုင်းတောနှင့် မတူချေ။ သဲထဲမှာ ရေမငန်တငန်၌ ပေါက်သော မြက်ဖြစ်သည်။

mgyoe.com

mgyoe.com


ပင်လယ်ကမ်းအနီးတွင် (LAGOON)ခေါ် အိုင်တစ်မျိုးမျိုးရှိတတ်သည်။ အချို့မှာ နက်လည်းနက် ပင်လယ်ရေလည်းစီးဝင်သော ရေပြာအိုင်ဖြစ်နေတတ်သည်။ ယခုအိုင်မှာ ထိုသို့မဟုတ်ချေ။

ကျွန်တော်တို့သည် ထိုအိုင်ကို ဖြတ်လျှောက်ကြပြန်သည်။

အတန်ကြာသော် သဲကုန်းကြီးများပေါ်သို့ ရောက်ကြလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း (၁၁)

# ကျွန်းစန္ဒာနှင့် သဲသောင်ယံ

သဲကုန်းကြီးများကို လွှန်လေသော် ကမ္ဘာတွင် အလှဆုံးသော သဲသောင်ပင်လယ်ကမ်းခြေတစ်ခုကို တွေ့ရလေသည်။

ကမ္ဘာအရပ်ရပ်တွင် သဲသောင် ပင်လယ်ကမ်းခြေအမျိုးမျိုးကို ရောက်ဖူးကြသော အမေရိကန် သံတမန်များနှင့် ရုရှားသံတမန်များက ငပလီကမ်းခြေကို ကမ္ဘာမှာအလှဆုံး သဲသောင်ကမ်းခြေဖြစ်သည်ဟု ချီးကျူးကြလေသည်။ သူတို့သည် သံတမန်ထုံးတမ်းအရ စကားအရာ လိုက်လျောဖွယ်ရာအောင် ပြောကြခြင်းမဟုတ်ဟု ကျွန်တော်ယူဆသည်။ ကျွန်တော်လည်း ပင်လယ်ကမ်းခြေ ဟာဝိုင်ရီသဲသောင်ကမ်းခြေအပါအဝင် သဲသောင်ကမ်းခြေ အမျိုးမျိုးကိုရောက်ဖူးသည်။ ငပလီကမ်းခြေက သဘာဝအားဖြင့်ပို၍လှသည်မှာ အမှန်ပင်ဖြစ်သည်။ စန္ဒာကျွန်းမှ သဲသောင်ကမ်းခြေသည် ငပလီသဲသောင်ကမ်းခြေထက် ပို၍ လှသည်မှာလည်း လက်တွေ့မှုချဖြစ်နေချေသည်။

သုံးရက်လ ခုံး မျက်စလို ခပ်ကွေးကွေးကလေးဖြစ်၏။

တစ်မိုင်ကျော်ကျော် နှစ်မိုင်နီးပါးရှည်လျားမည်ထင်သည်။ တစ်ပြင်လ

mgyoe.com

mgyoe.com


လုံး၊ တစ်လျှောက်လုံး သဲငွေသောင်ယံကြီးဖြစ်နေ၏။

ကြည်လင်တောက်ပသော သမင်မျက်လုံးမျိုးအပြင် မျက်တောင်ကော့ကလေးရှိလျှင် အလှပိုလာသလို ကမ်းနဖူးတွင် ထင်းရှူးပင်နှင့်တူသော ပင်လယ်ကဗွီးပင်များက ပေါက်နေကြပေရာ ငွေသောင်ယံ အလှပိုနေသည်။

စန္ဒာကျွန်း သဲသောင်ကမ်းခြေသည် အနောက်ဘက်သို့မျက်နှာမူနေရာ သမုဒ္ဒရာဘက်သို့ ပွင့်နေပေသည်။ သို့သော် ဟာလာဟင်းပွင့်ခြင်း မဟုတ်ချေ။ ဟိုဘက် အတော်ဝေးဝေးတွင် ကျွန်းနှစ်ကျွန်း မှိုင်းမှိုင်းညို့ညို့ကို တွေ့ရသည်။ ပင်လယ်ပြာ ရင့်ရင့်နှင့် ကောင်းကင်ပြာနုနုတွင် ကြွတက်နေရုံသာမြင်ရသော မှိုင်းမှိုင်းညို့ညို့မြင်ကွင်းဖြစ်ပေ၏။

ထိုကျွန်းနှစ်ကျွန်းမှာ မည်သည့်ကျွန်းများဖြစ်သည်ကို ကျွန်တော်တို့ မသိချေ။ မြန်မာပိုင်လော၊ နိုင်ငံခြားပိုင်လော၊ လူသူရောက်သလော၊ မရောက်ဘူးလော မသိနိုင်ချေ။

စန္ဒာကျွန်း သဲသောင်ကမ်းခြေနှင့် မျက်နှာချင်းဆိုင်တွင် ကျွန်းများ နီးကပ်စွာ တည်နေလျှင် ထိုမျှ သာယာမည်မဟုတ်။ ခံ့ညားသော ပင်လယ်မြင်ကွင်းကျယ်ကြီးကို ခံစားနိုင်မည်မဟုတ်။ ဤသို့မှ ခပ်ဝေးဝေးတွင် ကျွန်းနှစ်ကျွန်းလောက် မရှိပြန်လျှင်လည်း ပင်လယ်က အမြဲကြမ်းနေမှာ စိုးရသည်။ လေကအမြဲထန်နေမည်ကို စိုးရသည်။ ယခုတော့ အစစအရာရာ အလောတော်ပင်ဖြစ်သည်။

ကျွန်တော်တို့ အားလုံးသည် ဤမျှလှပသာယာသော သဲသောင်ကမ်းခြေသို့ ရောက်လာရသဖြင့် မြူးထူးပျော်ရွှင်သွားကြ၏။ ကဗွီးပင်ကြီး တစ်ပင်အောက်မှာ စခန်းချပြီး ရှာဖွေလေ့လာရေးလုပ်ကြသည်။

သဲသောင်တွင် သဲတွေကို စစ်ဆေးကြည့်ရှုကြသည်။ သဲမှာ အသန့်ရှင်း အဖြူစင်ဆုံး သဲဖြစ်သည်။ သလင်းသဲကချည်း ၉၅ ရာခိုင်နှုန်းပါသည်ဟု ဘူမိဗေဒဆရာများက ဆိုပေသည်။ သူတို့သည် ထိုသဲများကို နမူနာအိတ်ကလေးတွေနှင့် ထည့်ကြ၏။ ဒေါက်တာတင်အုန်းနှင့် ဘူမိဗေဒဆရာနှစ်ယောက်ကား အထူးတက်ကြွစွာ လှုပ်ရှားနေကြလေသည်။ သဲငွေသောင်ယံ၏ တောင်ဘက်အစွန်ထိလျှောက်၍ ကျောက်လွှာများကို စစ်ဆေး

mgyoe.com

mgyoe.com


ကြည့်ရှုကြသည်။ သူတို့၏ တူသံများသည် လှိုင်းများကို တက်စီးလျက် ရှိကြ၏။

ဒေါက်တာကျော်ထင်နှင့် ရက္ခဗေဒသမားများက သဲကုန်းများပေါ်တွင် ခက်ခဲစွာ ပေါက်နေကြသော အပင်များကို စစ်ဆေးရှာဖွေကြသည်။ အာလူးနှင့် အရောင်ဆင်တူပြီး ကြက်သွန်ဥပုံသဏ္ဌာန်ရှိသော သစ်ဥတစ်ဥကို ကျွန်တော်တွေ့ရသည်။ တကယ်တော့ သစ်ဥလား၊ သစ်သီးလားပင် ပြောရန်ခက်သည်။ အပင်မှာမတွေ့ရဘဲ သဲထဲမှာ တွေ့ရသောကြောင့် သစ်ဥဟုပြောခြင်းဖြစ်သည်။ သဲထဲမှာ နက်နက်ကြီး နေသည်လည်း မဟုတ်၊ အပင်အမြစ်နှင့် တွေ့ရသည်လည်း မဟုတ်ချေ။ ဒေါက်တာကျော်ထင်ကို ပြပြီး မေးသောအခါ သူလည်းတွေ့ထားကြောင်း၊ ဘာဟု ခွဲခြားမသိသေးကြောင်း ပြောလေသည်။ ခွဲပြီး စားကြည့်သောအခါ တော်တော်ခါးသည်။ သူတို့ကတော့ စားမကြည့်စေချင်ကြ။ ကျွန်တော်ကတော့ များများမစားမိသရွေ့ အန္တရာယ်မရှိဟုဆိုပြီး မြည်းကြည့်လေ့ရှိသည်။ ထိုသစ်ဥကို ကျွန်တော်လည်း ယူခဲ့သည်။ အရှင်နာဂသေနအား မြန်မာအာယုဗေဒနည်းဖြင့် အမျိုးအစားခွဲခြားစမ်းသပ်ကြည့်ရှုဖို့ ပေးအပ်ရန်ဖြစ်လေသည်။

သဲကုန်းကြီးများပေါ်လျှောက်ကြည့်ကြသောအခါ အံ့သြဖွယ်ကောင်းသော ခေတ်မီ လူ့အသုံးအဆောင် ပစ္စည်းအချို့ကို တွေ့ရလေသည်။ ရော်ဘာကွင်းထိုးဖိနပ်တစ်ဖက်၊ ဘရာစီယာတစ်ထည်၊ ကျွဲကော်ရုပ်တစ်ရုပ်၊ လျှပ်စစ်မီးလုံးတစ်လုံး၊ ပုလင်းတစ်လုံးစသည်ဖြင့် ဖြစ်လေသည်။

လျှပ်စစ်မီးလုံးမှာ စကရူတိုက်ခေါ် ဝက်အူရစ် အမျိုးအစား မီးလုံးဖြစ်သည်။ မီးလုံးကို ဝက်အူရစ်၍တပ်ရခြင်းမှာ မြန်မာပြည်တွင် ထုံးစံမရှိ။ နိုင်ငံခြား အချို့တွင်သာ သုံးသောမီးလုံးမျိုးဖြစ်လေသည်။ ရော်ဘာ ကွင်းထိုးဖိနပ်မှာလည်း မှောင်ခိုဈေးတွင် နှစ်ဆယ်အစိတ်ပေးဝယ်နေကြသော ဖိနပ်မျိုးဖြစ်လေသည်။

၎င်းတို့ကို ကမ်းစပ်သောင်ခြေမှာ တွေ့ခြင်းမဟုတ်၊ သဲကုန်းကြီးများပေါ်တွင် တွေ့ခြင်းဖြစ်သဖြင့် ရေမှာမျောလာသော ပစ္စည်းများမဟုတ်ဟု ကျွန်တော်တပ်အပ်ယူဆပေသည်။ မြန်မာ့ပင်လယ်ပြင်၊ မြန်မာ့ကျွန်းများသို့ နိုင်ငံခြားငါးခိုးသမားများနှင့် မှောင်ခိုဈေးသမားများသာမက မှောင်ခိုခိုးဝင်

mgyoe.com

mgyoe.com


တဲထိုးစခန်းချကာ အပန်းဖြေ အနားနေသူများရှိဟန်တူလေသည်။ လူသူမနေသော အလွန်လှပသည့် စန္ဒာကျွန်းသဲသောင်ယံတွင် ဟသ်ာမောင်နှံဇာတ်ခင်းချင်သော နိုင်ငံခြားသားအများအပြားနှင့် မှောင်ခိုသူဌေးအချို့ရှိမည်မှာ မုချဖြစ်သည်။

စူးစမ်းရှာဖွေ လေ့လာမှုများ ပြုလုပ်ပြီးသောအခါ ပင်လယ်ကဗွီးပင်ကြီးအောက်တွင် နားကြသည်။ ရက္ခဗေဒကထိကတစ်ဦးဖြစ်သူ ဦးစိုးကျော်က သူယူလာသည့် မြေပဲယို၊ နမ်းပျစ်၊ ရှောက်သီးဆေးပြားစသည်များကို ဝေငှသည်။ အားလုံးက သာစုခေါ်ကြသည်။

ခဏကြာသော် ရေကူးလိုသူများကူးရန် အဖော်ညှိကြသည်။ မကူးတတ်ဦးတော့ ပင်လယ်ရေလှိုင်းများကြားတွင်ဆော့ကစားနိုင်ကြပါသည်။

ကျွန်တော့်မှာ ယနေ့မှပင် ရေကူးဘောင်းဘီ မယူခဲ့မိချေ။ ကာကီဘောင်းဘီကြီးအောက်မှ အောက်ခံဘောင်းဘီအဖြစ်ဖြင့်ပင် မဝတ်ခဲ့မိချေ။ အခက်အခဲကို ပြောပြသောအခါ ယောကျ်ားတွေချည်းပဲဗျာ၊ ဖြစ်သလိုကူးကြတာပေါ့ဟု အများက ပြောကြလေသည်။

လူတော်တော်များများ ကျွန်တော့်လိုပင် အခက်အခဲရှိလိမ့်မည်ဟု ထင်နေရာ ရေထဲတကယ်ဆင်းတော့ ထိုသို့မဟုတ်ကြောင်းတွေ့ရှိရသည်။ ဒေါက်တာကျော်ထင်ပင် အခက်အခဲမရှိချေ။ အားလုံးရေကူးဘောင်းဘီ သို့မဟုတ် အောက်ခံဘောင်းဘီနှင့် ရှိကြလေသည်။ ကျွန်တော်ကား တွေဝေမနေတော့ ကာကီဘောင်းဘီရှည်ကြီးကိုချွတ်ပြီး သဘာဝ သားသမီးပီပီ ရေထဲသို့ ဆင်းသွားလေသည်။

သဲထဲတွင် သလင်းသဲ ၉၅ ရာခိုင်နှုန်းပါသော်လည်း အလုံးကလေးတွေက အနေတော်သာဖြစ်သည်။ ပင်လယ်ကမ်းခြေသောင်ပြင်မှာ သဲအလုံးကြီးလွန်းလျှင်လည်း ပွပြီး ရွှံ့လျားသဖြင့် ခြေနင်း၍မကောင်း၊ သဲအလုံးသေးမှုန်နေလျှင်လည်း အငန်ဓာတ်နှင့်ရောနှောကာ ခြေကိုကပ်တတ်ရုံမက လှိုင်းပုတ်လျှင်အနည်ဖြစ်ပြီး ကမ်းစပ်မှာ ရေအနည်းငယ် နောက်နေတတ်သည်။ ယခု သဲလုံးများကား ခြေနင်းလို့လည်း ကောင်းသည်။ ကပ်လည်းမကပ်။ ရေမှာလည်း နေရာတကာတွင် ပကတိသန့်စင်ကြည်လင်နေပေသည်။ ဘယ်ကမ်းခြေသောင်ယံမှာမှ ဤမျှ ရေကြည်လင်သည်ကို ကျွန်တော်မတွေ့ခဲ့ဖူးချေ။

mgyoe.com

mgyoe.com

ရေကူးကြ၊ လှိုင်းစီးကြနှင့် အပျော်ကြီးပျော်ရသည်။

ဒေါက်တာကျော်ထင်နှင့် ဒေါက်တာတင်အုန်းအပါအဝင် လူများစုမှာရေထဲကြာကြာမနေကြ၊ များသောအားဖြင့်လည်း ရေမကူးတတ်ကြ၊ ခါးလောက်ရောက်အောင် ရေထဲဆင်းပြီး လှိုင်းရိုက်ပုတ်သည်ကိုခံကာ ဆော့ရုံသာဆော့ကြသည်။ လှိုင်းတက်လာတော့ ခုန်လိုက်၊ လှိုင်းကျသွားတော့ ထိုင်ချလိုက်လုပ်ကြသည်။ ကျွန်တော်အပါအဝင် လူသုံးလေးယောက်ကား ရေထဲမှာ အကြာကြီးနေကြသည်။ ကူးကြသည်။ လှိုင်းစီးကြသည်။ တစ်ခါတစ်ခါ တက်လာသော လှိုင်းလုံးကြီးများသည် ကျွန်တော်တို့ကို ရိုက်ခတ်ခေါ်ဆောင်သွားလေရာ သဲပေါ်အထိ တလိမ့်ခေါက်ကွေးပါသွားကြသည်။ ထိုအခါ အသည်းယားရင်ဖိုကြရသည်။ သို့ကလို အသည်းယားရင်ဖိုရခြင်းကိုပင် အရသာခံကြ၏။

ရေထဲအကြာကြီး နေသူများအနက် တစ်ယောက်မှာ ဗိုလ်မှတ်ဆိတ်ဖြစ်သည်။ ယနေ့ ကွင်းဆင်းအလုပ်လုပ်ကြတော့မှ သူသည် ရက္ခဗေဒသုတေသနသမားတစ်ယောက်ဖြစ်ကြောင်း၊ သစ်ပင်အတက်မြန်ရုံမက ရေကူးသန်ကြောင်း၊ သူ့အမည်ရင်းမှာ မောင်မောင်လတ်ဖြစ်ကြောင်း သိရပေသည်။ ကျန် ၂ ယောက်မှာ ဒေါက်တာတင်အုန်းနှင့်အတူ ဘူမိဗေဒသုတေသန ပြုကြသော အလွန်တက်ကြွဖျတ်လတ်သည့် ဘူမိဗေဒဆရာများဖြစ်သည်။ သူတို့အမည်များမှာ မောင်မောင်ငြိမ်းနှင့် တင့်လွင်ငြိမ်းဖြစ်ကြပေသည်။

ကျွန်တော့်မှတ်စုစာအုပ်တွင် သူတို့ ၂ ယောက်ကို ငြိမ်းနှစ်ငြိမ်းဟု မှတ်ထားခဲ့လေသည်။

ငြိမ်းနှစ်ငြိမ်းစလုံး စကားနည်းသည်။ သို့သော် နှစ်ယောက်စလုံး အလုပ်များစွာလုပ်၏။ မောင်မောင်ငြိမ်းမှာ အရပ်အမောင်းကောင်းသည်။ မျက်နှာကတော့ မှုန်တေတေဖြစ်သည်။ သို့သော် တော်တော်သဘောကောင်းဟန်ရှိ၏။ တင့်လွင်ငြိမ်းမှာ အသားဖြူဖြူနှင့် ရုပ်ချောချောဖြစ်သည်။ နှုတ်ခမ်းများမှာ နီထွေးနေ၏။ မိန်းကလေးနှုတ်ခမ်းဆိုလျှင် အလွန်အဖိုးတန်ပေလိမ့်မည်။ တစ်ယောက်မှာ လက်ထပ်ရန်စေ့စပ်ကြောင်းလမ်းပြီးခါစရှိသေး၊ ယခု ခရီးစဉ်တွင် လိုက်ခဲ့သည်။

ကျန်တစ်ယောက်မှာမူကား သားကလေးမွေးပြီး ၅ ရက်သာရသေး

mgyoe.com

mgyoe.com

သောနေ့မှာ ခရီးထွက်ခဲ့ရခြင်းဖြစ်သည်။

ဘူမိဆရာတစ်ယောက်ကား မောနေလို့လား၊ ရေကူးဝါသနာမပါလို့လားမသိ။ ရေထဲမဆင်း သစ်ပင်တစ်ပင်အောက်မှာ အိပ်နေလေသည်။ သူကား ဦးခင်မောင်စိန်ဖြစ်၏။

ကျွန်တော်တို့ ရေထဲမှ တက်ကြသောအခါ မောင်သန့်စင်နှင့် သူ့သူငယ်ချင်း မနုဿဗေဒဆရာကလေးတို့သည် တစ်နေရာမှ ပြန်လာကြသည်ကို တွေ့ရလေသည်။ ဆပ်သွားဖူး ရုံကြီးတစ်ရုံအား ပင်လယ်ကဗွီးပင်ရိပ်မှာ ထိုင်ချလိုက်ပြီး နှစ်ယောက်တည်း စကားပြောနေကြပေသည်။ ဘယ်သွားရာ၍ ဘာတွေ့ခဲ့ကြသနည်း ကျွန်တော်သိလိုလှသည်။

အဝတ်အစားလဲပြီးနောက် သူတို့ထံသွားလေသည်။

"ဘယ်သွားကြသလဲဟေ့"

မောင်သန့်စင်၏ သူငယ်ချင်းက ဖြေသည်။

"ကိုသန့်စင်က ကျွန်တော်တို့ဖြတ်ကျော်ခဲ့ကြတဲ့ အိုင်ကြီးကို လေ့လာချင်တယ်ဆိုတာနဲ့ လှည့်ပတ်ကြည့်ကြတယ်ခင်ဗျ။ ဒီအိုင်ဟာ တစ်ခါတုန်းက ရေတော်တော်နက်မယ်လို့ ကိုသန့်စင်က ယူဆတယ်"

မျက်တောင်များ လေးလေးစင်းစင်းကြီးဖြစ်အောင် တွေးတော ငေးမောနေသော မောင်သန့်စင်ကို လှုပ်နှိုးသည့်အနေနှင့် ကျွန်တော်က ...

"မောင်သန့်စင်ရဲ့ ရေနက်တော့ ဘာဖြစ်နိုင်သလဲ၊ အိုင်ဟာ အိုင်ပေါ့"

ဆတ်ခနဲ လန့်နိုးလာသော အမူအရာဖြင့် မောင်သန့်စင်က –

"နှစ်မျိုးဖြစ်နိုင်တယ် ဦးလေး၊ ရေနက်ပြီး ရေချိုအိုင်ဖြစ်ခဲ့ဖူးရင် တောင်ကအဆင်း တောစပ်နှင့်အိုင်ကြားမှာ လူနေအိမ်ခြေရပ်ရွာ တည်ထောင်ခဲ့နိုင်မယ်။ လူနေအိမ်ခြေရပ်ရွာတည်ထောင်ခဲ့ဖူးတဲ့ အထောက်အထားများ တွေ့နိုင်မယ်"

"တွေ့ကောတွေ့ခဲ့လား"

မောင်သန့်စင်က မဖြေဘဲ တွေးတော ငေးမောနေပြန်သည်။ သူ့သူငယ်ချင်းက ဝင်ဖြေလိုက်သည်။

"ဟိုဘက်ကမ်းမှာ အထောက်အထား တစ်ခုတော့ တွေ့ခဲ့တယ် ခင်ဗျ။ ကျောက်ပြားတွေထပ်ပြီး စီထားတဲ့ တံတိုင်းတစ်ခုပါ။ အပြန်ကျတော့

ဦးလေးဝင်ကြည့်ချင်ကြည့်ပေါ့။ ကျွန်တော်တို့ဖြတ်ခဲ့တဲ့ လမ်းနှင့် မဝေးပါဘူး။ သို့ပေမဲ့ တံတိုင်းကြီးက သိပ်လည်းမမြင့်ဘူး။ ရှည်လည်းမရှည်လှပါဘူး။ ကိုသန့်စင်ပြောပြောနေတဲ့ ပျောက်ဆုံးနေတဲ့ ယဉ်ကျေးမှုတစ်ခု၊ ပျောက်ဆုံးနေတဲ့ လူ့အဖွဲ့အစည်းတစ်ခု တည်နေခဲ့တဲ့နေရာ အထောက်အထား မဖြစ်နိုင်ပါဘူး။ ဖြစ်ကိုမဖြစ်နိုင်ပါဘူး"

မောင်သန့်စင်က ဖျတ်ခနဲ လန့်နိုးလာသည့် အမူအရာဖြင့် –

"အို ... ကိုခင်က မယုံကြည်တဲ့ အစွဲနဲ့ ပြောနေတာကို၊ ဒီလောက်အစရရင် ဆွဲထုတ်ရှာရဦးမှာပေါ့။ တူးတန်တူး ဖော်တန်ဖော်ရဦးမှာပေါ့"

ကိုခင် ...

"အို... ဒီတံတိုင်းလောက်တော့ ငါးသားပုစွန်ရှာထွက်တဲ့ ဆလုံလေးငါးဆယ်ယောက်လောက်ကတောင် လှေဆိုက်ရင် တည်ဆောက်နိုင်သေးတယ်"

မောင်သန့်စင်သည် စကားတစ်စုံတစ်ရာဖြင့် ကော်ပက်မည်လုပ်ပြီးနောက်မှ ချုပ်တည်းထားလိုက်ကာ တွေးတောငေးကာ နေပြန်လေသည်။ ကျွန်တော်သည် မောင်သန့်စင်ဘက်မှ ဝင်ရပ်လိုက်သည်။

"ပျောက်ဆုံးနေတဲ့ ယဉ်ကျေးမှုတစ်ခုခု၊ ပျောက်ဆုံးနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုခု ဒီကျွန်းတွေမှာ ပြန်တွေ့ရကောင်းတွေ့ရမယ်လိုလို ဦးလေးလည်းရေးခဲ့ဖူးတာပဲ။ သို့ပေမဲ့ စာရေးဆရာတွေရဲ့စိတ်ကူးယဉ်ချက်သက်သက်တွေဖြစ်ချင်ဖြစ်နေမယ်၊ သို့မဟုတ် မောင်သန့်စင်ပြောသလိုရတဲ့အစကို ဆွဲထုတ်ပြီး ရှာဖွေရင် တစ်ခုခုမှတ်လောက်သားလောက် သမိုင်းအထောက်အထား တွေ့ချင်တွေ့မယ်။ ဒါပေမဲ့ မလွယ်တဲ့အလုပ်တွေပါ တူမောင်တို့ရာ၊ မြန်မာအစ တကောင်းကဆိုတဲ့ စကားရှိပေမဲ့ ခုအထိ တကောင်းကို ပြည့်ပြည့်စုံစုံ တူးဖော်ရှာဖွေခြင်း မလုပ်ရသေးဘူး၊ ဒါကြောင့် ဒီကိစ္စဒီလောက်ပဲ ထားပါဦး။ မောင်သန့်စင်က ရေနက်တဲ့ အိုင်ဖြစ်ခဲ့ဖူးရင် နှစ်မျိုးဖြစ်နိုင်တယ်လို့ ပြောခဲ့တယ်။ ကျန်တစ်မျိုးက ဘာလဲပြောစမ်းပါဦး"

မောင်သန့်စင်သည် တွေးတောငေးမောနေကာ ဘာမျှမပြောဘဲ ရှိပြန်ချေသည်။ သူ့သူငယ်ချင်း ကိုခင်ကပင် ပြောပြပေသည်။

"ရေနက်အိုင်လည်းဖြစ်မယ် ပင်လယ်ရေငန်လဲ အဝင်အထွက်ရှိ

mgyoe.com

mgyoe.com


မယ်ဆိုရင် ရေသူမရှိနိုင်တယ်လို့ ကိုသန့်စင်က ယူဆတယ် ဦးလေး။ မိန်းမ တစ်ပိုင်း၊ ငါးတစ်ပိုင်း ရေသူမလေ။ သူက ယုံတယ်၊ ကျွန်တော်က မယုံဘူး။ မနုဿဗေဒသဘောအရ မျောက်တစ်ပိုင်း၊ လူတစ်ပိုင်းရှိတယ်ဆိုရင် အမှန် နှင့်နီးသေးရဲ့၊ နီယင်ဒါသယ်လူရဲ့ ဘိုးဘေးတွေဟာ အင်သရိုပွိုက်အိပ်ပ်ခေါ် တဲ့ မျောက်နှင့်မျိုးတူ ခြေနှစ်ချောင်းသတ္တဝါဖြစ်ခဲ့တယ်။ လူတစ်ပိုင်း ငါးတစ်ပိုင်း မိန်းမလှတစ်ပိုင်း ငါးမတစ်ပိုင်းဆိုတာကတော့ မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ထိုငြင်းချက်ကို ကြားရသောအခါ မောင်သန့်စင်သည် ဆတ်ခနဲနိုး လာသော အမူအရာမျိုးဖြင့် ...

"အို .... တော်ဗျာ ကိုခင်၊ ခင်ဗျားဟာ တစ်ယူသန် ဖွတ်ငြင်းနေ တာပဲ။ စာကြီးပေကြီးလည်း ဖတ်ဘူးတာမဟုတ်။ လူထုတွေ အစဉ်အလာ ယုံကြည်နေခဲ့တာကိုလည်း ကြားဖူးတာမဟုတ်။ မနုဿဗေဒမှာ သူ့သင်ထား သမျှလေးနှင့် အထင်ကြီးနေတာ။ ဂရိရှေးဟောင်းပုံပြင်တွေ၊ အိန္ဒိယရှေး ဟောင်းပုံပြင်တွေ၊ အာရေဗျ ရှေးဟောင်းပုံပြင်တွေ အားလုံးကိုကြည့်ပါ။ ရေသူမပုံပြင်ကို တွေ့နိုင်တယ်။ ယနေ့ထိလည်း ဘယ်နိုင်ငံမှာမဆို ပင်လယ် နှင့် ရင်းနှီးနေတဲ့ လူထုတွေကြားမှာ ရေသူမရှိကြောင်း သတင်းရော၊ တစ်ဆင့် စကားရော၊ ပုံပြင်ရော ပြောကြဆိုကြတုန်းပဲ။ ဒါ့ကြောင့် ရေသူမမရှိဘူးလို့ ဖွတ်မိုက်ငြင်းလို့ ဘယ်ဖြစ်မှာလဲ။ မိုက်မဲတဲ့လူသာ ဖွတ်မိုက်ငြင်းတာ"

ကိုခင် တစ်စုံတစ်ရာသော စကားဖြင့် ပြန်ထုတော့မည်လုပ်နေစဉ် ကျွန်တော်က ကြားဝင်ဖြန်ဖြေလိုက်တော့၏။

"ကဲကဲ ... ဖွတ်ငြင်းမနေကြပါနှင့်တော့။ ဖြည်းဖြည်းဆေးဆေး ငြင်းကြတာပေါ့။ ဟိုလူတွေ ပြန်ကြဖို့ ပြင်နေကြပြီ။ အရှေ့ဘက်ကမ်းကို ၄ နာရီလောက် ပြန်ရောက်ဖို့ ချိန်းထားတယ်"

ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်ကြလေသည်။ အိုင်၏ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ကိုခင်နှင့် မောင်သန့်စင်အငြင်းပွားနေ သော ကျောက်ပြားတံတိုင်းကို ဝင်ကြည့်သေးသည်။ ကျွန်တော်ကတော့ ကိုခင်ကို ထောက်ခံလိုပေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၁၂)

## ကံကောင်းလို့မသေ သံချောင်းတို့အဖေ

အရှေ့ဘက်ကမ်းကို ကျွန်တော်တို့ပြန်ရောက်တော့ စောင့်ကြိုမည့် မော်တော်ဘုတ်ကို မတွေ့ရသေးချေ။

ရေစစ်ချိန်ဖြစ်ရာ ကမ်းစပ်မှာ ရေမရှိ။ သို့သော် သဲသောင်ရှိသော နေရာမဟုတ်။ သင်ပုန်းကျောက်နှင့် ကျောက်စရစ်ခဲများသာရှိသည်။ သင်ပုန်းကျောက်စောင်းနည်းပြီး နိမ့်လျှောသောတစ်နေရာတွင် ကျွန်တော်သည် ပက်လက်လှဲ၍ နေလိုက်သည်။ ကျွန်တော်တို့နောက်ကျောဘက်မှာ နေရှိသည်။ ကျွန်တော်တို့ကား အရှေ့ဘက်ကို မျက်မှာမူလျက် ရှိကြ၏။ မိုးကုပ်စက်ဝိုင်းတွင် သူရိယကျွန်းကို မှုန်ပြာရီသော တောင်တန်းကလေးအဖြစ်ဖြင့် ဝိုးတဝါးမြင်ရသည်။ ပင်လယ်ရေပြင်ကား စိမ်းနုတစ်ချို့၊ စိမ်းရင့်တစ်ချို့နှင့် ကြက်ခွပ်သော လှိုင်းလုံးများကား ခေါင်းဖွေးဖွေးနှင့်။ မိုးကောင်းကင်ကား တိမ်ရိပ်တိမ်ငွေ့ မကင်းမရှင်းနှင့်။

အတန်ကြာသော်လည်း မော်တော်ဘုတ် မရောက်လာသောအခါ အငြိမ်ထိုင်စောင့်မနေချင်ကြတော့ချေ။ မွန်းမတည့်မီက ရေဖုံနေသော ကမ်းခြေမှာ ယခုမူ အထင်းသားပေါ်နေပေရာ ကွင်းဆင်းလေ့လာရေးအတွက်

mgyoe.com

mgyoe.com


အဆင်သင့် ဖြစ်နေပြန်လေသည်။ အထူးသဖြင့် လူငယ်ပိုင်းသည် လှုပ်ရှား တက်ကြွလာကြပြန်၏။ ဘူမိဗေဒသမားအချို့သည် ကျောက်ဆောင်ကျောက် တုံးများကို လျှောက်စစ်ဆေးကြည့်ရှုကြ၏။ သူတို့၏ တူသံကို ကြားရပြန် လေပြီ။ အဏ္ဏဝါသတ္တဗေဒနှင့် အဏ္ဏဝါရုက္ခဗေဒသမားတို့သည် ကျောက် ဆောင်ကျောက်ခဲများကြားမှ အကောင်ငယ်များကို လိုက်ကောက်ကြ၊ ကျောက်ဆောင်ကျောက်ခဲများကို တွယ်ကပ်ပေါက်ရောက်နေသော မှော်နှင့် ရေညှိအပင်ငယ်များကို ခွာယူကြနှင့်အလုပ်များနေကြလေသည်။ ထိုအကောင် နှင့် အပင်တို့သည် ဒီရေတက်လာလျှင် ရေထဲမှာ ပျော်ကြ၍ ဒီရေကျလျှင် ရေအပြင်မှာ ပျော်ကြသည်။

မိုလ်မုတ်ဆိတ်ခေါ် မောင်မောင်လတ်ကားကုန်းပေါ်က အပင်များ ကို သုတေသနပြုရသူဖြစ်သည်။ ကမ်းစပ်ကုန်းပေါ်တွင်ပေါက်သော အပင် များကို တစ်ယောက်တည်း လိုက်ပြီးစူးစမ်းရှာဖွေနေလေသည်။ အတန်ကြာ တော့ သူ့ကိုမမြင်ရတော့ချေ။ ရုက္ခဗေဒဒေါက်တာကျော်ထင်သည် မိုလ်မုတ် ဆိတ်အတွက် စိုးရိမ်သဖြင့် သူ့နောက်သို့ လိုက်သွားလေသည်။ အတန်ကြာ သောအခါ သူတို့ပြန်လာကြသည်။ ဘာပင်တွေ တွေ့ခဲ့သည်ဟုကား မပြော တတ်။ ကျွန်တော်တို့ကို လာကြိုသော မော်တော်ဘုတ် ပျက်နေသည်ကိုကား တွေ့ခဲ့ရလေသည်။

နေကား အတော်စောင်းသွားပေပြီ။

အတန်ကြာသော် မော်တော်ဘုတ်စက်နှိုးသံ ကြားရလေသည်။ အားလုံး ပြန်ရန်ပြင်ဆင်ကြလေ၏။

ဤမော်တော်ဘုတ်ကား ပင်လယ်အကြမ်းခရီးတွင် ဒူပေနာပေခံ သည်ဟု နာမည်ကြီးသော တန်ကေးဖြစ်၏။ သို့သော် တစ်ခုပြီးတစ်ခု ပျက်တတ်သည်။ တမြန်နေ့ညတုန်းက ငါးသုတေသီပုဂ္ဂိုလ်များ ငါးဖမ်း ထွက်မည်ဟု ပြင်ဆင်ကြသည်။ စက်နှိုးမရဖြစ်သဖြင့် မထွက်ခဲ့။ ယနေ့ နံနက် ကျွန်တော်တို့ ထွက်ခါနီးမှာ စက်ကိုအတော်နှိုးယူရသည်။ စက်နိုး သောအခါ ပွဲပျက်သဖြင့် ပြင်နေကြရသေးသည်။ ယခု ကျွန်တော်တို့ကို ကြိုဆိုရန်လာစဉ် စက်ပျက်ပြန်သေးသည်။ ယခု ပျက်သည်ကိုပြင်၍ ကျွန် တော်တို့ထံရောက်လာပါပြီ။

mgyoe.com

mgyoe.com


ထိုအချိန်တွင် ဒီရေက တက်နေပါပြီ။ ဒီရေတက်သည်ဆိုလျှင် လေကလည်း မြူးကြွလာသည်။

ညနေ ၅ နာရီကျော်ကျော်လောက်သာ ရှိမည်ထင်သည်။ သို့သော် ကျွန်တော်တို့သည် နေကိုမမြင်ရတော့ပါ။ စန္ဒာကျွန်းက ကွယ်ထားသလား၊ တိမ်တွေက ကွယ်ထားသလားပင် မပြောနိုင်ပါ။

မော်တော်ဘုတ်ပေါ်သို့ ကျွန်တော်တို့ တက်မိကြသောအခါ လေ အတော်ပြင်းလာသဖြင့် လှိုင်းအတော်ကြီးလာပါသည်။ ကျွန်တော်တို့ထဲတွင် ရေမကူးတတ်သူ အများအပြားပါသည်။ ထို့ထက် ပင်လယ်ပြင်တွင် လှေ ဆိုလျှင် မော်တော်ဘုတ်နှင့် စက်လှေကို မစီးဖူးသူတို့က အများကြီးဖြစ် သည်။ ကျွန်တော်ကတော့ စက်လှေရော မော်တော်ဘုတ်ရော၊ တင်္ဂါ သင်္ဘော ပါ စီးဖူးသူဖြစ်သည်။

လှိုင်းပေါ်တွင် တန်ကေးက ခုန်သောအခါ လူအများရင်တမမဖြစ် နေကြလေသည်။

တန်ကေးကိုကိုင်သော ရဲဘော်များကား "အောင်" သင်္ဘောမှ အတွေ့ အကြုံများ၍ ကျွမ်းကျင်သော သင်္ဘောသားများဖြစ်၏။ တက္ကသိုလ် ဆရာတွေထဲမှ အဏ္ဏဝါအတွေ့အကြုံ အများဆုံးပုဂ္ဂိုလ်မှာ သတ္တဗေဒကထိ က ဦးမိုးမြင့်ဖြစ်၏။

အတွေ့အကြုံများသော သင်္ဘောသားများ၊ ဆရာများနှင့် ကျွန်တော် တို့က အားလုံးကို လှေလှုပ်သော်လည်း မလှုပ်မရှားကြဘဲ မိမိနေရာမှာ မိမိနေကြရန် သတိပေးရ၏။

သူတို့လည်း မလှုပ်ကြပါ။ ငြိမ်ငြိမ်ငုံ့ထိုင်နေကြပါသည်။ သို့သော် လေကမငြိမ်၍ တန်ကေးက မငြိမ်ပါ။ လေကထန်၍ ထန်၍လာသည်။ လှိုင်းလုံးကြီးတွေက လိမ့်၍လိမ့်၍လာသည်။ တန်ကေးအောက် အိကနဲ ဝင်ပြီး မြောက်တက်သွားသည်။ နောက်ဖြုန်းခနဲဆင်းသွားရာ မြောက်တက် နေသော တန်ကေးသည် ရေပေါ်သို့ ဗျန်းခနဲမည်အောင် ဆင်းချလိုက်သည်။ အမလေးတသူ၊ ဘုရားတသူ မနည်းချေ။ သို့သော် ပညာရှိများဖြစ်၍ ကြိတ် ၍သာ တနေကြပါသည်။

ထိုစဉ်တစ်ခဏ၌ လှေသည် ရိုက်ခတ်လာသော လှိုင်းလုံးကြီးတစ်

mgyoe.com

mgyoe.com


လုံးရှေ့တွင် နောက်ပြန်လှည့်ပြီး လူးသွားလေသည်။

ဟာကနဲ၊ ဟယ်ကနဲ၊ ဒုက္ခပဲ။ အာမေဋိတ်သံများ၊ အမယ်လေး တသံများ၊ ဘုရားတသံများ၊ သေပါတော့မယ် အော်သံများ ညံကနဲ ထွက်ပေါ်လာလေသည်။

တန်ကေးကား မှောက်မသွားပါ။ ပက်လက်ပါပဲ။

လှိုင်းသံ လေသံနှင့်မော်တော်သံမှတစ်ပါး ဘာသံမှမကြားရ။ အားလုံးတိတ်သွားသည်။

ကျွန်တော်က မေးလိုက်သည်။

"ဘာဖြစ်တာလဲ"

ပွဲကိုင်သင်္ဘောသားက

"ပွဲပြုတ်သွားတယ်"

လုံခြုံရေးမှူး ဦးကျော်ရွှေက

"စက်ရပ် စက်ရပ်"ဟု အမိန့်ပေးလိုက်သည်။

ဦးကျော်ရွှေသည် လှေကို ဦးစီးလိုက်လေပြီ။

စက်ရပ်သွားလေသည်။

ရှေ့က သင်္ဘောသားရဲဘော်သည် ရေကို ထောက်စမ်းလိုက် သည်။ တော်သေး၏။ ရေက ၅ ပေသာသာလောက်သာရှိမည်။

သင်္ဘောသားများသည် ပြုတ်သွားသောပွဲကို ပြန်ပြင်ရန် ကြိုးစားနေကြသေးသည်။

လှိုင်းက ပိုလို့သာကြီးနေသဖြင့် လှေမှာလူးနေသည်။

လူအများသည် ရှေ့တိုးရကောင်းနိုးနိုး နောက်ဆုတ်ရကောင်းနိုးနိုး၊ အမျိုးမျိုး ပြောဆိုနေကြသည်။

တစ်စုံတစ်ယောက်က ကုန်းပေါ်ပြန်တက်ကြပါစို့ဟု ပြောလိုက်လေသည်။

ဦးကျော်ရွှေက ကမ်းကပ်ရန် အမိန့်ပေးလိုက်၏။

မော်တော်မောင်းသော ရဲဘော်သည် ယောင်ပြီးစက်နှိုးနေသေးသည်။ ဦးကျော်ရွှေက ပွဲမကောင်းဘဲ စက်နှင့်မောင်း၍မဖြစ်နိုင်ကြောင်း သတိပေးပြီး တက်ဖြင့်လှော်ရန် ပြောလေသည်။ တက်များမှာ ကျွန်တော်တို့ အောက်တွင်ရှိ

mgyoe.com

mgyoe.com


နေရာ အတော်ခက်ခဲစွာ ထုတ်ယူရသည်။ တက်ကိုထုတ်ယူရန် လူတွေက ထလိုက်၊ ထိုင်လိုက်၊ ရွေ့လိုက်၊ ပြောင်းလိုက်လုပ်လျှင် လှေ မှောက်သွားမည်ကို စိုးရိမ်ကြရသေးသည်။

တက်နှင့် တဖြည်းဖြည်းလှော်ပြီး ကမ်းကို ကပ်ကြရ၏။ လှော်ရုံဖြင့် မပြီးသေး။ ရဲဘော်များသည် ရေထဲခုန်ချပြီး လှေကိုဆွဲတင်ကြ၏။ သေနတ်ကိုင် လုံခြုံရေးရဲသားများပါ ရေစိုကုန်လေသည်။

ကျွန်တော်တို့ ကျွန်းပေါ်သို့ ပြန်တက်ကြသောအခါ လှေပေါ်တွင် ဦးကျော်ရွှေနှင့် ရဲဘော်အချို့ ကျန်ရစ်ခဲ့သည်။ မော်တော်ဘုတ်ကို ပြင်ကြဦးမည်ဆို၏။

ကျွန်းပေါ်သို့ ပြန်တက်သောအခါ ရေထဲဆင်းရသေးသဖြင့် ကျွန်တော်တို့သည် အောက်ပိုင်းတစ်ပိုင်းလုံး ရေစိုနေကြသည်။ နေဝင်ဆည်းဆာချိန်လည်း ဖြစ်သဖြင့် အေးလာသည်။ လေကလည်း တော်တော်ပြင်းပြင်းတိုက်နေသည်။ ကျွန်တော့်စိတ်ထဲမှာ မီးဖိုဖို့လိုသည်ဟုတွေးမိကာ မီးဖိုကြရအောင်ဟု ဆိုလိုက်သည်။ တစ်ပြိုင်နက်လိုလိုပင် မီးဖိုကြရအောင်ဟူသော အသံတစ်သံ ပေါ်ထွက်လာလေသည်။ ချက်ချင်းလိုလိုပင် လူတစ်ကိုယ်တာဝန်တစ်ခုစီ ယူကာ မီးဖိုကြလေသည်။

ဒီရေမရောက်နိုင်လောက်သော အထက်ပိုင်းတွင် ကျောက်တုံးကြီးတစ်တုံးက လေကွယ်ပေးနေသော သစ်ပင်ခြေရင်းတစ်နေရာရှိသည်။ ထိုနေရာတွင် မီးဖိုကြ၏။ အထက်ကမ်းပါးမှ သစ်ပင်တစ်ပင်သည် ထိုသစ်ပင်ခြေရင်းဘေးတွင် လဲကျနေပေရာ ထိုင်ခုံသဖွယ်ဖြစ်နေသည်။ ကျွန်တော်တို့သည် သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များဖြင့် မီးမွှေးကြ၏။ မီးအရှိန်ရသောအခါ သစ်တုံးကြီးကို မီးဆိုက်ကြ၏။ ထင်းရှာသူတို့ကား ပေါ်များလှသည်။ ဉာဏအလုပ်သမားကြီးများသည် တစ်မုဟုတ်ခြင်း ထင်းခွေသူများ ဖြစ်သွားသည်မှာ အံ့သြဖွယ်ရာပင်။

ခဏကြာတော့ ထင်းပုံကြီးဖြစ်သွားသည်။ သည်တွင် အကြံတစ်ခုရကြလေသည်။ သစ်ကိုင်းများ မကွယ်သော အောက်နားတစ်နေရာတွင် မီးဖိုကြီးတစ်ဖိုလုပ်ရန်ဖြစ်၏။ "အောင်"သင်္ဘောမှ ထိုမီးဖိုကိုမြင်လျှင် ကျွန်တော်တို့ ဒုက္ခရောက်နေပြီဖြစ်ကြောင်း သိသွားပေလိမ့်မည်။

mgyoe.com

mgyoe.com


ကျွန်တော်ကား အထက်မီးဖိုအနီးရှိ လဲကျနေသော သစ်ပင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ကျေနပ်နေလေသည်။ လူလည်း နွေးသွားသည်။ ဆိုက်ရောက်နေသော မှောင်ထုကို ခုခံနိုင်သဖြင့် စိတ်လည်းတက်ကြွနေသည်။ လူသားအဖို့ မီးကို အသုံးချနိုင်ရေးမည်မျှ အရေးကြီးပုံကိုလည်း တွေးမိသေးသည်။ မီးကို မြင်လျှင် ခြင်၊ ဖြုတ်နှင့် သားရဲတိရိစ္ဆာန်တို့လည်း ရှောင်ပြေးကြပေလိမ့်မည်။

အောက်မီးဖိုတွင် အလုပ်ရှားဆုံးသော ပုဂ္ဂိုလ်ကား ဒေါက်တာကျော်ထင်ဖြစ်၏။ သူသည် မီးမွေးစမှာလည်း လှုပ်ရှားသည်။ မီးတောက်လို့ အရှိန်ကောင်းသောအခါလည်း သူလှုပ်ရှားသည်။ ထင်းတုံးကြီးများကို တစ်တုံးပြီးတစ်တုံး ဆိုက်နေ၏။ မီးရောင်တွင် သူ့ခန္ဓာကိုယ်ကြီးသည် မားမားမားမားနှင့် လှုပ်ရှားနေလေသည်။

ကျွန်တော်ကား အဆိုးဝါးဆုံးသောအခြေအနေကိုတွက်ထားသည်။ သည်နေရာမှာပင် တစ်ညလုံး အိပ်နေချင်နေရမည်။ ထို့ကြောင့် ဒေါက်တာကျော်ထင်အား ...

"ဗျို့ ... ဆရာကြီး ထင်းတွေအကုန်ဆိုက်မပစ်နဲ့၊ ညကျထင်းရှာဖို့ခက်တယ်" ဟုပြောလိုက်ရာ၊ ဒေါက်တာက ...

"ဟာ ... မီးတောက်ကြီးမှ သင်္ဘောက ကျွန်တော်တို့ကို မြင်မှာ ဗျ" ဟု ပြန်ကြား၏။

ကျွန်တော်တို့နှစ်ယောက် ပြောနေသည်ကို ကြားရသော လူငယ်အချို့သည် ဘယ်အခြေအနေမှာမဆို ထင်းဖူလုံအောင် ထင်းရှာထွက်ကြပြန်၏။ မှောင်နေသဖြင့် မရှာရန် ပြောသော်လည်း မရချေ။ ကြယ်ရောင်ဖြင့်ပင် ထင်းရှာခဲ့ကြသည်။

ဦးကျော်ရွှေတို့ လူစုကား ရေပြင်ထဲ တစ်ခေါ်လောက်အကွာမှာ သာရှိနေကြသည်။ သူတို့သည် မော်တော်ဘုတ်ကို ပြင်မရကြ။ လှေတက်နှင့် ခတ်သွား၍လည်း မရကြ။ ကျွန်တော်တို့သည် သူတို့ကို ကမ်းသို့ပြန်လာကြရန် ခေါ်လေသည်။ သင်္ဘောမှ ကယ်တင်ရန်လာမည့်သူကို မီးလှုံရင်း စောင့်နေတာက အကောင်းဆုံးဖြစ်မည်။ ရဲသားနှင့် သင်္ဘောသားရဲဘော်များသည် အပင်ပန်းခံကြ၏။ ရေတွေ ရွှဲရွှဲစိုနေသော်လည်း အမှုမထားကြ။

mgyoe.com